# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ဝါဆိုလပြည့် ၊ စနေနေ့ ၊ (20-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၈၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှို့နိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမြင့်နောင်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၂၀ ရက်
အယ်ဒီတာ့အာဘော်

# ရတနာသုံးပါးစုံညီလပြည့် ဓမ္မစကြာအခါတော်နေ့

ယနေ့သည် သာသနာတော်နှစ် ၂၅၆၈ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်ပါသည်။ ဝါဆိုလပြည့်နေ့သည် သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက် ပြာဋိကာ ဆိုသည့်အတိုင်း မြတ်စွာဘုရားရှင် ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦးဓမ္မစကြာကို ဟောတော်မူခြင်း၊ ရေအစုံ မီးအစုံတန်ခိုးပြာဋိဟာများ ပြတော်မူခြင်း ဟူသည့် ဘာသာရေးမှတ်တိုင်ကြီးများစိုက်ထူခဲ့သော လထူးလမြတ်ဖြစ်ပြီး ဗုဒ္ဓသာသနာတော်ဆိုင်ရာ ထူးခြားမြင့်မြတ်သည့် အခါတော်နေ့တစ်နေ့ဖြစ်ပါသည်။

ထို့ပြင် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ဤကဲ့သို့ဝါဆိုလပြည့်နေ့တွင်ပင် ဘုရားအဖြစ် ရောက်ရှိကြောင်း ဝန်ခံတော်မူသည့်နေ့၊ တရားရတနာ စတင်ပေါ်ပေါက်ရာနေ့၊ သံဃာရတနာ စတင်ပေါ်ထွန်းသည့်နေ့ စသည့်ကောင်းမြတ်ပြည့်စုံသော အကြောင်းအရာများဖြစ်တည်ခဲ့ရာနေ့ ဖြစ်သည့်အတွက် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးစုံညီခဲ့သည့် လပြည့်နေ့ဖြစ်ရုံမျှမက သံဃာအဦးအစ ပဉ္စဝဂ္ဂီငါးပါးအား ဓမ္မစက္ကပဝတ္တနသုတ် ခေါ် ဓမ္မစကြာတရားဟောကြားတော်မူခဲ့သည့် ဓမ္မစကြာအခါတော်နေ့ဟုလည်း အစဉ်အဆက်မှတ်သားကြည်ညိုခဲ့ကြလေသည်။ ဝါဆိုလပြည့်ဖြစ်သော ရတနာသုံးပါးစုံညီသည့် ဓမ္မစကြာအခါတော်နေ့တို့၌ ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းတို့သည် ဓမ္မစကြာသုတ်တော်ကို ညီညာဖြဖြရွတ်ဆိုကုသိုလ်ယူကြလေ့ရှိသည်။

တရားဦးဖြစ်တော်မူသော ဓမ္မစကြာတရားတော်တွင် ရှေးဦးစွာ ဝဲယာအစွန်းနှစ်ပါးကိုရှောင်ကြဉ်ကြရန် ဟောကြားထားသည်။ ဝဲယာအစွန်းနှစ်ပါးဆိုသည်မှာ ကာမသုခဖြစ်သော ကာမဂုဏ်ချမ်းသာတို့ကို ခံစားပျော်ပါးခြင်း၊ အတ္တကိလမထာနုယောဂ ခေါ် မိမိကိုယ်ကို ဒုက္ခပေးလောက်အောင်ကျင့်ကြံအားထုတ်ခြင်းတို့ဖြစ်ပြီး ၎င်းအစွန်းနှစ်ပါးတို့ကိုရှောင်ကြဉ်ပြီး နိဗ္ဗာန်ချမ်းသာရရှိရေးအတွက် မဇ္ဈိမပဋိပဒါအလယ်အလတ်လမ်းစဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံအားထုတ်ကြရန် ညွှန်ပြဟောတော်မူခဲ့ခြင်းပင်ဖြစ်သည်။

ထို့ပြင် ဤဝါဆိုလပြည့် အခါသမယကစပြီး ဘုရားရှင်၏သာသနာတော်တွင်းက ရဟန်းမြတ်အပေါင်းတို့သည် ဝါတွင်းသုံးလကာလပတ်လုံး မိမိ၏ကျောင်းအာရမ်အတွင်းမှ အရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားလာခြင်းမပြုပါ ဟူသောပဋိညာဉ်ဖြင့် ဝါဆိုဝါကပ်တော်မူကြလေ့ရှိပါသည်။ ရဟန်းတော်များ ဝါတွင်းကာလတွင် ကျောင်းတော်များ၌ ငြိမ်သက်စွာတရားအားထုတ်လျက်ရှိနေချိန်အတွင်း ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကလည်း ဥပုသ်နေ့၊ လပြည့်လကွယ်နေ့တို့၌ သီတင်းသီလဆောက်တည်ကြခြင်း၊ ဘုရားကျောင်းကန်အပေါင်းသို့ သွားရောက်၍ သူတော်ကောင်းတရားများ နာယူကျင့်ကြံကြခြင်း၊ ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင်၊ ဝါဆိုသင်္ကန်း စသည့်လှူဖွယ်မျိုးစုံတို့ဖြင့် ကုသိုလ်ဒါနပြုကြခြင်းတို့ကို အလေးအမြတ်ထားပူဇော်မူပြုကြလေ့ရှိပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့အတွက် ဝါဆိုလပြည့်မှအစပြုသည့် ဝါတွင်းကာလများသည် ကောင်းမှုကုသိုလ်များဖြည့်ဆည်းကျင့်ကြံအားထုတ်ရန် လထူးလမြတ်များပင်ဖြစ်ပါသည်။ ကုသိုလ်ပြုပါက ကုသိုလ်ဓာတ်၏ အရှိန်အဟုန်ကြောင့် ချမ်းမြေ့ကြည်နူးနေရမည်လည်းဖြစ်ပါသည်။ ကောင်းသောအမှုပြုခြင်းသည် ကောင်းသောအကျိုးကိုသာ ရရှိခံစားရမည်ဖြစ်သည့်အတွက် ရခဲလှသည့် လူ့ဘဝအချိန်ကလေး၌ သံသရာဘေးကင်းဝေးစေရန်အထိပင် တရားထူးတရားမြတ်များကို ကျင့်ကြံပွားများအားထုတ်သင့်လှပါသည်။ ဤနေ့ ဤရက် ဝါဆိုလမြတ်ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်တွင်ထူးခြားမြင့်မြတ်လှသည့် ရတနာသုံးပါးစုံညီခဲ့သည့် နေ့ထူးရက်မြတ်အဖြစ် တိုက်ဆိုင်ကြုံကြိုက်နေသည်ဖြစ်ရာ ကောင်းမှုကုသိုလ်တိုးပွားရေးကို အထူးအလေးထားပြုကျင့်ကြခြင်းဖြင့် ယခုကာလမှ နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးမင်္ဂလာဝေဖြာနေမည်သာဖြစ်ပါကြောင်း မေတ္တာရှေ့ထားရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး ဇူလိုင် ၁၉**

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခင်က ပြည်တွင်းဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များကို ကုန်သည်များက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာပြီး ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိလာကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ ပဲပုပ်ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်းအဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပကနေပြီးတော့ ပြည်တွင်းက ထွက်ရှိတဲ့ပဲပုပ်ကို မှာယူမှုအနည်းငယ်လောက်ပဲရှိတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇူလိုင် ၁၈ ရက် ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လက်ရှိတွင် ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇူလိုင် ၁၉**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ငွေကျပ် သိန်း ၁၀၀၀ အောက်မြေကွက်များ အရောင်းအဝယ်ဖြစ်နေပြီး အရောင်းအဝယ်လုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့်ပြုလုပ်လာကြသော်လည်း လက်ရှိတွင် ရောင်းချလိုသူများနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဈေးကွက်အရ ပေ (၃၀×၄၀)၊ ပေ(၄၀×၄၀)၊ ပေ (၄၀×၆၀)၊ အကျယ်ရှိ ငွေကျပ်သိန်း ၁၀၀၀ အောက်မြေကွက်များကို အဓိကဝယ်ယူမှုရှိနေပြီး အရောင်းအဝယ်သမားများထက် ကိုယ်တိုင်နေထိုင်ရန် ဝယ်ယူမှုပိုများနေကြောင်း သိရသည်။

"အိမ်ခြံမြေဈေးကွက်က အခြားဈေးကွက်တွေလို အတက်အကျကြမ်းတာမျိုးတော့မရှိဘူး။ လက်ရှိကတော့ ငွေကျပ် သိန်း ၁၀၀၀ အောက်မြေကွက်တွေ အဝယ်လိုက်နေတာရှိတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့အတွင်းရှိ ငွေကျပ် သိန်း ၁၀၀၀ အောက် မြေကွက်များ ပို၍ အရောင်းအဝယ်ဖြစ်နေပြီး တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့် အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာကြသဖြင့် ပေါက်ဈေးထက် အနည်းငယ်မြင့်တက်လာကာ မြို့နယ်တိုင်းရောင်းချလိုမှုများနေဆဲဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်း၊ ချမ်းမြသာစည်မြို့နယ်အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ်သိန်း ရာဂဏန်းသာရှိသည့် မြေကွက်များကိုလည်း အမှန်တကယ်နေထိုင်မည့်သူများ ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၆၀ ကေစိုက်ပျိုးရန် လျာထားပြီး ဇွန်လကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၉၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ဆီထွက်သီးနှံမြေပဲကို ၁၆၆၀ ကေလျာထားစိုက်ပျိုးရာမှာ ဒီနေ့ထိ ၆၉၅ ကေ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ သတ်မှတ်လျာထားကေပြည့်မီအောင်စိုက်ပျိုးကြဖို့နဲ့ တစ်ကေပန်းတိုင်အထွက်နှုန်းရည်မှန်းချက်ပြည့်မီစေဖို့အတွက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံဝင်ငွေတိုးပွားရေးနှင့် ဆီစားသုံးမှုဖူလုံပို့လျှံစေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့်ဆီထွက်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ကုန်းတောင်းတောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သာစည် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကုန်းတောင်းကျေးရွာအုပ်စု ကုန်းတောင်းတောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ အဆင့်ဆင့်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကုန်းတောင်းတောင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဝဏ္ဏကျော်ထင်သီရိပျံချီ ဦးမောင်ကို - အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ (ထာဝရကုမ္ပဏီလီမိတက်)မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယက ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ဦးမိတ်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၂၃၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၂၃၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် စပါး ၃၂၇၈၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၂၃၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်အတွင်း စပါးဧက ၃၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ မျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ (၃)၊ ဧရာမင်း၊ မှော်ဘီ(၂)၊ ဒေသစပါးမျိုးများကို စိုက်ပျိုးကြပြီး မိုးစပါးများကို ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**ရေနံချောင်း ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရုံးကုန်းကျေးရွာအုပ်စု ရုံးကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရုံးကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရုံးကုန်းကျေးရွာ၌ အကျယ်လေးလက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၂၇သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် မေ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ရုံးကုန်းကျေးရွာရှိ အိမ်ခြေ ၇၅ အိမ်မှ လူ ၃၆၅ ဦးအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**နော်လူး**

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၆၅ ဧက စိုက်ပျိုးမည်

**ပုသိမ် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၆၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၆၅ ဧကကို ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၅၅၅ ဧက၊ ငပုတောမြို့နယ်တွင် ၂၃၉၇ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၈၇၈ ဧက၊ သာပေါင်းမြို့နယ်တွင် ၁၀၃၅ ဧက စုစုပေါင်း ၄၈၆၅ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခရိုင်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံ ၄၈၆၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင် မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ အခုနှစ် စားဖိုဆောင်သီးနှံကို ငပုတောမြို့နယ်မှာ အများဆုံးစိုက်ပျိုးမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်၌ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်စသည့်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် သီးနှံများအောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးကြောင့် လေလွင့်ဆုံးရှုံးမှုမရှိစေရန် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ(ဓမ္မစကြာအခါတော်နေ့)

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"ပြည့်ဝန်းသည့်ပုဏ္ဏမာသယ်၊ ကဋ္ဌရာပျံ့ပျူး၊**
**ထွတ်သုံးလူ-မိဂဒါမယ်၊ ဓမ္မစကြာဟောရာလထူး။**
**ကျွန်း-ကျွန်းနတ်သပြေပိုင်ကို၊ ရွှေငွေနိုင်စုံဦး၊**
**ရွှေဆိုင်ဆိုင်-ငုံဖူးရ၊ ဘုံဥကင့်ပလ္လင်၊**
**မြသားရည်-ရုံးကေစက်မှာ၊**
**ပုန်းရွှေညက်-ပွဲထက်တော်တင်။ ။**
**ဝါဆိုလကရကဋ်တွင်ဝယ်၊**
**နတ်ဘုရင်သူရာရာဇ်ကယ်နှင့်၊**
**ဗျူဟာစစ်ရွှေဝတိန်ပျော်၊ သဲမြိမ့်လို့နော်၊**
**ဇယဒွေး-ရိုက်ကြွေးဆော်သည်၊**
**ပဥ္စင်းတော်စာပွဲမို့လေ..."။ ။**

**ဦးကြော့ဖွဲ့-တေးထပ်**

ဝါဆိုလသည် မြန်မာ့ဆယ့်နှစ်လတွင် စတုတ္ထမြောက်လဖြစ်ပြီး ဒုတိယမိုးလဖြစ်သည်။ လယ်ယာမြေတစ်ခွင်တွင် စိမ်းမြမြစပါးပင်များက မြကမ္ဗလာကြီးခင်းထားသည့်အလား နှုလုံးသားကို အေးမြခံစားကြရသည်။ **"ဝါဆိုဝါခေါင် ရေဖောင်ဖောင်"**ဟုဆိုကြသည့်နှယ် လယ်ကွင်းများ၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများတွင်လည်း ရေဖွေးဖွေးနှင့် ဆေးရေးပန်းချီခြယ်သထားသည့်အလား ကြည်နူးခံစားကြရသည်။

မိုးရာသီ၏သဘာဝအရ ထက်အာကာတစ်ခွင် မိုးသားပြင်တွင်တော့ မည်း၊ နက်၊ ဖြူ ပြာ၊ စိမ်း၊ ဝါ၊ နီတို့က အလီလီရွေ့လျားနေကြသကဲ့သို့ မိုးနတ်မင်းအလိုကျ လျှပ်ရောင်ပြိုးပြက်တလက်လက်နှင့် မိုးစက်ပုလဲပန်းများကလည်း သဲသဲမဲမဲ ကြဲဖျန်းရွာသွန်းကြလေ့ရှိသည်။ ထို့ကြောင့် မြစ်ချောင်းကမ်းနား သဲသောင်ပြင်များတွင် ရေများက ပြည့်လျှံဖွေးလက်နေကြသည်။

ဤသဘာဝအလှကို ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက် ကောဇာနှစ် ၁၁၄၀ ပြည့်နှစ်ခန့်က **"စာဆိုတော်ကြီး ဦးယာ"** က **"ဝါဆိုလဟု၊ မိုင်ပျရီမှောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ နီမိုလ္လာနှင့်၊ စိမ်းဝါနီပြောင်၊ ရွာသွန်းဆောင်၍၊ သဲသောင်ရေသွယ်၊ ရှယ်၍မြစ်ကမ်း၊ ပြည့်တင်းကျမ်းနှင့် လွှမ်း၍မအီ...သည်ရာသီ"**ဟု စာပန်းချီ**"လူးတား"**ကို ခံစားဖွဲ့ဆိုခဲ့သည်။

**ကောင်းမှုထိုထို လဝါဆို**

**"နွေတာ၊ နှယ်တာ၊ နတ်လျောင်းဖြာ၊ ဝါဆိုတွင်သကား၊ ရာသီကရကဋ်၊ ခေါ်ပညတ်၊ ပွဲမြတ်ပဥ္စင်းထား၊ ဥတ္တရာသာဠ်(ကြယ်ပြုဗ္ဗာသာဠ်)၊ စန်းယှဉ်ပြန်၊ ပန်းမာလ် ပုန်းညက်ကား။ ။**

**အမည်မသိ ရှေးစာဆိုတစ်ဦးဖွဲ့-သံပေါက်**

ဝါဆိုလဟူသော ဝေါဟာရတွင် ပါဠိစကားလုံး **"ဝါသ"**မှ **"ဝါ"** ဖြစ်လာပြီး **"နေခြင်း"**အနက်ရသည်။ **"ဆို"**မှာ **"ရွတ်ဆိုခြင်း"**ဖြစ်သည်။ ဝါဆို၏အနက်အဓိပ္ပာယ်မှာ **"နေထိုင်ခြင်း၊ ရွတ်ဆိုခြင်း"** ဖြစ်သည်။

ဗုဒ္ဓသာသနာတော်မှ ရဟန်းသံဃာတော်များသည် ဝိနည်းတော်နှင့်အညီ ဝါဆိုလပြည့်နေ့မှ(ဝါဆိုလပြည့်ကျော် ၁ ရက်မှ) သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလပတ်လုံး တစ်ရပ်တစ်ပါးသို့ မကြွကြဘဲ တစ်ကျောင်းတစ်နေရာတည်း၌သာ သီတင်းသုံးပါမည်ဟု မြတ်စွာဘုရားရှင်ရှေ့တွင် ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ဝါကပ်ကြသည်ကိုရည်ရွယ်ပြီး **"ဝါဆိုလ"**ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ဝါဆိုလ၊ ဝါတွင်းကာလတွင် **"ဝါဝင်၊ ဝါကပ်၊ ဝါပြတ်၊ ဝါကျိုး၊ ဝါပန်၊ ဝါကျွတ်"**ဟူသော ဝေါဟာရများလည်း ပေါ်ထွက်လာခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာများ၌ ဝါဆိုလကို **"မလွယ်တာ၊ မြွယ်တာ၊ နှယ်တာ၊ နွေတာ"**ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကမ္ပည်းရေးထိုးခဲ့ကြသည်။ **"မြွယ်တာ၊ နှယ်တာ၊ နွေတာနှင့် မလွယ်တာ"**တို့မှ ရွေ့လျားလာခြင်းဖြစ်ကြောင်း၊ **"မြွယ်"**=လယ်မြေ။ **"တာ"**=တိုင်းတာခြင်း၊ အပိုင်းအခြား၊ ကူးပြောင်းခြင်း၊ လယ်မြေများကို တိုင်းတာသော အခါသမယဟု အနက်ရသည်။ ထို့ပြင် **"နွေ"**= နွေရာသီ။ **"တာ"**(အတိတ)=လွန်လေပြီးသောလ။ **"နွေတာလ"**(နွယ်တာလ)မှာ နွေရာသီမှ လွန်ခဲ့ပြီးသော မိုးအခါကာလ၊ နွေမှမိုးသို့ ကူးပြောင်းသောလဟုလည်း ဆိုကြသည်။

**ဝါဆိုလပန်းမြတ်မာလာ**

**"ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက၊ သင်းလှုတယ်လေး"**ဟု **"မဟာအတုလမင်းကြီး"**က လွမ်းချင်းဖွဲ့ခဲ့သလို **"စာဆိုဦးပုည"**ကလည်း **"ရဝေကြော့ဘုံလယ်မှာ၊ ယဉ်စံပယ်ပင်ကိုထွားငယ်တို့၊ မြိတ်ဖားလျားဆံကေသာ၊ ရုံးတင်တင်လို့သာ၊ ပုန်းညက်ပွင့်မာလာငယ်၊ ဆင်တော်ရာပန်းပေရှင့်လေး"**ဟု တေးထပ်စပ်ဆိုခဲ့ကြသည်။ ထို့ပြင် စာဆိုအသီးသီးကလည်း **"တောတောင်မှောင်နက်၊ နတ်လျောင်းရက်မှာ၊ ပုန်းညက်မာလာ၊ ငုံပိုင်းကာနှင့်"**ဟုတစ်မျိုး၊ **"ပုန်းညက်ညွန့်. ငွေရိုင်ငယ်လေယိုင်ရာတိမ်းတဲ့ရတု"**ဟု တစ်သွယ် စာပန်းချီခြယ်သခဲ့ကြသည်။ ထို့ကြောင့် **"ပုန်းညက်ပန်း"**သည် ဝါဆိုလ၏ ပန်းမြတ်မာလာဖြစ်သည်။ ဝါဆိုလပြည့်ဝန်းကျင်တွင် ကုသိုလ်ထူးရည်စူးလှူဒါန်းကြသော အခြားပန်းမျိုးစုံကိုကား **"ဝါဆိုပန်း"**ဟု ခေါ်ဆိုခဲ့ကြသည်။ ဝါဆိုလပြည့်နေ့နှင့် အထူးသဖြင့် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တိုင်းတွင်

❖ ဝါဆိုလကို မင်္ဂလာရှိ၊ မြင့်မြတ်သောလဟု မှတ်ယူခဲ့ကြခြင်းမှာ ဝါဆိုလပြည့်နေ့တွင် ၁။ မြတ်စွာဘုရားဂေါတမအလောင်းတော်သည် မယ်တော်မာယာဒေဝီ၏ဝမ်းကြာတိုက်၌ သန္ဓေယူတော်မူသည်။ ၂။ သိဒ္ဓတ္ထမင်းသားဘဝတွင် နိမိတ်ကြီးလေးပါးကိုမြင်တော်မူပြီး သံဝေဂရသွားကာ ရွှေနန်းစည်းစိမ်ကိုစွန့်ခွာ၍ တောထွက်တော်မူသည်။ ၃။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး တရားဦးဒေသနာမြတ်ဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ်(ဓမ္မစကြာ) တရားတော်ကိုဟောကြားတော်မူသည်။ ၄။ တုဖက်၍ယှဉ်ပြိုင်လာကြသော တိတ္ထိတက္ကတွန်းများကို နှိမ်နင်းရန်အတွက် ရေ၊ မီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူသည်။ ❖

တောတောင်များ၊ မြိုင်တန်းများနှင့် နီးကပ်ထိစပ်နေကြသော မြို့ရွာများရှိ ပျို၊ ရွယ်၊ ကြီး၊ ငယ်များသည် စုစည်းပျော်ရွှင်စွာ ဝါဆိုပန်းခူးထွက်လေ့ရှိကြသည်။ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ဖြစ်သည်။

**ဝါဆိုလမြတ်မင်္ဂလာ**

**"ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေးကြော်လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည်ရွှမ်းတယ်ကို"**

**လယ်တီဆရာတော်ကြီး**

ဝါဆိုလကို မင်္ဂလာရှိ၊ မြင့်မြတ်သောလဟု မှတ်ယူခဲ့ကြခြင်းမှာ ဝါဆိုလပြည့်နေ့တွင်-

၁။ မြတ်စွာဘုရားဂေါတမအလောင်းတော်သည် မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ **သန္ဓေ**ယူတော်မူသည်။

၂။ သိဒ္ဓတ္ထမင်းသားဘဝတွင် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး သံဝေဂရသွားကာ ရွှေနန်းစည်းစိမ်ကိုစွန့်ခွာ၍ **တောထွက်**တော်မူသည်။

၃။ ဘုရားအဖြစ်သို့ရောက်တော်မူပြီး တရားဦးဒေသနာမြတ်ဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် **(ဓမ္မစကြာ)** တရားတော်ကိုဟောကြားတော်မူသည်။

၄။ တုဖက်၍ယှဉ်ပြိုင်လာကြသော တိတ္ထိတက္ကတွန်းများကို နှိမ်နင်းရန်အတွက် ရေ၊ မီးအစုံ တန်ခိုး**ပြာဋိဟာ** ပြတော်မူသည်။

စသည့် ထူးခြားချက်များဖြစ်ပေါ်ခဲ့သောကြောင့် **"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ"** ဟူသော ဂုဏ်ထူးမြတ်ကိုသတ်မှတ်ထားခြင်းဖြစ်သည်။

**ဓမ္မစကြာအခါတော်နေ့**

**"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက်သံချို၊ လဝါဆို"**မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဂေါတမဘုရားရှင်အဖြစ် ရောက်တော်မူခဲ့သဖြင့် ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ်ပူဇော်ခဲ့ကြသည်။

ထိုသို့ ဘုရားရှင်ဖြစ်တော်မူလာပြီး ဗောဓိမဏ္ဍိုင်အနီးတွင် ပလ္လင်္ကသတ္တာဟ အစရှိသောအရပ်တို့၌ ခုနစ်ရက် ခုနစ်ဌာန သီတင်းသုံးတော်မူပြီးနောက် နောက်ဆုံးသတ္တာဟ (လင်းလွန်းပင်)မှ အထွက် ၄၉ ရက်မြောက်သောနေ့တွင် အလွန်နက်နဲလှသော တရားတော်၏သဘောကို သိမြင်တော်မူလာခဲ့သည်။ သို့သော် ထိုတရားတော်သည် ရာဂ၊ မောဟထူပြောလှသော ပုထုဇဉ်သတ္တဝါများအတွက် နားလည်သဘောပေါက်ရန်ခက်ခဲလွန်းသည်ကို မြတ်ဗုဒ္ဓကသိမြင်နေခဲ့သည်။ ထို့ကြောင့် **"သဟမ္ပတိဗြဟ္မာ"**က တရားဦးဟောကြားပေးပါရန် မြတ်ဗုဒ္ဓအား ပန်ကြားလျှောက်ထားခဲ့လေသည်။

မြတ်စွာဘုရားသည် "အဘယ်သူအား ဟောကြားအံ့နည်း"ဟု ဆင်ခြင်တော်မူရာ **"အာဠာရ ရသေ့နှင့် ဥဒကရသေ့"**တို့ကိုမြင်တော်မူခဲ့သည်။ သို့သော် ထိုပုဂ္ဂိုလ်များကား စုတေ၍ အရူပဘုံသို့ ရောက်သွားကြောင်း သိတော်မူသောကြောင့် ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ခဲ့စဉ်က လုပ်ကျွေးခဲ့ဖူးကြသည့် **"ကောဏ္ဍညာ၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနမ်၊ အဿဇိ"** စသည့် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားတော်မူရန် ဆင်ခြင်တော်မူခဲ့သည်။

မြတ်ဗုဒ္ဓသည် ကာသိတိုင်း ဗာရာဏသီပြည်၏ မြောက်ဘက် ၁၈ ယူဇနာကွာဝေးရာ(ယခု အိန္ဒိယနိုင်ငံ ဥတ္တရပရာဒက်ရှ်ပြည်နယ် ဆာရာနတ်သ်ဒေသ) ရှေးအခါခေတ်ဟောင်း ရသေ့သူမြတ်အပေါင်းသက်ဆင်းရာနှင့် သမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တောကြီးတွင် သုံးဆယ့်ငါးနှစ်တိုင်တိုင် ဒုက္ခအမျိုးမျိုးနှင့်ရင်ဆိုင်ရကာ ဘုရားအဖြစ်နှင့် တရားအစစ်ကို နာကြားရန် စောင့်ကြိုနေကြသော ပဉ္စဝဂ္ဂီငါးပါးထံသို့ ကြွချီတော်မူပြီးနောက် ပါဠိကဗျာ၊ ဂါထာမဖက်ဘဲ ပါဠိစကားပြေ-စုဏ္ဏိယသက်သက်သော ဗျာကရိုဏ်းအပိုဒ်ပေါင်း ၃၀ ပါရှိသည့် ဓမ္မစကြာဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့သည်။

**"ဓမ္မ"** = သစ္စာလေးပါးအမှန်တရား၊ **"စက္က"**=အမှန်တရားအဖန်ဖန်အထပ်ထပ်လှည့်တတ်သော၊ **"ပဝတ္တန"**= ဖြစ်ခြင်း။ ဓမ္မစက္ကပဝတ္တန (ဓမ္မစကြာ) ဆိုသည်မှာ သစ္စာလေးပါးအမှန်တရားကို စက်ကဲ့သို့ အဖန်ဖန်အထပ်ထပ်ဟောတော်မူသော တရားတော်ဟု အဓိပ္ပာယ်ရသည်။

ဓမ္မစကြာတရားတော်၏ အနှစ်ချုပ်မှာ **"သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး"**ဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးမှာ-

၁။ သမ္မာဒိဋ္ဌိ **(ကောင်းစွာမြင်ခြင်း)**
၂။ သမ္မာသင်္ကပ္ပ **(ကောင်းစွာကြံခြင်း)**
၃။ သမ္မာဝါစာ **(ကောင်းစွာဆိုခြင်း)**
၄။ သမ္မာကမ္မန္တော **(ကောင်းစွာပြုခြင်း)**
၅။ သမ္မာအာဇီဝေါ **(ကောင်းစွာအသက်မွေးခြင်း)**
၆။ သမ္မာဝါယာမော **(ကောင်းစွာအားထုတ်ခြင်း)**
၇။ သမ္မာသတိ **(ကောင်းစွာအောက်မေ့ခြင်း)**
၈။ သမ္မာသမာဓိ **(ကောင်းစွာတည်ကြည်ခြင်း)**

ဟူ၍ဖြစ်သည်။

**"ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ဤရှစ်မည်"**ဟူသည်မှာ အမှားတရား(အစွန်းတရား)နှစ်ပါးနှင့်လွတ်ကင်းသော အလယ်အလတ်ကျင့်စဉ်အမှန်တရားဖြစ်သည်။

ထိုကျင့်စဉ်ကို ပွားများကျင့်ကြံခြင်းဖြင့် (၁)**"ဒုက္ခသစ္စာ"**(ဆင်းရဲခြင်းအဖုံဖုံကို သိမြင်လာနိုင်သည်)(သိ)၊ (၂) **"သမုဒယသစ္စာ"**(ဒုက္ခဖြစ်သောအကြောင်းများကို ပယ်ဖျောက်လာနိုင်သည်) (ပယ်)၊ (၃) **"နိရောဓသစ္စာ"**(ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်ကို ဆိုက်ရောက်နိုင်သည်)(ဆိုက်)၊ (၄) **"မဂ္ဂသစ္စာ"**(ဒုက္ခချုပ်ငြိမ်းကြောင်း မဂ္ဂင်ရှစ်ပါးပွားများနိုင်သည်) (ပွား)၊ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးသည် (သိ၊ ပယ်၊ ဆိုက်၊ ပွား) သစ္စာလေးပါးကို မြင်နိုင်စွမ်းရှိပြီး (ဝဋ်ဆင်းရဲမှ လွတ်ကင်းစေသော ပိဋကသုံးပုံ၏အနှစ်ချုပ်) နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားအဖြစ်နှင့် ပထမဦးစွာဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်ကို စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း တစ်ရာ့ရှစ်ကုဋေနှင့် ပဉ္စဝဂ္ဂီငါးပါး စုစုပေါင်း တစ်ရာ့ရှစ်ကုဋေနှင့်ငါးပါးရှိသည်။ ဓမ္မစကြာတရားတော်ကို နာယူပြီးနောက် ပဉ္စဝဂ္ဂီငါးပါးအနက် ဝါဆိုလပြည့်နေ့တွင် **"အရှင်ကောဏ္ဍည"**၊ ဝါဆိုလပြည့်ကျော် ၁ ရက်တွင် **"အရှင်ဝပ္ပ"**၊ ဝါဆိုလပြည့်ကျော် ၂ ရက်တွင် **"အရှင်ဘဒ္ဒိယ"**၊ ဝါဆိုလပြည့်ကျော် ၃ ရက်တွင် **"အရှင်မဟာနာမ်"**၊ ဝါဆိုလပြည့်ကျော် ၄ ရက်တွင် **"အရှင်အဿဇိ"**တို့သည် **"သောတာပန်"**တည်တော်မူကြသည်။

မြတ်ဗုဒ္ဓသည် ဝါဆိုလပြည့်ကျော် ၅ ရက်တွင် သောတာပန်တည်သွားကြသော ပဉ္စဝဂ္ဂီငါးပါးအား **"အနတ္တလက္ခဏသုတ်"**ဒေသနာတော်ကို ဆက်လက်ဟောကြားတော်မူခဲ့ရာ ပဉ္စဝဂ္ဂီငါးပါးတို့သည် အသီးသီးအာသဝေါကုန်ခန်း၍ **"ရဟန္တာကြီးများ"** ဖြစ်ကုန်ကြလေသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓက တရားဦးဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူခဲ့သောနေ့ဖြစ်သဖြင့် **"ဓမ္မနေ့"**ဟုလည်းကောင်း၊ ထိုနေ့၌ပင် **"အရှင်ကောဏ္ဍည"**က အစပြု၍ ပဉ္စဝဂ္ဂီငါးပါးစလုံး ဧဟိဘိက္ခုရဟန်းများဖြစ်လာကြသဖြင့် **"သံဃာတော်နေ့"**ဟုလည်းကောင်း ဂုဏ်ပြုပူဇော်သတ်မှတ်ခဲ့ကြသည်။ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့သော ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ်ထားရာ **"ဗုဒ္ဓနေ့၊ ဓမ္မနေ့၊ သံဃာတော်နေ့"** ရတနာသုံးပါးနေ့ဖြစ်ပေါ်သွားခဲ့သည်။

**ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်**

ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်ရှိရာ-

၁။ ဂေါတမဘုရားလောင်း သန္ဓေယူတော်မူသောနေ့ဖြစ်ခြင်း။
၂။ ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်ခြင်း။
၃။ ဂေါတမမြတ်စွာဘုရား၊ ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသောနေ့ဖြစ်ခြင်း။
၄။ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကိုပြတော်မူသောနေ့ဖြစ်ခြင်း။
၅။ ဘုရားအဖြစ်ကို ဝန်ခံသောနေ့ဖြစ်ခြင်း။
၆။ တရားရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၇၅၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်




**ကျွန်းလှ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၇၅၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၇၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးစပါးဧက ၃၄၀၀၀ ကျော်စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးချိန်မှာ အထွက်ကောင်းမျိုးတွေစိုက်ပျိုးဖို့၊ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိစိုက်ပျိုးသွားမည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းဆင်းသုခ၊ မနောသုခ၊ ရွှေသွယ်ရင်၊ ရောမင်း စပါးမျိုးများ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထားသော မိုးစပါးများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

၇။ သံဃာရတနာ စတင်ပေါ်ပေါက်သော နေ့ဖြစ်ခြင်း။
၈။ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသော နေ့ဖြစ်ခြင်း။
၉။ မြတ်ဗုဒ္ဓ၏ **"ဓေဟိဘိက္ခု"** ဟူသောစကားကို စတင်ကြားရသော နေ့ဖြစ်ခြင်းဟူ၍ သတ်မှတ်ဂုဏ်ပြုပူဇော်ထားကြသည်။

ထိုသို့သော ဂုဏ်ထူးဝိသေသများကြောင့် ဝါဆိုလပြည့်နေ့တိုင်းတွင် ဗုဒ္ဓဘာသာဝင်တိုင်းသည် ကျောင်းကန်ဘုရားများသို့သွားရောက်ကြကာ ဝါဆိုပန်းများ၊ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်နာယူကြလေ့ရှိသည်။ ဤသည်မှာ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဆင်ယင်ကျင်းပခြင်းပင်ဖြစ်သည်။ မြို့ရွာရပ်ကွက်များတွင်လည်း **"ဓမ္မစကြာအသင်းများ"**ဖွဲ့စည်းကြကာ ဝါဆိုလပြည့်နေ့အပါအဝင် ဘာသာရေးအထိမ်းအမှတ်ပွဲများတွင် ဓမ္မစကြာဒေသနာတော်ကို ရွတ်ဆိုပူဇော်ကြလေ့ရှိသည်။

**ပဥ္စင်းခံပွဲတော်**

**"ညာတောင်နတ်နှင့် ဖိုလ်မြတ်ကယ်နိဗ္ဗူ၊**
**အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းတော်ခံသောအခါ"**

**မဟာအတုလမင်းကြီးဖွဲ့-လွမ်းချင်း**

**"မြတ်သည့်သိမ်သို့၊ ငြိမ်ဆိမ်လည်းဝင်၊**
**သိက္ခာတင်သည်၊ သဘင်ထွေတဆန်းတည့်လေ"**

**ဦးအောင်ကြီးဖွဲ့-လူးတား**

**"ရွှေသာနာပြည်၊ မြတ်ပဥ္စင်းရှင်တော်ပြုမှုငယ်နှင့်၊ နန်းဗိုလ်ရှစ်ရိုန်၊**
**ဓါဝါဆိုသံထူးလို. . ."**

**တိုင်းတာမြို့သူကြီးဦးဖက်-တေးထပ်**

နယုန်လတွင် စာပြန်ပွဲများကျင်းပခဲ့ကြပြီး စာတော်သော ပုဂ္ဂိုလ်များ၊ သာမဏေများကို မင်း၊ မိဖုရားများက ရွေးချယ်ကြကာ ပဥ္စင်းခံအင်္ဂါနှင့် ပြည့်စုံသူများကို ဝါဆိုလတွင် ပဥ္စင်းခံပွဲကြီးများကျင်းပခဲ့ကြသည်။ ရှေးနန်းရှင်များက ကျင်းပခဲ့ကြသကဲ့သို့ ပြည်သူများ၊ အလှူရှင်များကလည်း ပဥ္စင်းဒါယကာ၊ ဒါယိကာမများခံယူကြကာ ပဥ္စင်းတော်ခံအလှူသဘင်များကျင်းပခဲ့ကြသည်။ ပုဂံခေတ်က စတင်ခဲ့သော ပဥ္စင်းခံပွဲတော်များသည် ထေရဝါဒ ဗုဒ္ဓသာသနာတည်နေသော နိုင်ငံနှင့်မြို့ရွာတိုင်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု တစ်ရပ်အဖြစ် စဉ်ဆက်မပြတ်ဆင်ယင်ကျင်းပနေကြသည်။

ထူးခြားမွန်မြတ်လှသည့် ဂုဏ်ထူးဝိသေသများနှင့် ပြည့်ဝနေသည့် လမြတ်ဝါဆို၏ရာသီအမည်က **"ကရကဋ်"**၊ စန်းပြည့်နက္ခတ်က **"ပြုဗ္ဗာသာဠ်"**၊ ယှဉ်တာရာက **"ဈိုင်းတာရာ"**၊ ရာသီရုပ်က **"ပုစွန်လုံး"**၊ ရာသီပန်းက **"ပုန်းညက်ပန်း"**၊ ရာသီပွဲက **"ပဥ္စင်းခံပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ"**၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **"ကနစိုပင်၊ ကဝေရက္ခပင်"**၊ ရက်ရာဇာက **"တနင်္ဂနွေ၊ ဗုဒ္ဓဟူး"**၊ ပြဿဒါးက **"အင်္ဂါ၊ ရာဟု"**စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

အချုပ်ဆိုရလျှင် ဝါဆိုလမြတ်တွင် အားရအားကျကြည်ညိုဖွယ်ရာ၊ မြတ်နိုးပူဇော်ထိုက်ရာ၊ လှူဒါန်းမှုအစုစု ကုသိုလ်ထူးများပွားများရာ ဓမ္မနေ့နှင့် သံဃာတော်နေ့ပေါ်လာပုံနှင့် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ကို ဖော်ညွှန်းရာဓမ္မစကြာဒေသနာတော်ဟောကြားခဲ့ပုံ၊ ဓမ္မစကြာအသင်းများ ရွတ်ဆိုပူဇော်ကြပုံများ၊ ပဥ္စင်းခံပွဲတော်ကျင်းပကြပုံများ၊ စုစည်းပျော်ရွှင်စွာဝါဆိုပန်းခူးကြပုံများ စသည်ဖြင့် ဗုဒ္ဓသာသနာတော်အတွက် ဂုဏ်တက်၊ ဂုဏ်တင့်၊ ဂုဏ်မြင့်သည့် ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံနေလေရာ မြန်မာ့ဆယ့်နှစ်လရာသီ၏ထူးမြတ်လှသော ဗုဒ္ဓဂုဏ်ရည်ပင်ဖြစ်ပါတော့သည်။

**ကိုးကား**

- **ဦးဩဘာသ၏ ဗုဒ္ဓယဉ်ကျေးမှုလာ ထုံးတမ်းစဉ်ဓလေ့အခါတော်နေ့များ**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**
- **ဝိသဇ္ဇက(ပဲခူး)၏ မြန်မာ့ဆယ့်နှစ်လရာသီဘွဲ့**

# ဝါဆိုလပြည့် ချမ်းမြေ့ချိန်ခါ မင်္ဂလာ

- ပုန်းညက်မာလာ ရနံ့ဖြာ၍
ထိန်ဝါရောင်ရွှန်း လပြည့်ဝန်းနှင့်
ပြိုင်ထွန်းချိန်တန် ပြုဗ္ဗာသဠ်တို့
ယုဂန်ဖျားတွင် နှစ်ပါးယှဉ်ရာ
လပြည့်ဝါဆို သည်ချိန်ခါ။

- မယ်တော်မာယာ ဝမ်းရွှေကြာဝယ်
လောင်းလျာဗုဒ္ဓ ခိုကာခ၍
ချမ်းမြကြည်ဖြူ သန္ဓေယူရာ
သည်လဝါဆို လပြည့်ခါ။

- လောင်းလျာဗုဒ္ဓ သိဒ္ဓတ္ထသည်
လောကအတွက် ခံယူချက်ဖြင့်
နန်းရပ်ကိုခွာ ရဂုံသာဝယ်
လှုံကာချမ်းမြေ့ တရားမွေ့ရာ
သည်နေ့လပြည့် ဝါဆိုခါ။

- ဓမ္မစကြာ မြတ်ဓမ္မာကို
မြတ်စွာဗုဒ္ဓ ဟောညွှန်ပြရာ
သည်လဝါဆို လပြည့်ခါ။

- သန္ဓေတောထွက် ဓမ္မစကြာ
သုံးချက်ညီမျှ ဝါဆိုလ၏
ပြည့်ဝစန္ဒာ ရက်မြတ်ခါဝယ်
မြန်မာတို့ပြည် ကုသိုလ်ရည်၍
တူညီပေါင်းစု မြတ်ကောင်းမှုကို
ပြုကြချိန်ခါ ငြိမ်းချမ်းသာသည်
ဝါဆိုလပြည့်
ချမ်းမြေ့ချိန်ခါ မင်္ဂလာ။

**မောင်လေပြေ(တောင်တွင်း)**

# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်းဘွဲ့ ဇူလိုင် ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုင်းပြကျေးရွာအုပ်စု ဒိုင်းပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြနန္ဒာထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့်ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများကိုအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာမှရွေးချယ်ထားသောဦးစားပေးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လှ**

# နိုင်ငံတကာ သတင်းများ

## ဘင်္ဂလားဒေ့ရှ် ဆန္ဒပြကျောင်းသားများက အစိုးရရုပ်သံဌာနကို မီးရှို့ဖျက်ဆီး

**ဒါကာ ဇူလိုင် ၁၉**

အစိုးရအလုပ်အကိုင် ခွဲတမ်းသတ်မှတ်ချက်ကို ဆန္ဒပြနေသည့် ဘင်္ဂလားဒေ့ရှ် ကျောင်းသားများသည် ဇူလိုင် ၁၈ ရက်က ဒါကာမြို့ရှိ နိုင်ငံပိုင် အသံလွှင့်ဌာနကို မီးရှို့ခဲ့ကြကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖြစ်ပွားနေသည့် အစိုးရအလုပ်အကိုင်ခွဲတမ်းသတ်မှတ်မှု ဆန္ဒပြပွဲများမှာ ပို၍ပြင်းထန်လာလျက်ရှိရာ ဆန္ဒပြပွဲများအတွင်း ပဋိပက္ခများဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက်မှာလည်း အနည်းဆုံး ၃၂ ဦးထိ ရှိလာပြီဖြစ်သည်။

ဇူလိုင် ၁၈ ရက်တွင် ဒါကာမြို့ရှိ ဘင်္ဂလားဒေ့ရှ်ရုပ်သံဌာန (ဘီတီဗွီ) ရုံးချုပ်၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသမားများအကြား ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ အဆိုအရ ဆန္ဒပြကျောင်းသားများသည် ဘီတီဗွီ၏ ညှိကြိုဆောင်နှင့် ရုံးချုပ်ပြင်ပ၌ ရပ်ထားသည့် မော်တော်ယာဉ် အများအပြားကိုလည်း မီးရှို့ခဲ့ကြောင်း သိရသည်။

ဆန္ဒပြပွဲများ ပြင်းထန်နေစဉ် ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း၌ အင်တာနက်လိုင်းများလည်း ပြတ်တောက်နေကြောင်း ဘင်္ဂလားဒေ့ရှ် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ အလုပ်အကိုင်ခွဲတမ်း သတ်မှတ်ပုံသည် လက်ရှိအာဏာရ အဝါမီလိဂ်ပါတီကို ထောက်ခံသူများသာ အကျိုးရှိကြောင်း ဆန္ဒပြကျောင်းသားများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အိန္ဒိယ၌ ရထားတစ်စီးလမ်းချော်မှုဖြစ်ပွား လူနှစ်ဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာများရရှိ

**ဒေလီ ဇူလိုင် ၁၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ ဇူလိုင် ၁၈ ရက်က ခရီးသည်တင်ရထားတစ်စီး လမ်းချော်ခဲ့ရာ လူနှစ်ဦးသေဆုံး၍ ၃၅ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းချော်မှုသည် ဂွန်ဒါခရိုင် အယုဒ္ဓယမြို့အနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

လမ်းချော်မှုဖြစ်စဉ်အတွင်း လူစီးတွဲ ၂၂ တွဲအနက် အနည်းဆုံး လေးတွဲ တိမ်းမှောက်ခဲ့ကြောင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

တိမ်းမှောက်ခဲ့သော ရထားတွဲများတွင် ပိတ်မိနေသူ ခရီးသည်တစ်ဦးမျှမရှိကြောင်း အိန္ဒိယရှာဖွေကယ်ဆယ်ရေးသမားများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ မီးရထားလမ်းကွန်ရက်သည် ပြည်သူများအဓိကထား သုံးစွဲနေရသည့် စနစ်ဖြစ်သော်လည်း စနစ်မှာအိုမင်းဟောင်းနွမ်းနေမှုကြောင့် ရထားမတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

၂၀၁၇ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားကာလအတွင်း ရထားတိုက်မှု၊ ရထားလမ်းချော်မှုနှင့် အခြားမတော်တဆမှုများကြောင့် လူဦးရေ ၂၀၀၀၀ သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခွင့် အစ္စရေးလွှတ်တော်အမတ်များ မဲခွဲကန့်ကွက်



**ဂျေရုဆလင် ဇူလိုင် ၁၉**

ပါလက်စတိုင်း ဒေသ လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခွင့်ကို အစ္စရေးလွှတ်တော်အမတ်များက ဇူလိုင် ၁၈ ရက်တွင် မဲခွဲကန့်ကွက်ခဲ့ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် လာမည့်သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ မသွားရောက်မီ ပါလက်စတိုင်းကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခွင့်ကို အစ္စရေးလွှတ်တော်အမတ်များက မဲခွဲကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။

အစ္စရေးလွှတ်တော်၌ အဆိုပါ မဲခွဲမှုကို ပါလက်စတိုင်းခေါင်းဆောင်များနှင့် နိုင်ငံတကာအသိုက်အဝန်းက ဝေဖန်ရှုတ်ချထားသည်။

အဆိုပါ မဲခွဲပွဲတွင် အစ္စရေးလွှတ်တော်အမတ် ၆၈ ဦးတို့က ပါလက်စတိုင်း၏ လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်ခွင့်ကို ကန့်ကွက်မဲပေးခဲ့ကြကြောင်း သိရသည်။

၁၉၆၇ ခုနှစ် ခြောက်ရက်ကြာ စစ်ပွဲကာလအတွင်း အစ္စရေးနိုင်ငံ သိမ်းပိုက်ခဲ့သည့် ဒေသများ၌ လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံ တည်ဆောက်နိုင်ရေးသည် နိုင်ငံတကာအသိုက်အဝန်း၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လမ်းစဉ် အဓိကလိုအပ်ချက်ဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် လာမည့် ဇူလိုင် ၂၄ ရက်တွင် အမေရိကန်နိုင်ငံသို့ သွားရောက်၍ ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေး၌ လက်ရှိဖြစ်ပွားနေသည့် ဂါဇာစစ်ပွဲနှင့်ပတ်သက်၍ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## နိုင်ငံတကာ၌ ကွန်ပျူတာစနစ်များဖောက်ပြန်မှုကြောင့် လေကြောင်းခရီးစဉ်များနှင့် ဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ရ

**နယူးယောက် ဇူလိုင် ၁၉**

ယနေ့တွင် နိုင်ငံတကာကွန်ပျူတာစနစ်များ ဖောက်ပြန်ခဲ့ရာ အမေရိကန်နိုင်ငံ လေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှုများ ရပ်ထားခဲ့ရကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာကွန်ပျူတာစနစ်များ ဖောက်ပြန်မှုကြောင့် ဗြိတိန်၌ ရုပ်သံထုတ်လွှင့်မှုများ ပြတ်တောက်ခဲ့ရသကဲ့သို့ ဩစတြေးလျ နိုင်ငံတွင်လည်း ဆက်သွယ်ရေး လုပ်ငန်းများ ပြတ်တောက်ခဲ့ရသည်။



ကွန်ပျူတာစနစ်များ ဖောက်ပြန်မှုနှင့်အတူ ပေါ်ထွက်လာသော ဆက်သွယ်ရေးပြဿနာများကြောင့် ဒယ်လ်တာ၊ ယူနိုက်တက်နှင့် အမေရိကန်လေကြောင်းလိုင်းများ အပါအဝင် လေကြောင်းလိုင်း အများအပြားမှာ လေယာဉ်များ ရပ်နားခဲ့ရသည်။

နိုင်ငံတကာကွန်ပျူတာစနစ်များ ဖောက်ပြန်မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများမှာလည်း ယနေ့တွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

စပိန်နိုင်ငံတွင် ကွန်ပျူတာစနစ် ဖောက်ပြန်မှုကြောင့် လေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှုအားလုံး ရပ်တန့်ထားခဲ့ရသည်။

နယူးဇီလန်နိုင်ငံ တွင်လည်း ဘဏ်များနှင့် လွှတ်တော်တို့ရှိ ကွန်ပျူတာစနစ်များ၌ ပြဿနာများရှိခဲ့ကြောင်း နယူးဇီလန် မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## စင်ကာပူနိုင်ငံအနီး ရေနံတင်သင်္ဘောနှစ်စီး မီးလောင်မှုဖြစ်ပွား ရေယာဉ်ဝန်ထမ်းအားလုံးကို ကယ်တင်နိုင်ခဲ့

**စင်ကာပူ ဇူလိုင် ၁၉**

စင်ကာပူနိုင်ငံအနီး မီးလောင်ကျွမ်းနေသော ရေနံတင်သင်္ဘောနှစ်စီးပေါ်မှ ရေယာဉ်ဝန်ထမ်းအားလုံးကို စင်ကာပူရှာဖွေကယ်ဆယ်ရေးသမားများက ယနေ့တွင် ကယ်တင်နိုင်ခဲ့သည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် ရေနံတင်သင်္ဘော နှစ်စီးအနက် တစ်စီးမှာ စင်ကာပူမှတ်ပုံတင် ဟက်ဖ်နီယာနိုင်းလ်အမည်ရှိ ရေနံတင်သင်္ဘောဖြစ်ပြီး ကျန်တစ်စီးမှာ စီးရက်စ်-၁ အမည်ရှိ ရေနံတင်သင်္ဘောဖြစ်သည်။

အဆိုပါ ရေနံတင်သင်္ဘောနှစ်စီးမှာ စင်ကာပူနိုင်ငံ ပင်လယ်ရေကြောင်းရှာဖွေရေးနှင့် ကယ်ဆယ်ရေးနယ်မြေအတွင်း မီးလောင်ခဲ့ခြင်းဖြစ်သည်။

ဟက်ဖ်နီယာနိုင်းလ် ရေနံတင်သင်္ဘောပေါ်တွင် ဝန်ထမ်း ၂၂ ဦး လိုက်ပါလာပြီး စီးရက်စ်-၁ သင်္ဘောပေါ်တွင် ဝန်ထမ်းဦးရေ ၄၀ လိုက်ပါလာကြောင်းသိရသည်။

ရေနံတင်သင်္ဘောများပေါ်တွင် ဖြစ်ပွားခဲ့သည့် မီးလောင်ကျွမ်းမှုကို ၎င်းသင်္ဘောများပေါ်ရှိ ရေယာဉ်ဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြခြင်းဖြစ်သည်။

ရေနံတင်သင်္ဘောများ မီးလောင်မှုကြောင့် ရေကြောင်းသွားလာမှုများ ထိခိုက်မှုမရှိခဲ့ကြောင်း စင်ကာပူတာဝန်ရှိသူများက ပြောကြားထားကြောင်းသိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုက မြန်နှုန်းအလွန်မြင့်မားသည့်အာကာသသဲမှုန် နှစ်ခုဝင်တိုက်မှုဖြင့် ရင်ဆိုင်ခဲ့ရ



ပဲရစ် ဇူလိုင် ၁၉

ဥရောပအာကာသအေဂျင်စီ (ESA) ၏ ဂိုင်ယာဂြိုဟ်တုသည် မြန်နှုန်းအလွန်မြင့်မားသည့် အာကာသသဲမှုန်နှစ်ခု ဝင်တိုက်မှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ဂိုင်ယာဂြိုဟ်တုသည် နှစ်ပေါင်း ၂၀ အတွင်း အပြင်းထန်ဆုံး နေလွှမ်းအင်မုန်တိုင်း တိုက်ခတ်မှုနှင့်လည်း ရင်ဆိုင်ခဲ့ရသည်ဟု ဥရောပ အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ယခုနှစ် ဧပြီလအတွင်း သဲမှုန်သာသာ အရွယ်အစားမျှရှိသည့် အသေးစား ဂြိုဟ်သိမ် အမှုန်အမွှားနှစ်ခု ဝင်တိုက်မှုကြောင့် ဂိုင်ယာဂြိုဟ်တု၏ အကာအကွယ်ပြားများ ပျက်စီးခဲ့ရကြောင်း ဥရောပ အာကာသအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂြိုဟ်သိမ် အမှုန်အမွှားများသည် လွန်စွာမြင့်မားသည့် အမြန်နှုန်းဖြင့် အာကာသဟင်းလင်းပြင်သို့ဖြတ်သန်းနေသည့် အမှုန်ငယ်များဖြစ်သော်လည်း အမြန်နှုန်း လွန်စွာပြင်းထန်မှုကြောင့် ဂြိုဟ်တုများ၊ အာကာသယာဉ်များကို ဝင်တိုက်ခဲ့ပါက ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားနိုင်သည်။

ဂိုင်ယာဂြိုဟ်တုသည် လက်ရှိအချိန်တွင် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၉၃၂၀၀၀ ကျော်အကွာ ပတ်လမ်းပေါ်တွင် နေရာယူ၍ ဂြိုဟ်သစ်များကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် လွှတ်တင်ခဲ့သော ဂိုင်ယာဂြိုဟ်တုသည် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းထိ ဂြိုဟ်သစ်ရှာဖွေရေးတာဝန်များကို ဆက်လက်ပြုလုပ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀၀ ခန့်က နေထိုင်ခဲ့ကြသည့်ရှေးလူများ သင်းခွေချပ်နှင့်တူသော ရောမသတ္တဝါများကို သတ်ဖြတ်စားသောက်၍ရှင်သန်ခဲ့

ဗျူနိုစ်အေရိစ် ဇူလိုင် ၁၉

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀၀ ခန့်က နေထိုင်ခဲ့ကြသည့် ရှေးလူများသည် သင်းခွေချပ်နှင့်တူသော ရောမသတ္တဝါများကို သတ်ဖြတ်စားသောက်၍ ရှင်သန်ခဲ့ရကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

အာဂျင်တီးနား သိပ္ပံပညာရှင်များသည် ပမ်ပီယန်အမည်ရှိ အာဂျင်တီးနားဒေသ တစ်ခု၌ ရှေးလူများ သတ်ဖြတ်စားသောက်ခဲ့ကြသော **Neosclerocalyptus** ခေါ် သင်းခွေချပ်နှင့်တူသည့် သက်ရှိများ၏အရိုးများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

မိမိတို့၏ တွေ့ရှိချက်သည် တောင်အမေရိကတိုက်၌ လူသားများနှင့် အခြားသက်ရှိများကြား အပြန်အလှန် ဆက်စပ်မှုများကို ပြသနိုင်သည့် သက်တမ်းအစောဆုံး သက်သေများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



တောင်အမေရိကရှိ ရှေးလူများ သတ်ဖြတ်စားသောက်ခဲ့သည့် **Neosclerocalyptus** သက်ရှိများသည် ယခုအခါ မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

အာဂျင်တီးနားသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည့် **Neosclerocalyptus** များ၏ အရိုးသက်တမ်းမှာ နှစ်ပေါင်း ၂၀၈၁၁ နှစ်နှင့် ၂၁၀၉၀ နှစ်ကြားရှိကြောင်း သိရသည်။

ရှေးယခင်က အမေရိကသို့ လူသားများ စတင်ရောက်ရှိချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း ၁၃၀၀၀ ခန့်က ဖြစ်နိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အဝါရောင်ဆာလ်ဖာပုံဆောင်ခဲများ ရှာဖွေတွေ့ရှိထား

ဝါရှင်တန် ဇူလိုင် ၁၉

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အဝါရောင် ဆာလ်ဖာပုံဆောင်ခဲများ ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် မောင်းနှင်နေစဉ် ကွဲကြေသွားသည့် ကျောက်တုံးတစ်တုံးထဲတွင် ဆာလ်ဖာပုံဆောင်ခဲများ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရှေးယခင်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ တွေ့ရှိခဲ့သော ဆာလ်ဖာများမှာ တွင်းထွက်ပစ္စည်းအခြေခံ ဆာလ်ဖာများသာ ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် တွေ့ရှိထားသည့် ဆာလ်ဖာမှာ သန့်စင်သည့် ဒြပ်စင်ပုံစံမျိုးဖြင့် တည်ရှိနေသော ဆာလ်ဖာများ ဖြစ်ကြသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အဆိုပါ ဆာလ်ဖာပုံဆောင်ခဲများကို ဂီဒစ်ဗ်ဗဲလ်လစ် နယ်မြေ၌ ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အိပ်စက်မှုပုံစံ မမှန်သူများ၌ ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေ မြင့်တက်နိုင်

နယူးယောက် ဇူလိုင် ၁၉

အိပ်စက်မှုပုံစံ မမှန်သူများ၌ ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိပ်စက်မှုပုံစံ မမှန်မှု အဆိုးရွားဆုံးသူများ၌ ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်နေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိပ်စက်မှုပုံစံမမှန်မှုပြဿနာ အကြီးမားဆုံးရှိနေသူများတွင် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေသည်လည်း အမြင့်ဆုံးအဆင့်တွင် ရှိနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အိပ်ရေးဝဝအိပ်စက်နိုင်မှုသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို ထိန်းချုပ်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ပုံမှန်ရယူရမည့် တစ်ညအိပ်စက်ချိန်ထက် တစ်နာရီအောက် လျော့နည်းမှု သို့မဟုတ် တစ်နာရီပိုများနေသူများတွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ် နိုင်ခြေ ၃၄ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၈၄၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မွေးခါစကလေးများတွင် တွေ့ရတတ်သည့် ဗိုင်းရပ်တစ်မျိုးကြောင့် ကလေးများ၌ အော်တစ်ဇင်ဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်

နယူးယောက် ဇူလိုင် ၁၉

မွေးခါစ ကလေးများတွင် တွေ့ရတတ်သည့် ဗိုင်းရပ်တစ်မျိုးကြောင့် ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ မစ်ရှီဂန် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကလေးငယ် သုံးသန်းခန့်တို့၏ ဆေးမှတ်တမ်းအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Cytomegalovirus (CMV) ခေါ် ဗိုင်းရပ်တစ်မျိုးရှိနေသူ ကလေးများတွင် အော်တစ်ဇင်ရောဂါ ဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆခွဲမြင့်မားနေတတ်သည်ကိုတွေ့ရှိရကြောင်း သုတေသန ပညာရှင်များက ပြောပြ၍ သိရသည်။

CMV ဗိုင်းရပ်သည် ဘေးအန္တရာယ်မရှိသည့် ဗိုင်းရပ်တစ်မျိုးဖြစ်ပြီး ကလေးဦးရေ ၂၀၀ လျှင် တစ်ဦးတွင် တွေ့ရတတ်သော ဗိုင်းရပ်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် CMV ဗိုင်းရပ်ကြောင့် သန္ဓေသားဦးနှောက်ရောင်ရမ်းမှုရှိလာပြီး ဦးနှောက်ဖွံ့ဖြိုးမှု ထိခိုက်၍ အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ ဆေးပညာရှင်များအနေဖြင့် အော်တစ်ဇင်ရောဂါ ဖြစ်ပွားရခြင်း၏ အဓိက အကြောင်းတရားများကို နားလည်နိုင်မှု မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



နိုင်ငံတကာ အားကစားသတင်းများ

# စထရာဘော့စ်အသင်းနှင့် နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ကြောင်း နည်းပြဗီအဲရာ ပြောကြား

**ပဲရစ် ဇူလိုင် ၁၉**

နည်းပြဗီရာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပဲလေ့စ်အသင်းမှ ထွက်ခွာခဲ့ပြီးနောက် ပြင်သစ်ကလပ် စထရာဘော့စ်အသင်းနှင့် ပူးပေါင်းခဲ့ပြီး သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့သော်လည်း ဘောလုံးရာသီ တစ်ရာသီ တာဝန်ယူအပြီးတွင် အသင်းနှင့် နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ကြောင်း ဗီအဲရာက ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် အမေရိကန်အသင်းက ကိုပါအမေရိကဖလား ပြိုင်ပွဲ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့်အတွက် နည်းပြဘာဟက်တာကို ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ဗီအဲရာကို ခန့်အပ်ရန် ရွေးချယ်ထားသောကြောင့် နည်းပြဗီအဲရာက စထရာဘော့စ်အသင်းနှင့် ညှိနှိုင်းမှု ပြုလုပ်ခဲ့ရာ ကြာသပတေးနေ့က နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ကြောင်း သိရသည်။

အသက် ၄၈ နှစ်ရှိ နည်းပြဗီအဲရာသည် ကစားသမားဘဝတွင် အောင်မြင်မှုများစွာ ရရှိခဲ့သူဖြစ်ပြီး ပြင်သစ် လက်ရွေးစင်အသင်းနှင့်အတူ ၁၉၉၈ ကမ္ဘာ့ဖလားနှင့် ၂၀၀၀ ပြည့်နှစ် ယူရိုချန်ပီယံဆုတို့ကို ဆွတ်ခူးခဲ့သည့်အပြင် ကလပ်အသင်းများဖြစ်သည့် အာဆင်နယ်၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ မန်စီးတီးအသင်းတို့နှင့်အတူ ပရီးမီးယားလိဂ်ဖလား တစ်ကြိမ်၊ အက်ဖ်အေဖလား ငါးကြိမ်၊ အီတလီ စီးရီးအေဆုဖလား လေးကြိမ် ဆွတ်ခူးခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူကာ ၂၀၁၃ ခုနှစ်တွင် မန်စီးတီး လူငယ်အသင်းကို တာဝန်ယူကာ နည်းပြလောကသို့ ဝင်ရောက်ခဲ့သည်။

၎င်းသည် ၂၀၁၅ ခုနှစ်တွင် မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းကို နည်းပြချုပ်အဖြစ် စတင်တာဝန်ယူခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်တွင် နိုက်အသင်းသို့လည်းကောင်း၊ ၂၀၂၀ ခုနှစ်တွင် ပဲလေ့စ်အသင်းသို့လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် စထရာဘော့စ်အသင်းတို့ကိုလည်းကောင်း တာဝန်ယူခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဂိုးသမား ရှမိုက်ကယ် စကော့တလန်ကလပ် ဆဲလ်တစ်အသင်းသို့ တစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး နည်းပြရော်ဂျာနှင့် ပြန်လည်ပူးပေါင်းခဲ့ကြောင်း သိရသည်။
- တောင်ပံကစားသမား ရာဖင်ဟာကိုခေါ်ယူရန် ကြိုးပမ်းနေသည့် အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ရောင်းချမည်ဟု ဘာစီလိုနာအသင်းက တုံ့ပြန်ပြောကြားခဲ့သည်။
- အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က နည်းပြဆောက်ဂိတ်၏နေရာတွင် ယာယီနည်းပြအဖြစ် ကာစလေကို ခန့်အပ်ထားသော်လည်း မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာနှင့် အစားထိုးနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

**ML**

# တိုက်စစ်မှူး ဂရင်းဝုဒ်ကို စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူခဲ့ကြောင်း မာဆေးအသင်းထုတ်ပြန်



**ပဲရစ် ဇူလိုင် ၁၉**

မာဆေးအသင်းသည် မန်ယူအသင်းတိုက်စစ်မှူး ဂရင်းဝုဒ်ကို ခေါ်ယူရန် ကာလရှည်ကြိုးပမ်းခဲ့ပြီးနောက် ယခုအခါ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဂရင်းဝုဒ်သည် လူမှုရေးပြဿနာများကြောင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလကတည်းက မန်ယူအသင်းတွင် ပါဝင်ခွင့်မရတော့ဘဲ ပြီးခဲ့သည့်ဘောလုံးရာသီက ဂီတာဖေးအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အသင်း၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုရရှိခဲ့ပြီး အငှားစာချုပ်ကုန်ဆုံးချိန်တွင် မန်ယူအသင်းနှင့် ပူးပေါင်းလိုခြင်း မရှိသည့်အတွက် အသင်းမှထွက်ခွာရန် ကြိုးပမ်းခဲ့သည်။

ထို့နောက် ဂရင်းဝုဒ်ကို ဘာစီလိုနာအသင်း၊ အေတီကိုအသင်းတို့ကခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေး ညှိနှိုင်းမရသဖြင့် ခေါ်ယူနိုင်ခဲ့ခြင်း မရှိသော်လည်း ၎င်း၏ခြေစွမ်းပိုင်းကို သဘောကျနေသည့် မာဆေးအသင်း နည်းပြသစ် ဒီဇာဘီက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ပြီး ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် မန်ယူအသင်း လူငယ်အကယ်ဒမီထွက် ကစားတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်က ပရော်ဖက်ရှင်စာချုပ် ချုပ်ဆို၍ အသင်းကြီးနှင့် ပူးပေါင်းခွင့်ရခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၂၉ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၃၅ ဂိုးထိ သွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ၂၀၂၃ ဩဂုတ်လမှစတင်ကာ ၎င်း၏ လူမှုရေးပြဿနာများကြောင့် အသင်းတာဝန်ရှိသူများက မန်ယူအသင်းတွင် ဆက်လက်ကစားခွင့် မပေးတော့ဘဲ ပြီးခဲ့သည့်ဘောလုံးရာသီက ဂရင်းဝုဒ်ကို ဂီတာဖေးအသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# တိုက်စစ်မှူး အူဘာမီယန်း ဆော်ဒီကလပ် အယ်ကွာစီယာဟ်အသင်းသို့ ပြောင်းရွှေ့

**ရီယာ့ဒ် ဇူလိုင် ၁၉**

မာဆေးအသင်း တိုက်စစ်မှူး အူဘာမီယန်းသည် အသင်းနှင့် ဘောလုံးရာသီ တစ်ရာသီကစားခဲ့ပြီးနောက် စာချုပ်ကုန်ဆုံးချိန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့ပြီး ယခုအခါ ဆော်ဒီကလပ် အယ်ကွာစီယာဟ် အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။

အူဘာမီယန်းသည် မာဆေးအသင်းတွင် ပြိုင်ပွဲစုံ ၅၁ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၃၀ နှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့ကာ ယူရိုပါလိဂ်ပြိုင်ပွဲတွင် အသင်းကို ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိအောင် ကူညီနိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူပေးခဲ့သော်လည်း ရာသီပိတ်သိမ်းချိန်၌ အဆင့်(၈) နေရာတွင် ရောက်ရှိခဲ့ကာ ဥရောပကစားခွင့်နှင့် လွဲချော်ခဲ့သောကြောင့် အသင်းအနေဖြင့် ၎င်းကို စာချုပ်သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ အလွတ် ပြောင်းရွှေ့ခွင့်နှင့် လက်လွှတ်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျကလပ် အယ်ကွာစီယာဟ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ တစ်နှစ်ယူရို ၁၅ သန်းဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အယ်ကွာစီယာဟ် အသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် အူဘာမီယန်းအပါအဝင် ရီးရဲလ်မက်ဒရစ် ခံစစ်ကစားသမား နာချို၊ ဝုဗ်ဘတ်အသင်းကစားသမား ကက်စတီးလ်တို့ကို ခေါ်ယူနိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်မှ ကစားသမား သုံးဦးထိ ခေါ်ယူနိုင်ခဲ့သည်။

အူဘာမီယန်းက "မာဆေးအသင်းနဲ့ လက်တွဲရတဲ့ တစ်နှစ်တာကာလမှာ အရမ်းကိုစိတ်လှုပ်ရှားစရာတွေဖြစ်ခဲ့ပါတယ်။ အသင်းမှာရှိတဲ့ဝန်ထမ်းတွေ၊ အသင်းဖော်တွေအပြင် ကျွန်တော့်ကို အားပေးနေတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုချိန်မှာတော့ ကျွန်တော့်အဖေရဲ့ အကြံပေးမှုကိုပဲ လုပ်ဆောင်ခဲ့တာပါ။ သူဟာ ကျွန်တော့်ကို အခုလို ကစားသမားကောင်း တစ်ယောက်ဖြစ်အောင် ကူညီပေးသူပါ။ ဒါကြောင့် ကျွန်တော့်ရဲ့ ကစားသမားဘဝ ကျန်ရှိချိန်ကို ဆော်ဒီပရိုလိဂ်မှာ ကစားဖို့ ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။



တိုက်စစ်မှူး အူဘာမီယန်းသည် ဆော်ဒီကလပ် အယ်ကွာစီယာဟ်အသင်းနှင့် ရာသီအကြိုလေ့ကျင့်ရေးအစီအစဉ် ပြုလုပ်ရန် အသင်းနှင့် ပူးပေါင်းခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# Swedish Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ရာဖေးလ်နာဒယ်တက်ရောက်

**ဘက်စတက် ဇူလိုင် ၁၉**

ဆွီဒင်နိုင်ငံ ဘက်စတက်မြို့တွင်ကျင်းပနေသည့် **Swedish Open** တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖေးလ်နာဒယ်က (၆-၄၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။



ရာဖေးလ်နာဒယ် အနေဖြင့် ပထမပွဲငယ်၏ အစပိုင်းတွင် ကင်မရွန်းနော်ရီ၏ ဖိအားပေးမှုများဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပြီး ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရရှိခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား နာဗိုနီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရာဖေးလ်နာဒယ်က "**French Open** တင်းနစ်ပြိုင်ပွဲပြီးကတည်းက ပြိုင်ပွဲတွေနဲ့ လွဲချော်ခဲ့ရတယ်။ ဒဏ်ရာကြောင့် အနားယူပြီး ပြန်ကစားတဲ့အချိန်မှာ အခုလောက်ထိပုံစံကောင်းရမယ်လို့ မမျှော်လင့်ထားပါဘူး။ အခုလို ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နှစ်ယောက်တွဲပြိုင်ပွဲမှာလဲ အခြေအနေကောင်းနေတယ်။ ပြိုင်ပွဲနှစ်ရပ်စလုံးမှာ အခုလို ကစားထားနိုင်တာဟာ ဒီနှစ်အတွင်း ကျွန်တော့်အတွက် အကောင်းဆုံး အခြေအနေတစ်ရပ်လို့လဲ သုံးသပ်လို့ရပါတယ်"ဟု ပြောကြားခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် ယှဉ်ပြိုင်ကစားသွားမည့် ပြိုင်ဘက်ဖြစ်သူ နာဗိုနီသည် နိုင်ခြေအဆင့်(၄)အဖြစ် သတ်မှတ်ခြင်းခံထားရသော ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ရာဖေးလ်နာဒယ်အနေဖြင့် ခက်ခဲသည့် ပြိုင်ဘက်ဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၃)တွင် ဒဂုံစတားအသင်းက ISPE အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် မိနစ် ၂၀ တွင် ခိုင်ရဲဝင်းက ISPE အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၂၈ မိနစ်တွင် ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး တိုက်စစ်မြှင့်ပြီး အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၆၃ မိနစ်တွင် အောင်ကျော်နိုင်က ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ISPE အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည် ဖိအားပေးမှုများ ပြုလုပ်ခဲ့သော်လည်း ဒဂုံစတားအသင်းက အနိုင်ရလဒ်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက ISPE အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# The Open Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ဒန်နီရယ်လ်ဘရောင်း ဦးဆောင်

**ပရက်စ်တွစ် ဇူလိုင် ၁၉**

ဗြိတိန် ပရက်စ်တွစ်မြို့ရှိ ပရက်စ်တွစ် ဂေါက်ကလပ်တွင် ကျင်းပနေသည့် ၁၅၂ ကြိမ်မြောက် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဒန်နီရယ်လ်ဘရောင်းက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီက သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ထို့ပြင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် ပထမနေ့အပြီးတွင် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်ပိုရိုက်ထားပြီး ဒုတိယနေ့တွင် ရလဒ်ကောင်း ရယူနိုင်ခဲ့ခြင်းမရှိခဲ့ပါက Cut စာရင်းတွင် ပါဝင်သွားဖွယ်ရှိနေပြီး ပြိုင်ပွဲပြီးဆုံးသည်ထိ ယှဉ်ပြိုင်ခွင့်ရဖွယ်မရှိသည့် အခြေအနေနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ကွင်းလယ်ကစားသမား အူဂါတီကိုခေါ်ယူရန် မန်ယူအသင်း ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိ

**မန်ချက်စတာ ဇူလိုင် ၁၉**

မန်ယူအသင်းသည် ပီအက်စ်ဂျီအသင်းမှ ကွင်းလယ်ကစားသမား အူဂါတီကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။




မန်ယူအသင်းသည် ပြင်သစ်ကလပ် လိုင်လီအသင်းခံစစ်ကစားသမား ယိုရိုကို ခေါ်ယူခဲ့ပြီးနောက် ယိုရိုနှင့် အူဂါတီတို့၏ အေးဂျင့်မှာ ဂျော့မန်ဒက်စ် ဖြစ်နေသောကြောင့် မန်ယူအသင်း တာဝန်ရှိသူများက အူဂါတီကို ဆက်လက်ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ကစားသမားနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီ အသင်းသည် အူဂါတီကို ပြီးခဲ့သည့် ဘောလုံးရာသီက စပိန်တင်းလစ္စဘွန်းအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၂ သန်းဖြင့် ခေါ်ယူခဲ့ပြီး အသက် ၂၃ နှစ်ရှိ ကစားသမားအနေဖြင့် အသင်း၏ အနာဂတ်စီမံကိန်းတွင် ပါဝင်နေသူဖြစ်သောကြောင့် ရောင်းချရန် မသေချာသော်လည်း ပြောင်းရွှေ့ကြေး အနည်းဆုံး စတာလင်ပေါင် ၅၉ သန်းရရှိပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် ပီအက်စ်ဂျီအသင်းနှင့် သဘောတူညီမှု မရသေးသော်လည်း ပီအက်စ်ဂျီအသင်းက အလိုရှိနေသည့် ပြောင်းရွှေ့ကြေးကို ပေးချေနိုင်ရန် အသင်းမှ ကွင်းလယ်ကစားသမားများဖြစ်သည့် ကက်စမဲရိုးနှင့် တွန်မီနေးကို ရောင်းချသွားမည်ဖြစ်ပြီး တွန်မီနေးကို ဖူလ်ဟမ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေသောကြောင့် ၎င်းကိုရောင်းချပြီးမှသာ အူဂါတီကို အသင်းသို့ ခေါ်ယူနိုင်မည်ဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် ဘိုလော့နာအသင်း တိုက်စစ်မှူး ဇက်ခ်ဇီး၊ လိုင်လီအသင်း ခံစစ်ကစားသမား ယိုရိုတို့ကိုခေါ်ယူနိုင်ခဲ့ပြီးနောက် တတိယမြောက် ကစားသမားခေါ်ယူမှုအဖြစ် အူဂါတီကို ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ဝက်စ်ဟမ်းအသင်းက အယ်အီသီဟတ်အသင်းမှ ကန်တီကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်

**လန်ဒန် ဇူလိုင် ၁၉**

ဝက်စ်ဟမ်းအသင်းက ဆော်ဒီကလပ် အယ်အီသီဟတ်အသင်းမှ ကွင်းလယ်ကစားသမား ကန်တီကိုခေါ်ယူရန်အတွက် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် လက်စတာအသင်းနှင့် ချဲလ်ဆီးအသင်းတို့နှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် ကန်တီသည် ပြီးခဲ့သည့်နှစ် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းမှ အယ်အီသီဟတ် အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း ၎င်းအနေဖြင့် ခြေစွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် မန်စီးတီးအသင်းထံ ပြန်လည်စေလွှတ်ခဲ့ပြီး ယခုအခါ ကန်တီကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ကန်တီသည် ချဲလ်ဆီးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒဏ်ရာပြဿနာများနှင့်သာ ရှုန်းကန်နေရသည့်အတွက် ချဲလ်ဆီးအသင်းက အယ်အီသီဟတ်အသင်းထံ ရောင်းချခဲ့ခြင်းဖြစ်သည်။

ကန်တီသည် ပြီးခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန်ကြိုးပမ်းနေပြီး ကန်တီကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြန်လည်ကစားလိုသည့်အတွက် ဝက်စ်ဟမ်းအသင်းအနေဖြင့် ကန်တီကို ခေါ်ယူနိုင်ရန် အလားအလာကောင်းမွန်လျက်ရှိနေပြီး အယ်အီသီဟတ်အသင်းကလည်း ပြောင်းရွှေ့ကြေးကို အနည်းဆုံးစတာလင်ပေါင် သန်း ၂၀ ခန့် အလိုရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**



# မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့် (၁၆၆)တွင် ရပ်တည်

**ရန်ကုန် ဇူလိုင် ၁၉**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ဇွန်လအတွက် လက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့အဆင့် နှစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၁၆၆)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြုကာလ ဖြစ်သည့် ဇွန်လတွင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲနှစ်ပွဲကစားခဲ့ရာ ဂျပန်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မြောက်ကိုရီးယားအသင်းကို လေးဂိုးတစ်ဂိုးဖြင့်လည်းကောင်း နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင်လည်း ၉၈၉ မှတ်ဖြင့် ကမ္ဘာ့အဆင့် နှစ်ဆင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဇွန်လအတွက် လက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ အာဆီယံဇုန်တွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့် တစ်ဆင့်ကျဆင်းခဲ့သော်လည်း ကမ္ဘာ့အဆင့်(၁၀၁)ဖြင့် အာဆီယံအဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်ခဲ့ပြီး ဗီယက်နမ်အသင်းက တစ်ဆင့်မြင့်တက်ခဲ့ကာ ကမ္ဘာ့အဆင့်(၁၁၅)ဖြင့် အာဆီယံအဆင့်(၂)၊ အင်ဒိုနီးရှားအသင်းကလည်း ကမ္ဘာ့အဆင့် တစ်ဆင့်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့်(၁၃၃)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းက အဆင့်တစ်ဆင့် မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့်(၁၃၄)ဖြင့် အာဆီယံအဆင့်(၄)၊ ဖိလစ်ပိုင်အသင်းက မပြောင်းအလဲမရှိခဲ့ဘဲ ကမ္ဘာ့အဆင့်(၁၄၇)ဖြင့် အာဆီယံအဆင့်(၅)၊ စင်ကာပူအသင်းက နှစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၁၆၁)ဖြင့် အာဆီယံအဆင့်(၆)၊ မြန်မာအသင်းက နှစ်ဆင့်ကျဆင်းပြီး ကမ္ဘာ့အဆင့်(၁၆၆)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက အပြောင်းအလဲမရှိဘဲ ကမ္ဘာ့အဆင့်(၁၈၀)ဖြင့် အာဆီယံအဆင့်(၈)၊ လာအိုအသင်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁၈၈)ဖြင့် အာဆီယံအဆင့်(၉)၊ ဘရူနိုင်းအသင်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁၉၀)ဖြင့် အာဆီယံအဆင့်(၁၀)နှင့် တီမောလက်စ်တေ အသင်းက အပြောင်းအလဲမရှိခဲ့ဘဲ ကမ္ဘာ့အဆင့်(၁၉၆)ဖြင့် အာဆီယံအဆင့်(၁၁)နေရာတွင် ရပ်တည်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲအဖြစ် နိုဝင်ဘာလတွင် အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲကို ကစားရမည် ဖြစ်ကြောင်း သိရသည်။

**STA**

# လွမ်းရပါဘိခြင်း ဆရာအောင်သင်း

မင်းယဉ်စု



တိုင်းပြည်နဲ့လူမျိုးအပေါ် မှာပဲဖြစ်ဖြစ်၊ ကျောင်းသားလူငယ်လူရွယ်တွေအပေါ် မှာပဲဖြစ်ဖြစ်၊ ကြီးမှုမိုက်ကြတဲ့ လူကြီးလူမိုက်များအပေါ် မှာပဲဖြစ်ဖြစ် မေတ္တာစေတနာကောင်းထားပြီးပြောတတ်တဲ့ အပြောကောင်း၊ အဟောကောင်း စာရေးဆရာကောင်းတစ်ဦးဖြစ်တဲ့ ဆရာကြီးအောင်သင်းတစ်ယောက် ကွယ်လွန်သွားပြီဖြစ်ပေမဲ့ ကျုပ်တို့နဲ့ပတ်သက်ခဲ့ရသမျှ ဆရာ့ဘဝအကြောင်းကို တစေ့စေ့တွေးပြီး တမြည့်မြည့်ဆွေးနေမိတယ်ဗျာ။

ဆရာနဲ့ပတ်သက်ခဲ့သမျှဆိုတာက **"စာပေဟောပြောပွဲ"**တွေပါ။ အချိန်ကကုန်လွန်ခဲ့သော ၁၉၈၃-၁၉၈၄-၁၉၈၅-၁၉၈၆။ အရေးအခင်းကြီးမဖြစ်သေးခင်နှစ်တွေလောက်ကပေါ့။ အဲဒီအချိန်က ကျုပ်တို့က ဝန်ထမ်းပေါက်စ၊ စာရေးဆရာ ကဗျာဆရာပေါက်စ။ ခေတ်ကမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်။

ကျုပ်တို့ရပ်ကွက်က ခေတ်မီတယ်။ တိုးတက်တဲ့အမြင်ရှိတယ်။ နှစ်တိုင်း **"စာပေဟောပြောပွဲ"**ကို မလုပ်မဖြစ်လုပ်ဖြစ်တယ်။ ကျုပ်တို့ရပ်ကွက်က သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်။

ကျုပ်တို့လုပ်ခဲ့တဲ့ **"စာပေဟောပြောပွဲ"**တွေက ပြီးပြီးရောဆိုပြီး ပြီးစလွယ်လုပ်တဲ့ မည်ကာမတ္တစာပေဟောပြောပွဲမျိုးမဟုတ်။ ရပ်ကွက်ထဲကဝါသနာရှင် လူကြီးလူငယ်တွေနဲ့ သေသေချာချာ စနစ်တကျ စီစဉ်ပြီး ကျကျနနနဲ့ ခမ်းခမ်းနားနားလုပ်ခဲ့တဲ့ပွဲ။

လုပ်နိုင်တဲ့နေရာကလဲ အဲဒီတုန်းကရှိတယ်ဗျာ။ **"ဂုံဆာလာကွင်း"** လို့ခေါ်တဲ့ ဟိန္ဒူတွေရဲ့ နွားတွေဘေးမဲ့ပေးထားတဲ့ ခြံကြီး။ ရပ်ကွက်ရဲ့အလယ်ကောင်မှာ အင်မတန်မှ ကျယ်ဝန်းလှတယ်ဗျာ။ ဘောလုံးကွင်းလေးကွင်းစာလောက်ရှိတယ်။ အခုတော့ မရှိတော့ပါဘူး။ အဲဒီနေရာမှာ **"သီရိဂုဏ်"** လို့ခေါ်တဲ့ အထပ်မြင့်တိုက်တွေအစီအရီပေါ် လာခဲ့ပါပြီ။ အရင်ကလို ကလေးတွေဘောလုံးကန်ဖို့မပြောနဲ့ ကြက်ဖခွပ်တမ်းကစားဖို့တောင် မြေနေရာမရှိတော့ဘူး။

အဲဒီတုန်းက နှစ်တိုင်း ကျုပ်တို့လုပ်ခဲ့တဲ့ **"စာပေဟောပြောပွဲ"**ဟာ ရပ်ကွက်ဆိုပေမဲ့ မြို့နယ်အဆင့်ထက်သာတယ်ဗျာ။ ပြင်တာဆင်တာကော၊ စတိတ်ခုံကော၊ နေရာထိုင်ခင်းကော၊ တက်ရောက်နားထောင်တဲ့ပရိသတ်တွေကော၊ လာရောက်ဟောပြောတဲ့ စာရေးဆရာတွေကော အားလုံးဟာ အမြင့်လမ်းကိုသိတဲ့ ကဝိတွေလို အဆင့်အတန်းရှိလှတယ်ဗျာ။

ပြောရအုံးမယ်။ ၁၉၈၅ ခုနှစ်တုန်းက လုပ်ခဲ့တဲ့ စာပေဟောပြောပွဲ။ ဟောပြောတဲ့သူတွေက **ဆရာပျဉ်းမနားမောင်နီသင်း၊ ဆရာဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဆရာမကြီးစောမုံညင်းနဲ့ ဆရာအောင်သင်း** စုစုပေါင်း လေးယောက်။ ကျင်းပတဲ့နေ့က ၁၉၈၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက် ပြည်ထောင်စုနေ့အကြို စာပေဟောပြောပွဲ။

ဟောပြောပွဲမစခင် ရပ်ကွက်ထဲက အိမ်တစ်အိမ်မှာ ညှိခံကျွေးမွေးရေးစီစဉ်ပေးရတယ်။ အဲဒီမှာ စောစောရောက်လာတဲ့ ဆရာအောင်သင်းနဲ့ကျုပ်တို့တစ်တွေ အပေါ် ထပ်မှာ စားသောက်နေကြတုန်း၊ ဖြုန်းဆို ဆရာဆန်းထွန်း(မန်းတက္ကသိုလ်) ပေါက်ချလာတယ်။ ရောက်ရောက်ချင်း ဆရာအောင်သင်းကိုမြင်တာနဲ့ စာရေးဆရာပီပီ နဘေတွေ၊ ကာရန်တွေနဲ့ အပြန်အလှန်ပြောကြတယ်။

အဲဒီနေ့ဟောပြောပွဲက ကျုပ်တို့လုပ်ဖူးသမျှတွေထဲမှာအအောင်မြင်ဆုံး၊ အကောင်းဆုံး Masterpiece ပါပဲ။ ဟောပြောပွဲကို ည ၇ နာရီခွဲမှာစတယ်။ ကျုပ်တို့ရဲ့အစဉ်အလာက ဟောပြောမဲ့ပုဂ္ဂိုလ်ကို ဆရာအောင်သင်းမှအပ နှစ်တိုင်းလူမထပ်အောင်ဖိတ်တယ်။ ကျုပ်မှတ်မိသလောက် ဆရာချစ်ဦးညို၊ မောင်သော်က၊ နုနုရည်(အင်းဝ)၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မောင်ဝဏ္ဏ၊ လယ်တွင်းသားစောချစ်၊ ဆရာနေမျိုး၊ ရွှေကူမေနှင်း၊ အခုဆရာဆန်းထွန်း(မန်းတက္ကသိုလ်)၊ ပျဉ်းမနားမောင်နီသင်း၊ ဆရာမကြီးစောမုံညင်း စသဖြင့်ပေါ့။ စာရေးဆရာဘယ်သူတွေပါပါ အားလုံးကိုရှေ့ပိုင်းမှာပဲဟောပြောစေပြီး ဆရာအောင်သင်းကိုတော့ နောက်ဆုံးကျမှ ဟောပြောရအောင် စီစဉ်လေ့ရှိတယ်။ ဒါ ကျုပ်တို့ရပ်ကွက်ရဲ့ သမားစဉ်ပဲ။

ရှေ့ကလူတွေအားလုံးပြီးလို့ ဆရာစဟောပြီဆိုတာနဲ့ ပရိသတ်တွေဟာ ရေနဲ့တွေ့သွားတဲ့ မီးပွားများလို အားလုံးငြိမ်ကျသွားတယ်။ အစုံအစုံသောမျက်ဝန်းတွေနဲ့ ဆရာ့ကိုသာ တွင်တွင်စိုက်ကြည့်ရင်းနားစွင့်နေကြတယ်။ အဲ . . . ဆရာစဟောလို့ ရယ်စရာမောစရာ ကြိုက်နှစ်သက်စရာတွေပါလာပြီဆိုတာနဲ့ တစ်ကွင်းလုံး လေကြီးမိုးကြီးကျတဲ့အတိုင်း ဟောခနဲဟောခနဲနဲ့ ရယ်မောသံတွေ၊ လက်ခေါက်မှုတ်သံတွေ၊ လက်ခုပ်သံတွေဟာ တားမရဆီးမနိုင် တဖြိုင်ဖြိုင်ကို ပေါ် ထွက်လာတာပါပဲဗျာ။

ဆရာတင်မက ဆရာ့မိသားစုကလဲ စာပေဝါသနာတော်တော်ကြီးပုံရတယ်။ ဟောပြောပွဲမှာ အကြောင်းအရာအသစ်ကို ဟောပြောမယ်ဆိုရင် သူတို့ပါ တစ်အိမ်လုံးလိုက်ပြီး နားထောင်လေ့ရှိကြတယ်။ ဆရာ့ရဲ့အကျင့်က သူဟောမဲ့အကြောင်းအရာရဲ့လိုရင်းအချက် Main Pointတွေကို Note Taking ကတ်ပြားကလေးတွေနဲ့ တေးတေးပြီး မှတ်သားလာတယ်။ အဲဒီကတ်ပြားလေးတွေကို တစ်ခုပြီးတစ်ခု အသာကြည့်ကြည့်ပြီး မမောနိုင်မပန်းနိုင် အကျယ်ချဲ့ပြီး ဟောတော့တာပဲ။

နောက်ပြီး ဆရာ့ရဲ့မှတ်ဉာဏ်ကလဲ လက်ဖျားခါလောက်အောင် ကောင်းလွန်းလှတယ်ဗျာ။ ဥပမာ ဟောပြောမဲ့အကြောင်းအရာကိုလိုက်ပြီး အလျဉ်းသင့်လို့ ကြီးနိုင်ငယ်ညှဉ်းကိစ္စ ပြောတယ်ဆိုပါစို့။ လယ်ထွန်မင်္ဂလာမှာ ဘုရားအလောင်းတော် တင်ပျဉ်ခွေထိုင်ပြီး ဈာန်သမာပတ်ဝင်စားနေတုန်း လယ်ထဲက ပိုးကောင်မွှားကောင်တွေကို ဖားက စားတယ်။ ဖားကို မြွေကမျိုတယ်။ မြွေကိုသိမ်းငှက်ကသုတ်တယ် စသဖြင့် တစ်ကောင်နဲ့တစ်ကောင် ကြီးနိုင်ငယ်ညှဉ်းအချင်းချင်း လှည့်ပတ်ပြီး အနိုင်ကျင့်နေပုံကို တရစပ် မရပ်မနား ပြောရင်း လန်ဒန်က စာရေးဆရာကြီး ဆာအဂ္ဂါ အက်ဒဝင်အာနိုးရေးတဲ့ The Light of Asia ထဲက စာပိုဒ်တွေကို ကိုးကားပြီး ကရွတ်ကင်းလျှောက်သလို တောက်လျှောက် မရပ်မနား ပြောကြားသွားနေပုံက ကြက်သီးမွေးညင်းထလောက်အောင် အံ့မခန်းရှိလှတယ်ဗျာ။

❖ ဆရာတင်မက ဆရာ့မိသားစုကလဲ စာပေဝါသနာ တော်တော်ကြီးပုံရတယ်။ ဟောပြောပွဲမှာ အကြောင်းအရာအသစ်ကို ဟောပြောမယ်ဆိုရင် သူတို့ပါ တစ်အိမ်လုံးလိုက်ပြီး နားထောင်လေ့ရှိကြတယ်။ ဆရာ့ရဲ့အကျင့်က သူဟောမဲ့အကြောင်းအရာရဲ့လိုရင်းအချက် Main Point တွေကို Note Taking ကတ်ပြားကလေးတွေနဲ့ တေးတေးပြီး မှတ်သားလာတယ်။ အဲဒီကတ်ပြားလေးတွေကို တစ်ခုပြီးတစ်ခု အသာကြည့်ကြည့်ပြီး မမောနိုင်မပန်းနိုင် အကျယ်ချဲ့ပြီး ဟောတော့တာပဲ။ နောက်ပြီး ဆရာ့ရဲ့မှတ်ဉာဏ်ကလဲ လက်ဖျားခါလောက်အောင် ကောင်းလွန်းလှတယ်ဗျာ။ ❖

ရှေ့ကလူတွေဟောပြောပြီးလို့ ဆရာစဟောတော့မယ်ဆိုရင် အချိန်ကညဉ့်နက်လှပြီ။ ၁၂ နာရီ၊ တစ်ချက်လောက်ရှိလောက်ပြီ။ ဒါပေမဲ့ ပရိသတ်ကြီးက တုတ်တုတ်မျှမလှုပ်ဘဲ ဆရာ့ရဲ့အလှည့်ကို ဇွဲကောင်းကောင်းနဲ့ ထိုင်စောင့်နေကြတယ်။ အဲဒီလို ည ၁၂ နာရီလောက်မှ ဆရာစပြီးဟောပြီဆိုပါစို့ မနက် အရုဏ်တက် ၄ နာရီ ၅ နာရီလောက်မှ ဆရာ့ဟောပြောပွဲကပြီးတတ်တယ်။ ဒါပေမဲ့ ပရိသတ်ကငြီးငွေ့မသွားဘူး။ အဲဒီလိုပရိသတ် မငြီးငွေ့အောင်ကလဲ ဆရာက ဟောတတ်ပြောတတ်တာကိုးဗျာ။

သြော် . . . လွမ်းရပါဘိခြင်း ဆရာအောင်သင်းခင်ဗျာ။

အဲဒီတုန်းက ၁၉၈၅ ခုနှစ်။ အဲဒီလောက် ခမ်းနားအောင်မြင်တဲ့ စာပေဟောပြောပွဲကြီးတစ်ခုဖြစ်မြောက်အောင် အကောင်အထည်ဖော်ရာမှာ ကုန်ကျတဲ့စရိတ်က ခုခေတ်လူငယ်တွေသိရင် ယုံချင်မှယုံကြမယ်။ ကိုယ်လုပ်ခဲ့တဲ့ပွဲမို့ ဒိုင်ယာရီထဲမှာကို ကျုပ်က ကျကျနနနဲ့ သေသေချာချာမှတ်ထားတာ။ ကြည့် . . .

**အခမ်းအနားပြင်ဆင်ရေး**

| | |
|---|---|
| - ဇာတ်ခုံစတိတ်စင်ပြင်ဆင်ခ | ၃၀၀ ကျပ် |
| - ခုံငှားခ(ခေါက်ကုလားထိုင်များ) | ၂၀၀ ကျပ် |
| - လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ခ | ၂၀၀ ကျပ် |
| - စခန်းသိမ်းရှင်းလင်းသန့်ရှင်းရေးခ | ၂၀၀ ကျပ် |
| ပေါင်း | ၉၀၀ ကျပ် |

**ဖိတ်ကြားရေး၊ ပြန်ကြားရေး**

| | |
|---|---|
| - မြို့နယ်အတွင်းလိုက်လံကြေညာ ဂျစ်ကားနှင့် စပီကာခ | ၁၀၀ ကျပ် |
| - ဖိတ်စာနှင့် ရင်ထိုးတံဆိပ် | ၁၀၀ ကျပ် |
| ပေါင်း | ၂၀၀ ကျပ် |

**ညှိခံကြိုဆိုရေးနှင့် လက်ဆောင်စရိတ်**

| | |
|---|---|
| - စာရေးဆရာများညှိခံကျွေးမွေး စရိတ် | ၅၀၀ ကျပ် |
| - စာရေးဆရာသို့ ချီးမြှင့်လက်ဆောင် (တစ်ဦး ၁၂၅ကျပ် × ၄ ဦး) | ၅၀၀ ကျပ် |
| ပေါင်း | ၁၀၀၀ ကျပ် |

ကိုင်း အားလုံးစုစုပေါင်းမှ ၂၁၀၀ ကျပ်သာကုန်ကျခဲ့ပါတယ်ခင်ဗျာ။ မယုံမရှိကြပါနဲ့။ မယုံရင်လဲ ပုံပြင်လို့သာ မှတ်ကြပါတော့ခင်ဗျာ။ ဆရာအောင်သင်းရေ လွမ်းရတဲ့အထဲမှာ အဲဒါတွေလဲပါတယ်ခင်ဗျာ။

## မိုးညိုမြို့နယ် ကျီးပင်စုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုးညို ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တက်ဆွဲကျေးရွာအုပ်စု ကျီးပင်စုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ် သန်းသန်းခိုင်နှင့်ဝန်ထမ်းများက ကျီးပင်စုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ် သန်းသန်းခိုင်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ကျီးပင်စုကျေးရွာ၌ လမ်းအရှည်ပေ ၁၉၉၀၊ အကျယ်၁၂ပေ၊ အမြင့်ခြောက်လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၄ ဒသမ ၂ သန်းဖြင့်၂၀၂၄ ခုနှစ် မေလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျီးပင်စုကျေးရွာတွင် မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာရရှိလာပြီဖြစ်ကြောင်း သိရသည်။

**သုတ**



# မယ်ချို ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ဩဂုတ် ၂ ရက်မှစ၍ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇူလိုင် ၁၉**

မယ်ချို ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ဩဂုတ် ၂ ရက်မှစ၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဝိုင်းရွှေရည်ကပြောပြ၍ သိရသည်။

မယ်ချို ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကျော်ရာဇာကို (ရာရာ)က ရေးသားထားခြင်းဖြစ်ပြီး ကျော်ရာဇာကိုနှင့် သန္တာဝေတို့က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ထက်နောင်ကတာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာတော့ မယ်ချိုနဲ့ရေချမ်း မောင်နှမနှစ်ယောက်ထဲက ညီမဖြစ်သူ မယ်ချိုအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်လမ်းလေးက ချောက်ချားထိတ်လန့်စရာ အခန်းတွေပါတဲ့အတွက် စိတ်လှုပ်ရှားရပါတယ်။ ရွာထိပ်က ရေကန်ကြီးမှာရှိနေတဲ့ မောင်နှမနှစ်ယောက်ရဲ့ နောက်ကြောင်းရာဇဝင်နဲ့အတူ စိတ်ဝင်စားစရာတွေအပြည့်နဲ့ ရွာလေးတစ်ရွာ။ ဒီရွာလေးမှာ ဖြစ်ပျက်သွားတဲ့ ဖြစ်ရပ်တွေမှာ အံ့ဩထိတ်လန့်စရာတွေက ဘယ်ကစတင်ခဲ့တာလဲဆိုတာ မကြာခင် MRTV-4 မှာ ကြည့်ရှုရတော့မှာပါ"ဟု သရုပ်ဆောင် ဝိုင်းရွှေရည်ကပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းဘုန်းမြတ်၊ မာန်ဟိန်း၊ စောမင်းယျာ၊ ဦးစောမှိုင်း၊ ဝိုင်းရွှေရည်၊ သွန်းသစ္စာဇော်၊ ဖြိုးဟန်သာကို၊ ကုဋ္ဌေထူး၊ အကယ်ဒမီ ခင်စိုးပိုင်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း၊ မယ်ချို ရုပ်သံဇာတ်လမ်းတွဲကို လာမည့် ဩဂုတ် ၂ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၇ နာရီတွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Avengers ဇာတ်ကားသစ်များရိုက်ကူးရေး ဂျိုးရုပ်ဆိုးနှင့်အန်တိုနီရုပ်ဆိုးတို့ မာဗယ်နှင့်ဆွေးနွေးနေ

**နယူးယောက် ဇူလိုင် ၁၉**

ဒါရိုက်တာဂျိုးရုပ်ဆိုးနှင့် အန်တိုနီရုပ်ဆိုးတို့သည် Avengers ဇာတ်ကားသစ်များကို ရိုက်ကူးရေးအတွက် မာဗယ်စတူဒီယိုနှင့်ဆွေးနွေးနေကြောင်း ဇူလိုင် ၁၈ ရက်သတင်းများအရ သိရသည်။

အပြီးသတ် သဘောတူညီချက်ရခဲ့ပါက ဂျိုးရုပ်ဆိုးနှင့်အန်တိုနီရုပ်ဆိုးတို့ ညီအစ်ကိုပူးပေါင်း၍ မာဗယ်စတူဒီယိုအတွက် Avengers ဇာတ်ကားသစ် နှစ်ကားထိ တာဝန်ယူ ရိုက်ကူးပေးရမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာဂျိုးရုပ်ဆိုးနှင့် အန်တိုနီရုပ်ဆိုးတို့သည် မာဗယ်၏ ထင်ရှားသောဇာတ်ကားများထဲတွင် ပါဝင်သည့် Captain America: Civil War၊ Avengers:Infinity War နှင့် Avengers: Endgame ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် လက်ရှိအချိန်တွင် Avengers ဇာတ်ကားပေါင်း လေးကားထိ ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင် မာဗယ်စတူဒီယိုသည် ပဉ္စမမြောက်နှင့် ဆဋ္ဌမမြောက် Avengers ဇာတ်ကားများကို ရိုက်ကူးရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# တေးသံရှင် ဖြိုးမြတ်အောင် သီဆိုသရုပ်ဆောင်ထားသည့် ခြွင်းချက်မရှိ တေးသီချင်း Music Video(MV) ဇူလိုင်လအတွင်း ထွက်ရှိမည်

**ရန်ကုန် ဇူလိုင် ၁၉**

တေးသံရှင် ဖြိုးမြတ်အောင် သီဆိုသရုပ်ဆောင်ထားသည့် ခြွင်းချက်မရှိ တေးသီချင်း Music Video (MV) ဇူလိုင်လအတွင်း ထွက်ရှိမည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးမြတ်အောင်က ပြောပြ၍ သိရသည်။

ခြွင်းချက်မရှိ တေးသီချင်း Music Video (MV)တွင် တေးသံရှင် ဖြိုးမြတ်အောင်နှင့်အတူ Miss Grand Myanmar 2024 အလှမယ် သဲစုညိမ်းတို့က ပါဝင်သရုပ်ဆောင်ထားကြပြီး ဒါရိုက်တာ နှင်းစု(New Wave Entertainment) က တေးသရုပ်ဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ကျွန်တော့်ကို တေးရေး ကိုထုံကြီးက ရေးပေးထားတာ ကြာပါပြီ။ သီချင်းက အရမ်းနုလွန်းအားကြီး




တယ်ပေါ့နော်။ ကျွန်တော်က ရော့ခ် ခပ်ကြမ်းကြမ်းဆိုနေကျဆိုတော့လေ။ သီချင်းစာသားထဲက ကလေးရယ် ကလေးရယ်ဆိုတဲ့ စာသား နေရာတွေမှာပေါ့။ ခြွင်းချက်မရှိက အသက်ငယ်တဲ့ ကောင်မလေးတွေကို တင်စားဆိုထားတဲ့ သီချင်းလေးပါ။ စာသားတွေက အရမ်းချစ်စရာကောင်းနေတယ်။ သီချင်းက သဲစုညိမ်းနဲ့ အရမ်းလိုက်တယ်"ဟု တေးသံရှင် ဖြိုးမြတ်အောင်က ဆက်လက်ပြောပြသည်။

ခြွင်းချက်မရှိ တေးသီချင်းကို တေးရေးထုံကြီးက ရေးသားပေးထားခြင်းဖြစ်ပြီး Maxing ပိုင်းကို စန်းမိုးထက်၊ Music ပိုင်းကို Doron က တီးခတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ASH

# ကလီးဖဲလန်းမြို့၌ပြုလုပ်နေသည့် Superman ဇာတ်ဝင်ခန်းများ ရိုက်ကူးမှုလုပ်ငန်း ပြီးဆုံးပြီဖြစ်

**နယူးယောက် ဇူလိုင် ၁၉**

ကလီးဖဲလန်းမြို့၌ ပြုလုပ်နေသည့် Superman ဇာတ်ကား ဇာတ်ဝင်ခန်းများ ရိုက်ကူးမှုလုပ်ငန်း ပြီးဆုံးပြီဖြစ်ကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

ကလီးဖဲလန်းမြို့၌ ပြုလုပ်နေသော Superman ဇာတ်ကား ဇာတ်ဝင်ခန်းများ ရိုက်ကူးပြီးစီးမှုကို ဒါရိုက်တာ ဂျိမ်းဂန်းက လူမှုမီဒီယာ စာမျက်နှာပေါ်၌ အတည်ပြုထားခြင်းဖြစ်သည်။

သို့ရာတွင် Superman ဇာတ်ကားသစ်ရိုက်ကူးရေးလုပ်ငန်းတစ်ခုလုံးပြီးဆုံးရန် သီတင်းပတ်အနည်းငယ် ကြာမြင့်ဦးမည်ဖြစ်သည်ဟု ဒါရိုက်တာ ဂျိမ်းဂန်းက ပြောကြားထားကြောင်း သိရသည်။


ဒါရိုက်တာဂျိမ်းဂန်းသည် Superman ဇာတ်ကားသစ် ဇာတ်ဝင်ခန်းများကို ကလီးဖဲလန်းမြို့၌ သီတင်းခြောက်ပတ်ကြာ အချိန်ယူ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Superman ဇာတ်ကားသစ်တွင် အဓိကဇာတ်ကောင်များအဖြစ် မင်းသား ဒေးဗစ်ကိုရန်စဝပ်၊ မင်းသမီး ရာချယ်ဘရော့စနာဟန်၊ မင်းသား နီကိုလပ်ဟော့တို့ ပါဝင်ထားကြောင်း သိရသည်။

Superman ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# ရပ်စောက်မြို့နယ် ဖန်းမက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**ရပ်စောက် ဇူလိုင် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ကျောက်တောကျေးရွာအုပ်စု ဖန်းမက်ကျေးရွာ၌ ကျင်းပခဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖန်းမက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-1 အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# Shwebo District completes harvesting more than 70,000 acres of summer sesame



A thriving sesame plantation.

**Shwebo July 19**

A total of 73,834 acres of summer sesame has been reaped in Shwebo District of Sagaing Region this year, according to Shwebo District Agriculture Department.

Local farmers started harvesting of summer sesame in May this year, and they have so farm reaped 73,834 acres of summer sesame, yielding 17.02 baskets per acre.

Daw Zar Zar Min, Head of Shwebo Township Agriculture Department said: “All acres of summer sesame has been harvested in the township. Local farmers could expand sown acreage of summer sesame year after year. This year, they tried to exceed the target cultivation. Our department helped local farmers to use GAP system for boosting per-acre yield of sesame.”

In Shwebo District, Shwebo Township reaped 7,145 acres of summer sesame, KhinU Township 523 acres, Wetlet Township 66,067 acres and Kyaukmyaung 99 acres, totalling 73,834 acres.

Local farmers planted 7,145 acres of sesame, KhinU Township 523 acres, Wetlet Township 66,067 acres and Kyaukmyaung 99 acres, starting from February till April this year.

Relevant township agriculture departments helped local farmers to expand sown acreage of sesame, use GAP system and choose quality strains of crops. 206

# Some 2,000 acres of vegetable plants grown in Wetlet Township this year

**Wetlet July 19**

According to the statistics of Wetlet Township Agriculture Department, a total of 1,920 acres of croplands have been placed under vegetable plantations in Wetlet Township of Sagaing Region this monsoon.

Local farmers planted 1,920 acres of vegetable plantations against the target of 4,225 acres in the township for 2024-25 monsoon season.

Daw Kyin San, Head of Wetlet Township Agriculture Department said: “We planned to grow more than 4,000 acres of vegetable plantations this year. So far, local farmers have planted over 1,000 acres. They grow mustard, chilli, spicy, potato, cabbage, eggplant and Chinese cabbage. Agricultural staff train local farmers to prevent chemical residue at plants and to grow vegetable plants in accord with the protocols of the Township Public Health Department.”

Township Agriculture Department gave training to local farmers so as to apply good agriculture practice, produce healthy plants and expand sown acreage of crops.

Vegetable plants are thriving in Wetlet Township. Township Agriculture Department helps local farmers to apply correct agricultural techniques, prevent pests and use natural fertilizers and pests. 206



A vegetable plantation.

# Sagaing District plants more than 6,000 acres of cotton in monsoon

**Sagaing July 19**

Sagaing District Agriculture Department stated that a total of 6,742 acres of cotton crop has been planted in the district of Sagaing Region this monsoon.

The district earmarked 47,260 acres of cotton crop in monsoon season of 2024-25. But, local farmers started cultivation of cotton on 4,543 acres of croplands in Sagaing Township, 1,978 acres in Myinmu Township and 221 acres in Myaung Township, totalling 6,742 acres in May this year.

“So far, cultivation of more than 6,000 acres of monsoon cotton has been conducted in Sagaing District. Local farmers used Wagyi, Mahlaing cotton, pre-monsoon long staple cotton, monsoon long staple cotton, and late-monsoon long staple cotton strains. They could meet the target cultivation yearly. Our department urges local farmers to expand sown acreage of cotton plantations,” said Daw Thida Lwin, Head of District Agriculture Department.

In 2024-25 monsoon season, Sagaing Township earmarked 18,406 acres of cotton, Myinmu Township 23,157 acres and Myaung Township, 5,697 acres, totalling 47,260 acres.

This year, the relevant township agriculture departments gave training to local farmers to use quality strains of cotton crops, agriculture techniques and prevention of pests. Moreover, the departments provided necessary technologies to local farmers.

They have to spend K350,000 per acre of growing cotton per acre, yielding some 1,000 viss of cotton wool per acre.

Local farmers grow onion and pigeon pea in cotton plantations as mixed cropping process to increase incomes for families.

206

# No plans to impose tariffs on Chinese EV imports: UK trade secretary

**London July 19**

British Trade Secretary Jonathan Reynolds said at the G7 Trade Ministers' Meeting in Italy on Wednesday that the United Kingdom (UK) has no plans to follow the European Union's measure of imposing tariffs on the imports of Chinese electric vehicles.

According to the Financial Times, the UK automotive industry has not formally requested the UK Trade Remedies Authority to conduct an anti-subsidy investigation into Chinese electric vehicle imports, which is a necessary step before initiating such an investigation.

However, Reynolds also mentioned that the possibility of imposing tariffs on Chinese electric vehicles is not ruled out, as long as the decision benefits the country's automotive export sector.

Data from the Society of Motor Manufacturers and Traders shows that in 2023, the UK exported about 700,000 cars, with only 7 percent of these exported to China, while 60 percent were exported to the 27 EU countries. Meanwhile, the domestic electric vehicle market in the UK is dominated by Chinese-made brands, including MG, owned by China's SAIC Motor. Xinhua

# Feature: U.S. swing state voters frustrated, anxious as election moves closer

**Milwaukee July 19**

While former U.S. President Donald Trump accepted the Republican nomination for president at the Republican National Convention in Milwaukee, Wisconsin, incumbent President Joe Biden is grappling with intensifying pressure from within his Democratic Party to drop out of the race.

For some voters in key swing states, frustration and anxiety are prevalent as they struggle to make a decision for the upcoming election, which is less than four months away.

"I don't want to talk about the election," "I have nothing to say about the election," "I'm not interested in politics," and "I'll be glad when the election is over" ... these are some of the responses from people at a Walmart in Sauk County, Wisconsin, when asked about their views on this year's election.

Apathy and disappointment with politics were fraught among some U.S. voters, with one possible reason being their dissatisfaction with either of the candidates running in the election.

A survey released by the Pew Research Center in June showed that a quarter of Americans held unfavorable views about both party candidates, making Biden and Trump the least-liked pair of presidential candidates in at least three decades.

In another survey released last week by the Pew Research Center, a majority of voters characterize both Biden and Trump as "embarrassing."

"I don't know who I will vote for," an independent voter from Madison, Wisconsin, who declined to share his name, told Xinhua.

He thinks both Trump and Biden have some achievements during their presidencies, and each has their own experience in governance, but he doesn't believe either will address his concerns.

Xinhua

# Groceries, fruits marketable in Zaygyo market in Mandalay


Various kinds of groceries for sale in the marketplace.

**Mandalay July 19**

Trading of groceries and fruits are high in Mandalay's Zaygyo market, said U Aung Myint Thein, Chair of the market board of trustees.

Zaygyo market in Mandalay is trading groceries, textiles, personal goods, foodstuffs, and fruits as well as other goods in wholesale and retail sale. Starting from the second week of July, the market is trading groceries and fruits in high demand.

"Now, Zaygyo market is engaging in good trading for dried fish, sausage, tea, instant noodles, chilli, tomato, onion, garlic and gram. Moreover, various kinds of fruits are in high demand," he explained.

At present, papaya, watermelon, strawberry, orange, mangostein, grape and grapefruit are being trade in normal status at the market.

Likewise, Zaygyo market is trading textile and clothes, cosmetics and personal goods imported from China in normalcy.

"Now, fruit trading is top in Zaygyo market, followed by textile, personal goods and cosmetics. Foodstuffs are also in good trading," he continued.

The market is formed with more than 3,000 shops trading foodstuffs, textiles, traditional medicines, gold ornaments and others. 184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myaungmya farmers plan to cultivate 1,281 acres of rain-fed cassava

**Myaungmya July 19**

A total of 1,281 acres of cassava will be planted in this year's rain crop planting season in Myaungmya Township, Myaungmya District, Ayeyawady Region, said U Kyaw Moe Win, head of the Department of Agriculture for Myaungmya District.

In this year's rain crop planting season, 1,281 acres of cassava will be planted as a rain crop in Myaungmya Township in the third week of July this year.

"In order to be able to plant 100% as planned by the Department of Agriculture, and to use fertilizers, pesticides and herbicides proportionately for all rain crops, the employees of the department have carried out pre-field technical work to prevent the crops from getting infected. The farmers also have experience in planting cassava, so they will be able to grow it without difficulty. The cassava grown by local farmers is a high-yielding variety," said U Kyaw Moe Win, head of the Department of Agriculture for Myaungmya District.

KKL


A cassava plantation.

# Monywa Township grows more than 1,000 acres of maize in monsoon

**Monywa July 19**

According to the statistics of Monywa Township Agriculture Department, a total of 1,085 acres of croplands have been placed under monsoon maize in Monywa Township of Sagaing Region.

In 2024-25 monsoon season, Monywa Township grew 950 acres of maize and 135 acres of corns, totalling 1,085 against the target of 13,600 acres of millets, 1,084 acres of maize and 250 acres of corns starting from June this year.

U Soe Thet Aung, Head of Monywa Township Agriculture Department stated: "This year, we earmarked more than 10,000 acres of maize and corns in Monywa Township. So far, farmers have planted more than 1,000 acres of crops. We enlarge scopes of knowledge of local farmers in growing crops with the use of pesticides."

This year, the township agriculture department conducted training courses for local farmers to grow maize and corns, manage field demonstration, prevent FAW, and use pesticides.

In Monywa Township, millet yields more than 19 baskets per acre. It costs K350,000 per acre of growing corn. Maize yields more than 50 baskets per acre, costing K500,000 per acre. Corn produces more than 15,000 pieces of fruits, costing more than K500,000 per acre.

206

# Pwintbyu farmers harvest 39,870 acres of summer sesame

**Pwintbyu July 19**

A total of 39,870 acres of sesame planted in this year's summer crop season have been harvested in Pwintbyu Township, Magway Region, said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

In Pwintbyu Township, 47,452 acres of sesame were planted in this year's summer crop season. The sesame plantations started harvesting and threshing in the second week of June. To date, 39,870 acres have been harvested and threshed, with a yield of 11.90 baskets of sesame per acre.

"This year, the sesame plantations were not affected by any pest, so the quality of the sesame produced is good and the yield is good. Farmers are comfortable with the price compared to last year. This year's price of white sesame is 142,000 kyats per basket. In order to grow other summer crops, including the threshed sesame, the Department of Agriculture cooperated with related departments to provide sufficient agricultural technologies and water," she said.

Ye Win Naing (NyanugU)


Farmers seen harvesting summer sesame.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီနိုင်ငံက ယူကရိန်းသို့ စစ်လက်နက်ပစ္စည်းအမြောက်အမြား လျှို့ဝှက်ပေးပို့ခဲ့



ဂျာမနီအစိုးရသည် ဇွန်လနှောင်းပိုင်းမှ ဇူလိုင်လအစောပိုင်းကြားတွင် ယူကရိန်းသို့ အကူအညီပေးရေး အစီအစဉ်အသစ်တစ်ခုကို လျှို့ဝှက်ပေးပို့ခဲ့ကြောင်း ဂျာမနီနိုင်ငံပိုင် Bavarian နေ့စဉ်ထုတ် Munchner Merkur သတင်းစာက ဇူလိုင် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီက ယူကရိန်းသို့ စစ်လက်နက်ပစ္စည်း အမြောက်အမြား လျှို့ဝှက်ပေးပို့ခဲ့မှုသည် ပမာဏအားဖြင့် အလွန်များပြားကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနကလည်း ဇူလိုင် ၁၅ ရက်တွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အစိုးရမှထုတ်ပြန်သည့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီးနောက် ဂျာမနီစစ်ဘက်နှင့် ကာကွယ်ရေးစက်မှုလုပ်ငန်းများမှ အကြီးစားတင့်၊ သံချပ်ကာ ၃၉ မျိုးပါဝင်ကြောင်း၊ ယူကရိန်းသည် နောက်ထပ် ပံ့ပိုးပေးအပ်မှုများထဲမှ Leopard 1A5 ပင်မတိုက်ပွဲဝင်တင့်ကား ၁၀ စီးနှင့် Marder ခြေလျင်တိုက်ခိုက်ရေးယာဉ် (IFVs) အစီး ၂၀ တို့ကို လက်ခံရရှိခဲ့ ကြောင်း အဆိုပါသတင်းရင်းမြစ်မှ ပြောကြားခဲ့သည်။

ဂျာမနီအဓိပတိ Olaf Scholz အစိုးရအဖွဲ့မှ ထုတ်ပြန်သည့် အချက်အလက်များအရ ယူကရိန်းသို့ပို့ဆောင်သည့် Leopard 1A5 တင့်ကားအစီး ၅၀ နှင့် Marder IFV သံချပ်ကာ ခြေလျင်တိုက်ခိုက်ရေးယာဉ် အစီး ၁၂၀ ထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

နောက်ဆုံးပေးပို့မှုတွင် အကြီးစား စစ်လက်နက်ပစ္စည်း၊ စက်ကိရိယာများအပါအဝင် အင်ဂျင်နီယာနှင့် မိုင်းရှင်းလင်းရေးယာဉ်များ၊ ၁၅၅ မီလီမီတာအမြောက်ကျည် ၅၅၀၀၀ လည်း ပါဝင်ကြောင်း သိရသည်။

ဒိန်းမတ်နှင့် ပူးတွဲပရောဂျက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဂျာမနီနိုင်ငံသည် နောက်ထပ် Leopard 1A5 တင့်ကား ၈၅ စီးကို ယူကရိန်းသို့ပေးပို့ရန် စီစဉ်နေပြီး အချိန်ကာလအတိအကျတော့ ထုတ်ပြန်ထားခြင်းမရှိသေးပေ။ အနာဂတ် ပို့ဆောင်မှုများတွင် နောက်ထပ် Marder IFVs ခြေလျင်တိုက်ခိုက်ရေးယာဉ် အစီး ၂၀ လည်း ပါဝင်မည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် နှစ်ကုန်တွင် ယူကရိန်းနိုင်ငံသို့ Leopard တင့်ကားအစီး ၈၀ ထိ ပံ့ပိုးပေးရန်စီစဉ်ထားသော်လည်း နိုင်ငံ၏ကာကွယ်ရေး စက်မှုလုပ်ငန်းသည် တင့်၊ သံချပ်ကာ အစိတ်အပိုင်းများအတွက် အပိုပစ္စည်းများကိုရရှိရန် ရုန်းကန်နေရသဖြင့် သတ်မှတ်အချိန်ကာလထက် နောက်ကျခဲ့ကြောင်း Merkurသတင်းစာက ဖော်ပြထားသည်။

ထို့ပြင် ယူကရိန်းနိုင်ငံသည် ထိုးစစ်ဆင်ရန် အထူးတပ်မဟာတစ်ခုဖွဲ့စည်းနိုင်ရေးအတွက် ဂျာမနီထုတ်တင့်ကားများ အလုံအလောက်ရရှိရန် မျှော်လင့်နေဆဲဖြစ်ပြီး ကျန်အနောက်အုပ်စုထုတ် တင့်ကားများကိုလည်း လအတန်ကြာဆက်လက် ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။

ရုရှားတပ်မတော်သည် ဂျာမနီထုတ်တင့်ကားများကို Kamikaze ဒရုန်းများဖြင့် တိုက်ခိုက်ဖျက်ဆီးခြင်း သို့မဟုတ် ယူကရိန်းတပ်ဖွဲ့ဝင်များစွန့်ပစ်ထားခဲ့ပြီးနောက် ရုရှားစစ်သည်များက သိမ်းပိုက်ရရှိခြင်း အစရှိသည်တို့ကိုပြသထားသည့် ဗီဒီယိုဖိုင်အများအပြားကို ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ ယခင်ကတည်းက တရားဝင်ထုတ်ပြန်ခဲ့သည်။

ဂျာမနီ၏ အကူအညီနောက်ဆုံးအသုတ်တွင် မြေပြင်အခြေစိုက် IRIS-T လေကြောင်းရန်ကာကွယ်ရေးစနစ် နှစ်စုံနှင့် အမေရိကန်ထုတ် HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာ သုံးစီးတို့လည်းပါဝင်သည်။ မေလတွင် ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ဘာလင်သည် ယူကရိန်းသို့ အမေရိကန်လုပ်စနစ်များ ထပ်မံပံ့ပိုးပေးအပ်ရန် ကတိပြုခဲ့ဖူးကြောင်း သိရသည်။

ဂျာမနီသည် ပဋိပက္ခတစ်လျှောက်လုံး ယူကရိန်းအတွက် ဒုတိယအကြီးဆုံး စစ်ဘက်ဆိုင်ရာ ပံ့ပိုးပေးနေသည့်နိုင်ငံဖြစ်ပြီး အဆိုပါလက်နက်ပစ္စည်းများပေးအပ်ရန်အတွက် ယူရို ၁၀ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၄ ဘီလီယံ) ခန့် အသုံးပြုခဲ့ကြောင်း World Economy for the Kiel Institute အရ သိရသည်။

**Germany secretly sent 'huge arms package' to Ukraine – media ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျနိုင်ငံက ကြည်းတပ်နှင့် လေတပ်အတွက် ပြည်တွင်းထုတ်နှင့် ဂျာမနီထုတ် အသေးစားဒရုန်းများဝယ်ယူခဲ့



ဩစတြေးလျနိုင်ငံ(ကင်ဘာရာ)သည် ကြည်းတပ်နှင့် လေတပ်အတွက် ပြည်တွင်းထုတ်နှင့် ဂျာမနီထုတ် အသေးစားဒရုန်းများ (UAS)ကို ဝယ်ယူရန်အတွက် ဩစတြေးလျဒေါ်လာ သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၆ သန်း)တန်ဖိုးရှိ ဝယ်ယူရေးစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုသည် ဩစတြေးလျ တပ်မတော်သားများအတွက် ဘေးကင်းလုံခြုံရေးကို ဦးစားပေးရှေးရှု၍ ဩစတြေးလျတပ်မတော်၏ နည်းဗျူဟာမြောက်တိုက်ပွဲဝင် လုပ်ဆောင်နိုင်စွမ်းများ တိုးတက်စေရန်၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်း (ISR)စွမ်းရည်များကို မြှင့်တင်ရန်၊ ကြည်း၊ ရေ၊ ကမ်းရိုးတန်း၊ မရိန်းတပ်ဖွဲ့သုံး ရေယာဉ်ငယ်များ၊ မြို့ပြစစ်ဆင်ရေးများ စသည်တို့တွင် ဘက်စုံအုပ်ချုပ်ထောက်ပံ့မှုစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်နေမှုများ၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။

ဒရုန်းများတွင် ဂျာမနီနိုင်ငံထုတ် Vector ဒရုန်းနှင့် ဩစတြေးလျနိုင်ငံထုတ် Cardboard အမျိုးအစားများဖြစ်ပြီး အဆိုပါဒရုန်းများသည် တာလတ်ပျံ၊ လျှပ်စစ်စွမ်းအင်သုံး၊ ဒေါင်လိုက်အတက်အဆင်းပျံသန်းနိုင်သည့် တောင်ပံပုံသေတပ် ဒရုန်းအမျိုးအစားဖြစ်သည်။ တောင်ပံအလျား ၂ ဒသမ ၈ မီတာ (၉ ဒသမ ၂ ပေ)၊ အလေးချိန် ၈ ဒသမ ၅ ကီလိုဂရမ် (၁၈ ဒသမ ၇ ပေါင်)အောက်ရှိပြီး အမြင့်ဆုံး အလျင်နှုန်း တစ်နာရီ ၇၂ ဒသမ ၂ ကီလိုမီတာ/၄၄ ဒသမ ၈ မိုင်(၃၉ Knots) ဖြင့် အကွာအဝေးကီလိုမီတာ ၁၈၀ (၁၁၁ ဒသမ ၈ မိုင်)ကို လေထဲတွင် တစ်ဆက်တစ်စပ်တည်း မိနစ် ၁၈၀ ကြာ ပျံသန်းနိုင်စွမ်းရှိသည်။

Vector ဒရုန်းတွင် 2-in-1 လုပ်ဆောင်ချက်ပါရှိပြီး Quantum Systems ၏ Scorpion တာတိုပျံရဟတ်ယာဉ်အဖြစ် ပြောင်းလဲ အသုံးပြုနိုင်စေမည်ဖြစ်သည်။ အသေးစားမစ်ရှင်များအတွက် ဒီဇိုင်းထုတ်ထားပြီး အဆိုပါဒရုန်းသည် တောင်ပံအလျား ၁ ဒသမ ၃၇ မီတာ (၄ ဒသမ ၄ ပေ)၊ အလေးချိန် ၈ ကီလိုဂရမ် (၁၇ ဒသမ ၆ ပေါင်)ခန့် အများဆုံးအလျင်နှုန်း တစ်နာရီလျှင် ၅၃ ဒသမ ၇ ကီလိုမီတာ/၃၃ ဒသမ ၃ မိုင်(၂၉ Knots)ဖြင့် အကွာအဝေး ၁၈ ကီလိုမီတာ (၁၁ မိုင်)ထိ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်သည်။

အဆိုပါဒရုန်းများ၏ Raptor Gimbaled Visible/Thermal အာရုံခံကိရိယာများ၊ အကြမ်းခံကွန်ပျူတာမှုစနစ်များပါရှိသော မြေပြင် ထိန်းချုပ်မှုစနစ်၊ Mission Control ဆော့ဖ်ဝဲလ်နှင့် Onboard NVIDIA ဉာဏ်ရည်တုသုံး အလိုအလျောက်လုပ်ဆောင်နိုင်သော ပရိဆက်ဆာတို့ပါရှိသည်။

ဩစတြေးလျပြည်တွင်းထုတ် Cardboard ဒရုန်းအမျိုးအစားမှာ Sypaq Systems ကုမ္ပဏီထုတ် CorvoX VTOL ဒရုန်းဖြစ်ပြီး တောင်ပံအလျား ၈၂ စင်တီမီတာ (၃၂ လက်မ)၊ အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ (၆၂ ဒသမ ၁ မိုင်)၊ လေထဲတွင် မိနစ် ၅၀ နှင့် အကွာအဝေး ငါးကီလိုမီတာ (၃ ဒသမ ၁ မိုင်) ထိ တာဝန်ထမ်းဆောင်နိုင်မည် ဖြစ်သည်။ CorvoX ဒရုန်းတွင် Sony Electro-optical အာရုံခံကိရိယာ၊ FLIR Boson Long-Wave အနီအောက်ရောင်ခြည် အာရုံခံကိရိယာနှင့် NATO-စံနှုန်းမီ ဗီဒီယိုရိုက်ကူးထုတ်လွှင့်နိုင်မှုတို့ ပါဝင်မည်ဖြစ်သည်။

ဝယ်ယူထားသည့် ဂျာမနီထုတ်နှင့် ပြည်တွင်းထုတ် အသေးစားဒရုန်းများကို လာမည့်နှစ်တွင် လွှဲပြောင်း၊ လက်ခံမှုများ လုပ်ဆောင်နိုင်လိမ့်မည်ဟု သိရသည်။ အဆိုပါ အသေးစား ဒရုန်းများသည် ဩစတြေးလျတပ်မတော်၏ လက်ရှိစာရင်းအရ ဒရုန်းအစင်း ၂၀ တွင် ထပ်ပေါင်းအားဖြည့် ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Australia Purchases Small Drones for Army, Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် မြေပဲ ၁၅၀၂၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၅၅ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲ ၁၅၀၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ မြေပဲ ၆၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြေပဲသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာသလို အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ၂၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မြောင်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများထွက်ရှိပြီး လက်ရှိ ဇူလိုင်လ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးများတစ်ရက်လျှင် ခရမ်းသီးအလုံးရေ ၅၀၀ ပါခြင်း ငါးခြင်းမှ ၁၀ ခြင်းထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေကလဲ အဝယ်များနေတယ်။ အခြားဒေသတွေကို အလုံးရေ ၅၀၀ ပါ ခြင်းတွေနဲ့ ထည့်သွင်းတင်ပို့ရောင်းချနေတာပါ။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းစင်ပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ အခုနှစ်ခရမ်းသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၅၀၀ ပါတစ်ခြင်းလျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက်ခရမ်းသီများအပါအဝင် အခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် လွိုင်ခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိုင်းရှူး ဇူလိုင် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် လွိုင်ခမ်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် လွိုင်ခမ်းကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကွန်ကရစ်ဘီးလမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လွိုင်ခမ်းကျေးရွာရှိ အဆိုပါ ကွန်ကရစ်ဘီးလမ်းသည် တစ်ဖက်လျှင် အရှည် ပေ ၅၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၈၃ သိန်း ကို အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူကိုယ်တိုင် ၂၀၂၄ ခုနှစ် မတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၆၃ အိမ်၊ လူဦးရေ ၃၂၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူကာ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ရှိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

စာမျက်နှာ ၁၇ မှအဆက်

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက်အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)များသို့ အများပြည်သူများကလည်း လာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



အာဇာနည်ဗိမာန်တွင်
လာရောက်ဂါရဝပြုကြသည့်
ရဟန်းရှင်လူများ၊ ကျောင်းသား၊
ကျောင်းသူများနှင့်
ပြည်သူများကို တွေ့ရစဉ်။





အာဇာနည်ဗိမာန်တွင်
လာရောက်
ဂါရဝပြုကြသည့်
ရဟန်းရှင်လူများ၊
ကျောင်းသား၊
ကျောင်းသူများနှင့်
ပြည်သူများကို
တွေ့ရစဉ်။

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ခြင်းနှင့် အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနား ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြု အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနား နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

(၇၇)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် နေပြည်တော်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ညွှန့်ပရိသတ်များက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ညွှန့်ပရိသတ်များက နေပြည်တော် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရထံမှ သံဝေဂကထာတရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တက်ရောက်လာကြသည့် ညွှန့်ပရိသတ်များက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ တစ်မိနစ် မတ်တတ်ရပ် ဦးညွှတ်၍ ငြိမ်သက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

**၁၉-၇-၂၀၂၄ ည ၈ နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် ၅၄ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ခုနစ်ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၈၄ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရိုးတွင်းခြင်ဆီအစားထိုးကုသမှုဌာန၌ ပထမဆုံး ရိုးတွင်းခြင်ဆီအစားထိုးကုသမှု အောင်မြင်စွာ ခံယူပြီးခဲ့သော လူနာနှစ်ဦးကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တွေ့ဆုံအားပေးစကားပြောကြား





**ရန်ကုန် ဇူလိုင် ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ရိုးတွင်းခြင်ဆီ အစားထိုးကုသမှုဌာနတွင် ပထမဆုံး ရိုးတွင်းခြင်ဆီအစားထိုးကုသမှု အောင်မြင်စွာခံယူပြီးခဲ့သော လူနာနှစ်ဦးကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များ မှာကြား၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

မဒေးကျွန်းရွာ ကျောက်ဖြူမြို့ ရခိုင်ပြည်နယ်မှ လူနာဒေါ်စန်းအေး၊ အသက် ၅၈ နှစ်သည် **Hb E disease (heterozygous) Multiple Myeloma** ခြင်ဆီကင်ဆာရောဂါဖြင့် ရိုးတွင်းခြင်ဆီအစားထိုးကုသရမည်ဖြစ်သောကြောင့် **(Autologous peripheral blood stem cell** အစားထိုးကုသမှု)ကို ဇွန် ၁၉ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း၊ လူနာ၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်ပြီး လူနာ၏ ရိုးတွင်းခြင်ဆီတွင် အစားထိုးကုသထားသည့် ပင်မဆဲလ်များသည် သွေးဆဲလ်အသစ်များ စတင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကျန်းမာသော သွေးဆဲလ်များ လုံလောက်စွာ ထုတ်ပေးနိုင်သော ခြင်ဆီအသစ်ဖြစ်ပေါ်ခြင်း အဆင့်အောင်မြင်မှုရရှိခြင်း**(Engraftment)** ရရှိနေပြီဖြစ်ကြောင်းနှင့် လူနာမှာ ဇူလိုင် ၁၉ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီဖြစ်သည်။

အလားတူ ထီးဆောင်းရွာ မြင်းမူမြို့ စစ်ကိုင်းတိုင်းဒေသကြီးမှ လူနာဦးမြင့်အောင်၊ အသက် ၅၈ နှစ်သည် **EBO Thalassaemia& Hypertension IgA k light chain monoclonal gammopathy ( Multiple Myeloma)** ရောဂါဖြင့် ဇွန် ၂၆ ရက်တွင် ခြင်ဆီကင်ဆာရောဂါဖြင့် ရိုးတွင်းခြင်ဆီ အစားထိုးကုသမှုကို ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ခြင်ဆီအသစ်ဖြစ်ပေါ်ခြင်းအဆင့် အောင်မြင်မှုရရှိပြီးဖြစ်ကာ ကျန်းမာရေးအခြေအနေ တည်ငြိမ်ကောင်းမွန်၍ ဆေးရုံဆင်းခွင့်ရရှိပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ခြင်ဆီကင်ဆာရောဂါ ဝေဒနာခံစားနေရသော လူနာများကို ပထမဆုံးရိုးတွင်းခြင်ဆီအစားထိုးကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမှာ ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဖြည့်ဆည်းခဲ့ပေးမှုများကြောင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ဆေးပညာလောကအတွက် သမိုင်းမှတ်တိုင် တစ်ရပ်စိုက်ထူနိုင်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်ကုသရန်မလိုအပ်ဘဲ ပြည်တွင်းတွင် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လူနာများ၏ ကုန်ကျမှုများစွာသက်သာနိုင်တော့မည်ဖြစ်ကြောင်းနှင့် လူနာများ၏ **Quality of Life** ကို ပြန်လည်ရရှိနိုင်ခြင်းစသော အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❖ မုန်တိုင်းငယ်မှ**

အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်**(Depression)**သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ အနောက်ဘက် ရေမိုင် ၄၃၀ ခန့်၊ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်၊ ပါရာဒစ်ရှ်မြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၆၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထို့နောက်မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ဩရိဿပြည်နယ်နှင့်ချက်တစ်ဂတ်ပြည်နယ်တို့သို့ ရောက်ရှိကာ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ ဇူလိုင် ၂၁ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**၁၉-၇-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းငယ် ခန့်မှန်းလမ်းကြောင်းပြမြေပုံ**




**☆ ကျောဖုံးမှအဆက်**

မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဂုဏ်ပြုတပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့လျှော့ချလွှင့်ထူ၍ နှစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုကြသည်။

ယနေ့ ဇူလိုင် ၁၉ ရက်တွင် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ အများပြည်သူလာရောက်လေ့လာနိုင်ရန် ယနေ့တွင် တစ်ရက်တာ အခမဲ့အထူးဖွင့်လှစ်ပြသခဲ့ပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း ဇာနည်ခေါင်းဆောင်များ ကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုး၊ အဆောက်အအုံသမိုင်းကြောင်း၊ သက်တမ်းရာကျော်ရှိသည့် ပါလီမန်အဆောက်အအုံနှင့် အဆောက်အအုံအတွင်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို အများပြည်သူနှင့် ကျောင်းသား၊ ကျောင်းသူများ အထူးစည်ကားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါကတည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသားကျောင်းသူများ စည်ကားစွာလေ့လာကြည့်ရှု







**ရန်ကုန် ဇူလိုင် ၁၉**

ယနေ့တွင်ကျရောက်သည့် (၇၇)နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း(ယခင်တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စည်ကားစွာလေ့လာကြည့်ရှုခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သော နေအိမ်ပြတိုက်တွင် အာဇာနည်နေ့၌ နံနက် ၇ နာရီမှ ညနေ ၅ နာရီထိ အထူးပြပွဲအပါအဝင် ပြခန်းများကိုခင်းကျင်းပြသထားပြီး အဆိုပါ အထူးပြပွဲတွင်နည်းပညာပြကွက်(**Digital Exhibition**)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့်မေးခွန်း ၂၅ ခုကိုဖြေဆိုခြင်းဖြင့် ဆုငွေများလက်ရောက်ချီးမြှင့်ခဲ့ရာ ဖြေဆိုသူများဖြင့် စည်ကားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်တို့မှ အပ ကျန်နေ့ရက်တို့၌ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီသောင်းက "(၇၇)နှစ်မြောက်အာဇာနည်နေ့မှာ ဒီနှစ်ဆိုရင် ပုံမှန်ခင်းကျင်းပြသမှုနဲ့ နည်းပညာပြကွက်(**Digital Exhibition**)ဆိုပြီး ကဏ္ဍနှစ်မျိုးနဲ့ပြသထားပါတယ်။ ပုံမှန်ပြသမှုဆိုရင် ပြတိုက်မှာခင်းကျင်းပြသထားတဲ့အတိုင်းဖြစ်ပြီး နည်းပညာပြကွက်ဆိုရင် **3D** ပိုရိုဂရပ်ဖစ်မှာ ဗိုလ်ချုပ်ရဲ့မိန့်ခွန်းတွေ၊ ပြခန်းတွေကပစ္စည်းတွေနဲ့ ပြတိုက်ပြင်ပရှုခင်းတို့ကို တစ်နေရာတည်းမှာ ကြည့်ရှုနိုင်အောင် ပြသထားပါတယ်။ **Digital Exhibition** ပြကွက်မှာ ဗိုလ်ချုပ်မိန့်ခွန်းနဲ့သမိုင်းကြောင်းကို စခရင်ပေါ်မှာကိုယ်တိုင်နှိပ်ရှာပြီးလေ့လာနိုင်အောင် စခရင်ဘုတ်ပြားတွေထောင်ပေးထားပါတယ်။ ဗိုလ်ချုပ်နဲ့ ပြတိုက်သမိုင်းကြောင်းနဲ့ပတ်သက်ပြီး ဉာဏ်စမ်းပဟေဠိမေးခွန်းဖြေဆိုနိုင်သူတွေကို ဆုငွေချီးမြှင့်တာလည်း ဆောင်ရွက်ပေးထားပါတယ်။ ဗိုလ်ချုပ်အိပ်ရာပြခန်းမှာ ဒီနှစ်ထူးခြားတာက ဗိုလ်ချုပ်ဝတ်ဆင်ခဲ့တဲ့ အဝတ်အစားတွေမှာ A.Sစာသားပါတဲ့အဝတ်အစားနဲ့ ခရီးဆောင်သားရေသေတ္တာကို အများပြည်သူကြည့်ရှုလေ့လာနိုင်အောင် အပြင်ကိုထုတ်ပြီးပြသထားပါတယ်။ ဒီနှစ်မှာ အများပြည်သူပြီးပြည့်စုံစွာလေ့လာသိရှိနိုင်အောင် နည်းပညာပိုင်းဆိုင်ရာများနဲ့ ဖြည့်စွက်ဆောင်ရွက်ပေးထားတဲ့အတွက် အများပြည်သူအားရကျေနပ်မှုရရှိစေမှာပါ။ မျိုးချစ်စိတ်နဲ့ အာဇာနည်စိတ်ထားတွေ ပေါ်ထွန်းလာအောင် သမိုင်းကြောင်းထဲက အဓိကပုဂ္ဂိုလ်တစ်ဦးကို မှတ်မိစေဖို့ပြတိုက်ကို ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ဗိုလ်ချုပ်က စာဖတ်အားကောင်းတယ်။ အင်္ဂလိပ်စာအုပ်ဆိုရင် ဘာသာရပ်အလိုက် ၂၃၉ အုပ်ကိုဖတ်ခဲ့တဲ့အတွက် နိုင်ငံတကာနဲ့ယှဉ်ပြီး ပြောဆိုဆက်ဆံနိုင်ခဲ့ပြီးတော့ လွတ်လပ်ရေးအတွက်လည်းတိုက်ပွဲဝင်နိုင်ခဲ့တာပါ။ဒါတွေကို ကလေးတွေအနေနဲ့ ခေါင်းဆောင်တစ်ဦးရဲ့ အနေအထိုင်၊အပြုအမူကို မှန်းဆတမ်းတမြင်ယောင်ပြီး အတုယူတတ်ဖို့လည်းလိုပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ပြတိုက်အပေါ်ထပ်တွင် ဗိုလ်ချုပ်တို့ဇနီးမောင်နှံအိပ်ခန်း၌ ခုတင်၊မှန်တင်ခုံ၊သစ်သားဗီရို၊ ဗိုလ်ချုပ်အသုံးအဆောင်ပစ္စည်းများထားရှိပြီး ထိုအခန်းခေါင်းရင်း၌ ကြောင်လိမ်လှေကားဖြင့်တက်ရသည့် တတိယထပ်တာဝါတွင်ရှိသော ဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစုပူဇော်ခဲ့သည့် ဒက္ခိဏသာခါဆင်းတုတော်နှင့်ကျောင်းဆောင်ပုံကို ဗိုလ်ချုပ်အိပ်ခန်းခေါင်းရင်းတွင် ဘုတ်ပြားပေါ်၌ ဓာတ်ပုံ၊စာသားဖြင့်ပြသထားပြီး ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် အဝတ်အစားများနှင့် ခရီးဆောင်အိတ်ကို ပြသထားသည်။

ဗိုလ်ချုပ်အိပ်ခန်းနံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်ရှိ စာဖတ်ခန်းတို့ကိုပြသထားပြီး ကလေးများအိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဗီရိုနှင့် မှန်တင်ခုံတို့ကို ပြသထားသည်။

ဗိုလ်ချုပ်၏သားသမီးများ အိပ်ခန်းအနီးတွင်ရှိသည့် အထူးအစည်းအဝေးခန်း၌ ဆက်တီတစ်စုံနှင့် နံရံတွင်ဗိုလ်ချုပ်မိန့်ခွန်းများကောက်နုတ်ချက်တို့ကို မြန်မာ၊အင်္ဂလိပ်နှစ်ဘာသာဖြင့်ပြသထားပြီး ကလေးအိပ်ခန်းအနောက်ဘက်တံခါးရှိ ပြတိုက်စကြံလမ်းမှ ပြတိုက်အောက်သို့ပတ်၍ ပြန်ဆင်းပါကရေကန်အနီး၌ စိုက်ခင်းပြကွက်တွင်သီးပင်၊စားပင်စိုက်ပျိုးနေသည့် ဗိုလ်ချုပ်ရုပ်တုပုံကို ပြသထားသည်။ ရေကန်အနီးပြတိုက်ဝင်းအထွက်လမ်း၌ **3D** ပိုရိုဂရပ်ဖစ်နှင့် နည်းပညာပြကွက်(**Digital Exhibition**)တို့ကိုပြသထားပြီး အများပြည်သူ အထူးစိတ်ဝင်တစားလေ့လာခဲ့ကြကာ ဉာဏ်စမ်းပဟေဠိများကိုလည်း စိတ်ပါဝင်စားစွာဖြေဆိုကြသည်။

ယနေ့ (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား ယခင်နှစ်တို့ထက် နည်းပညာအစီအစဉ်တို့ကိုတိုးမြှင့်ပြသခဲ့ရာ ပြတိုက်အင်္ဂါနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထား၍ မိုးဖွဲဖွဲနှင့်အတူ ကြည့်ရှုလေ့လာသူတို့ဖြင့် အထူးစည်ကားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းငယ်ဘဝဖြစ်စဉ်များမှ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသ





**နတ်မောက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြခန်းအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိမှတ်တမ်းဓာတ်ပုံများကို ယနေ့တွင် ခင်းကျင်းပြသရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများ၊ ကျောင်းသားကျောင်းသူများဖြင့် စည်ကားခဲ့သည်။

"ဒီကနေ့မှာကျရောက်တဲ့(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နတ်မောက်မြို့မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂုဏ်ပြုသောအားဖြင့် ယခင်နှစ်တွေနဲ့မတူဘဲ အထူးပြခန်းအနေနဲ့ဗိုလ်ချုပ်ရဲ့ငယ်ဘဝကနေ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံတွေကို ခင်းကျင်းပြသထားပြီး ကျောင်းသားလူငယ်တွေ အသိပညာဗဟုသုတ ကြွယ်ဝစေဖို့အတွက် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးရဲ့ ဘဝဖြစ်စဉ်အကျဉ်းတွေကိုပါ ခင်းကျင်းပြသပေးထားပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (မကွေးဌာန ခွဲ)မှဦးစီးအရာရှိ ဦးရဲလွင်က ပြောပြသည်။

ဗိုလ်ချုပ်နေအိမ်ပြတိုက်တွင် ဗိုလ်ချုပ်၏မိခင်အသုံးပြုခဲ့သည့် ဆီသိုလှောင်သည့် ဂိုထောင်ဟောင်းနှင့် နေအိမ်အောက်ထပ်တွင် စပါးကျီချိုင့်၊ ဗိုလ်ချုပ် အစ်မရက်ခဲ့သည့် မူရင်းရက်ကန်းစင်၊ ဗိုလ်ချုပ်ငယ်စဉ်ဘဝကကိုင်ဆောင်ခဲ့သည့် စာအုပ်မျက်နှာဖုံးများ၊ ဗိုလ်ချုပ်၏မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုများမှသည် ကျဆုံးခဲ့သည့်အချိန်အထိမှတ်တမ်းဓာတ်ပုံများကိုခင်းကျင်းပြသထားပြီး နေအိမ်အပေါ်ထပ်တွင် ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ထုလုပ်ထားသည့် ဆီလီကွန်ရုပ်တု၊ဗိုလ်ချုပ်မိဘအိမ်ပြန်လာစဉ်အိပ်ခန်း၊ အိပ်ခန်းအတွင်းမှ မူရင်းကြိုးခုတင်၊ဗိုလ်ချုပ်၏မိခင်အိပ်ခန်း၊ ဗိုလ်ချုပ်မိသားစုအိပ်ခန်း၊ အမျိုးသမီးပြင်ဆင်ခန်း၊ မီးဖိုခန်း၊ နေအိမ်ခြံဝင်းအတွင်း၌ ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ကျောက်စာတိုင်နှင့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို ပုံမှန်အားဖြင့် တနင်္လာနေ့နှင့်အများပြည်သူရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိလာရောက်ကြည့်ရှုလေ့လာနိုင်ပြီး ယနေ့တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နံနက် ၇ နာရီမှ ညနေ ၅ နာရီထိ အများပြည်သူ လေ့လာကြည့်ရှုနိုင်အောင် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းသိရပြီး ယနေ့တွင် ပြခန်းများသို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများကို အာဇာနည်နေ့နှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့်ဗဟုသုတမေးခွန်းများကိုမေးမြန်း၍ ဖြေဆိုနိုင်သူများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မကွေးဌာနခွဲ)က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့ ခေမရဋ္ဌပျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး၌ ပြုလုပ်သည့် (၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပ



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခေမရဋ္ဌပျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး၏ (၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပစဉ်။**

**နေပြည်တော် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခေမရဋ္ဌပျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး၏ (၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီးရှိ အာရုံခံတန်ဆောင်း၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ သံသရာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ သာသနာ့ဝေပုလ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ရေစက်ချ အနုမောဒနာတရားကို နာယူကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ခေမရဋ္ဌပျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး၌ ပြုလုပ်သည့် (၃၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ယနေ့ထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟုမ္မလင်း ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၁၂၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ၉၇၄ ဧက၊ မိုပိုင်းလွတ်မြို့တွင် ဧက ၆၀ စုစုပေါင်း ၁၀၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းခရိုင်အတွင်း ဟင်းသီးဟင်းရွက် ဧက ၁၂၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၃၄ ဧက စိုက်ပျိုးပြီးစီးပါပြီ။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ ပန်းမုန်လာ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ဧက ၁၁၁၀၊ မိုပိုင်းလွတ်မြို့တွင် ဧက ၁၅၀ စုစုပေါင်း ဧက ၁၂၆၀ ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးထံမှ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ပေါင်းတူး(တ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စလင်း ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပေါင်းတူး(တ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ပေါင်းတူး(တ)ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပေါင်းတူး(တ)ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇၆ ဒသမ ၈၈၁ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန် ၁၄ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီးပါက ပေါင်းတူး(တ)ကျေးရွာနှင့် ပေါင်းတူး(မ)ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေကေများမှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။

ဇင်မာ

## စာအုပ်စာပေ လှူမိတ်ဆွေ






# ချစ်သူတို့လျှောက်လမ်းထဲမှာ

ကျွန်းစဉ့်မြေစောခက်



(၁)

ခု တင်မိုးဆိုတဲ့ကောင် စာမေးပွဲကျလို့ ကျောင်းပြင်ပသို့ထွက်ကျလာပြီ။ ရွာရောက်တော့လဲ ယောင်တောင်ပေါင်တောင်နဲ့ ကျောင်းသားလူထွက်ဆိုတာကြီးပေါ့။ မိဘကလဲ ဥစ္စာပျက်ချိန်ဆိုတော့ ဘာမှလုပ်မပေးနိုင်ရှာကြပါဘူး။ သူတို့ရွာက ပင်လယ်ကမ်းနံဘေးက တံငါရွာဆိုတော့ တင်မိုးတို့အရွယ်တွေ ပင်လယ်ပြင်ထဲထွက်ပြီး ငါးဖမ်းလိုက်ကြရုံပေါ့။

တင်မိုးတစ်ယောက် အဲသလောက်ထိ မအီမလည်မရေမရာနဲ့ ခေါင်းစဉ်တပ်မရဖြစ်နေတဲ့ကာလမျိုးမှာ ကံကောင်းတာလား၊ ကံဆိုးတာလားတော့မသိ။ သူ ကိုးတန်းစာမေးပွဲဖြေပြီးလို့ ရွာပြန်ချိန်ကစပြီး ကြိုက်ခဲ့ကြတဲ့ ချစ်သူကောင်မကလေးက နားပူနားဆာလုပ်လာပါလေရော။ အချစ်ကြီးသူတို့ဘဝ ခါတိုင်းပုံစံလိုပါပဲ။ ကောင်မကလေးကို အခြားတစ်ယောက်နဲ့ မိဘက နားချပေးစားတော့မယ်ဆိုတဲ့အကြောင်း ကောင်မကလေးကတော့ ပိတောက်လိုအချစ်မျိုးမို့ နှစ်ခါမပွင့်လိုကြောင်း ချစ်ခွန်းခြွေကာ အယူခံဝင်လာရဲ့။

မောင်မင်းကြီးသား အချစ်ရူးတင်မိုး ဘယ်ခံနိုင်လိမ့်မလဲလေ။ တစ်ဖက်ရွာမှာရှိတဲ့ ချစ်တဲ့သူအမူတုံးကို လှေကလေးလှော်ပြီး သွားခိုးခဲ့ပါရောလား။ မခိုးဘဲနေနိုင်ရောလား။ ရှည်တဲ့အရပ်မှာ ပြည့်ဖြိုးတဲ့အသားအရေဟာ သူ့နေရာလေးနဲ့သူ အဝိုက်အဝန်းညီညီ ဖွံ့စည်းဖြစ်ပေါ်နေလေတော့ မိန်းမလှစာရင်းဝင်ခဲ့လေပြီပေါ့။ ဒါကြောင့် ကောင်မကလေးကို ချစ်စကားပြောသူတွေ၊ ကမ်းလှမ်းသူတွေလဲ အလျှိုလျှိုပဲတဲ့။ ရွာကိုရောက်လာကြတဲ့ အစိုးရဝန်ထမ်းတွေတောင် ပါသေးဆိုပဲ။ ရွာသူသာဆိုတယ် မြို့သူအပျိုတွေထက်သာတဲ့ အလှပိုင်ရှင်ပဲလို့ ပြောနေကြလေရဲ့။

(၂)

"နှင်းရယ် တို့ဘဝတစ်ခုကို တည်ဆောက်တဲ့အချိန်မှာ အလုပ်ဆိုတာ တစ်ခုတော့ရှိဖို့လိုတယ်နော်"

"မောင်က ဘာလုပ်ချင်လို့လဲ"

"မောင်တို့ရွာက တံငါရွာဆိုတော့ သူများတွေလိုပဲမောင် ငါးဖမ်းလိုက်မယ်လေ။ မောင့်ဘဝက တံငါနားနီးနေပြီလေကွယ်"

"ဟူး. . . မဖြစ်ဘူး မောင်၊ မဖြစ်ဘူး။ မောင် ပင်လယ်ပြင်မထွက်ရဘူး။ မောင် အရမ်းပင်ပန်းမှာပေါ့။ မောင် ငါးမဖမ်းရဘူးနော်"

"အဲလိုဆို မောင် ဘာလုပ်ရမှာလဲကွယ်"

"နှင်းပြောပြမယ်။ ခု ဒီမှာသူများတွေ ငါးရေဆယ်ဝယ်နေကြတယ်မဟုတ်လား။ အဲဒီမှာ တို့လဲ ဝင်ဝယ်မှာပေါ့"

"မဟုတ်သေးဘူး နှင်း။ သူတို့တွေမှာက မိုးတွင်းကတည်းက ပိုက်ဆံကြိုပေးပြီး သူ့လှေနဲ့ သူ့အဆက်နဲ့ အံဝင်ခွင်ကျဖြစ်နေကြတာလေ"

"ဒီလိုရှိတယ်၊ နှင်း လေ့လာထားပြီးပြီ။ အဲဒီ စရန်နဲ့လူတွေဆီက လုဝယ်စရာမလိုဘူး။ ကြိုတင်ငွေမရှိတဲ့ လှေတွေဆီက ဝယ်မှာလေ"

"ကြိုတင်ငွေမရှိရင်လဲ သူတို့မှာက ဆွေမကင်းမျိုးမကင်းလုပ်နေကြတာပဲ မဟုတ်လား"

"မောင် အသာနေ နှင်းလုပ်မယ်။ သူတို့ပုံမှန်ဝယ်နေတဲ့ဈေးထက် ဈေးပိုပေးဝယ်ရင် ရတယ်"

"ဟုတ်ပါ့မလား"

"ရတယ်၊ ရတယ်"

ဒီလိုနဲ့ တင်မိုးနဲ့ ခင်နှင်းတို့လင်မယား ငါးဝယ်ရေးလုပ်ငန်း အတည်ဖြစ်သွားတော့တယ်။ အရင်းအနှီး ပိုက်ဆံကိုတော့ ခင်နှင်းကပဲ သူ့မိဘ သူ့ဆွေမျိုးကို အကျိုးအကြောင်းပြောပြပြီး ရယူလိုက်တယ်။ ထင်တဲ့အတိုင်းပါပဲ။ လူဆိုတာ လောဘသားကောင်တွေပဲ။ တင်မိုးတို့လင်မယား ငါးဈေးပိုပေးတယ်ဆိုတဲ့ သတင်းစကား ရေတံငါတွေနားပေါက်သွားတော့ ကြိုတင်ငွေယူထားသူကော၊ မယူထားသူကော ပိုက်လှေကမ်းကပ်တာနဲ့ တင်မိုးတို့ဒိုင်ကိုရောက်လာကြပြီကော။ ရေဆယ်သမားကုန်သည်ကြီးတွေဆီကို ငါးတွေ ထင်သလောက်မရောက်တဲ့ အခြေအနေမျိုး ရောက်ခဲ့ကြပြီပေါ့။

ရေဆယ်ယူခြင်းမှာ ရေအလိုက်ဝယ်ယူခြင်းပဲဖြစ်ပါတယ်။ တစ်ရေဆိုသည်မှာ ဒီရေကြီးချိန် လဆန်း ၁၃ ရက်၊ ၁၄ ရက်၊ လပြည့်၊ လပြည့်ကျော် ၁ ရက်၊ ၂ ရက်၊ ၃ ရက်ထိကာလကို တစ်ရေ၊ လဆုတ် ၁၃ ရက်၊ ၁၄ ရက်၊ လကွယ်နှင့် လဆန်း ၁ ရက်၊ ၂ ရက်၊ ၃ ရက်နေ့ထိကာလကို တစ်ရေသတ်မှတ်တယ်။ တစ်လမှာ နှစ်ရေရှိတယ်။ အဲဒီနှစ်ရေဟာ ပသျှူးပိုက်ချတဲ့ကာလပါပဲ။

ပသျှူးပိုက်မှာ ပိုက်ကွက်ကျဲကြီးဖြစ်တယ်။ ပသျှူးပိုက်မှာငြိတဲ့ငါးတွေဟာ အနည်းဆုံး သုံးပိဿာစီးတဲ့ ငါးတွေပဲဖြစ်တယ်။ ကကူရံ၊ ကကတစ်၊ ကသမြင်၊ နတ်ကတော်နဲ့ ငါးတောက်တူတို့လို ငါးကြီးတွေပဲရတယ်။ အဓိကကတော့ ကကူရံထောင်ဖမ်းတဲ့ပိုက်ပါပဲ။ အခြား ငါးတွေကတော့ တစ်ကောင်တလေပဲ ပါတတ်ကြတယ်။

နွေရာသီ ရေကြီးရေထရက်များဆို ကျောက်ဖြူမြို့နယ် တောင်ပင်လယ်၌ ကကူရံတွေ အုပ်လိုက်သင်းလိုက် တက်တတ်ကြတယ်။ ဘယ်အချိန်တွေကများစပြီး ရှိနေခဲ့ကြလေတယ်မသိဘူး။ ရေတံငါတွေ ခေတ်အဆက်ဆက် ကာလအတန်တန် ထောင်ဖမ်းကြပေမဲ့ ကုန်ခန်းသွားတယ်ရယ်လို့ မရှိဘူး။

(၃)

ငပသုန်ရွာမှာ ပင်ကိုရေဆယ်ယူကုန်သည်လေးယောက်ရှိပါတယ်။ သူတို့တွေကပဲ တစ်ရွာလုံး ပသျှူးပိုက်သမားတွေကို အုပ်ထားကြတာ။ ဒီရေမှာတော့ တင်မိုးက တစ်လေးတိုးပြီး ကုန်သည်ပေါက်စလေးအဖြစ် ပါဝင်လာခဲ့တယ်။ တင်မိုးမှာ အခြေအနေမဲ့သူတစ်ယောက်ဖြစ်တဲ့အပြင် ငါးဈေးကိုလဲ လက်ရှိကုန်သည်ကြီးတွေထက် ဈေးပိုပေးထားတာကြောင့် ပသျှူးပိုက်သမားတွေရဲ့အချစ်တော် ကုန်သည်ကလေး တစ်မူဟုတ်ချင်း ဖြစ်သွားတာပေါ့။

ရွာသားတွေကတော့ မရှိမဲ့ရှိမဲ့ကြံဖန်ပြီး ကုန်သည်ဖြစ်လာတဲ့တင်မိုးကို မြတ်စေချင်ကြတယ်။ ဒါကြောင့်လဲ ငါးညှင်းပါးညှင်းပေးကြတဲ့လူတွေကတောင် တင်မိုးငါးတွေကို ညှင်းတောင်တောင်မနုတ်ကြရှာပါဘူး။ ညှင်းတောင်ဆိုတာကတော့ အသားတွဲထူနေတဲ့နေရာတွေက ငါးအသားတွေကိုချင်လှီးပြီး ထုတ်ယူတာဖြစ်ပါတယ်။ ဒီလို ညှင်းတောင်တွေကို ငါးညှင်းသူတွေကပဲ မေတ္တာလက်ဆောင်အဖြစ် ရရှိခြင်းဖြစ်ပါတယ်။ ညှင်းတောင်အနုတ်များရင် ငါးညှင်းပါးအရနည်းပြီး ဈေးကွက်မှာ တန်ဖိုးလျော့တတ်ပါတယ်။ ငါးညှင်းများများပါမှ ဈေးကောင်းရတတ်ကြတာလေ။

သည်လိုကကူရံငါးတွေကို ရေဆယ်ယူခြင်း၊ ညှင်းခြင်းနဲ့ အခြောက်လှန်းခြင်းတို့ကို အဆင့်ဆင့်လုပ်ဆောင်ပြီး ကုန်ချောအဆင့်ထိရောက်နိုင်အောင် ဆောင်ရွက်မှုက တစ်ပတ်တိတိကြာတတ်ကြပါတယ်။ ကုန်ချောဖြစ်လာပြီဟေ့ဆိုရင် ဂုန်နီအိတ်နဲ့ အသေအချာထုပ်ပိုးပြီး ထုံးကျွိုန်သင်္ဘောဆိပ်ကမ်းကနေ စစ်တွေ၊ ကျောက်ဖြူမြို့ကြီးများသို့ သွားရောင်းလေ့ရှိကြတယ်။

အခုတစ်လောရွာမှာ ဘယ်လိုဖြစ်နေသလဲဆိုရင် "အဲဒီကောင်ကလေးက မလောက်လေးမလောက်စားနဲ့ ကုန်သည်လုပ်ချင်တယ်၊ ရှုံးဒဏ်ခံနိုင်မလားကြည့်ကြသေးတာပေါ့"ဆိုပြီး သူတို့တွေ လူတန်းစားလက္ခဏာကို လှစ်ပြလာကြတယ်။ ထူးခြားတာတစ်ခုက သူတို့ကုန်သည်ဆိုတဲ့ လူတစ်စုဟာ တင်မိုး ငါးကောက်ဝယ်တဲ့အချိန်ကစလို့ တင်မိုးကိုမခေါ်မပြောကြတော့တာပါပဲ။ ကိုယ်က သူတို့ခြေကြည့်ပြီး လှမ်းနေရတဲ့အချိန်မျိုးမှာ သူတို့က ကိုယ့်ကိုဘေးဖယ်ပြီး ဆက်ဆံလိုက်ကြတော့ တင်မိုးမှာ အားငယ်သလိုလို ဖြစ်သွားတာတော့ အမှန်ပါပဲ။

(၄)

ဒီကနေ့ တောင်ကုတ်အပြန် အဆန်သင်္ဘော ကျောက်ဖြူမြို့က ထွက်လာမှာမို့ ထုံးကျွိုန်ဆိပ်မှာ ကူးတို့လှေတွေ ရှုပ်ယှက်ခတ်ပြည့်နှက်နေကြတယ်။ ထုံးကျွိုန်ဆိပ်ဆိုတာ မြေပုံမြို့နယ်နဲ့ ကျောက်ဖြူမြို့နယ် အစပ် ပင်လယ်ပြင်ထွက်ပေါက်ပဲ။ ပင်လယ်ကမ်းခြေရွာပေါင်း တစ်ဆယ်ကျော်ကလူတွေ မြို့ပြတွေကို သွားလာနိုင်အောင်လို့ အင်္ဂလိပ်တို့အုပ်ချုပ်စဉ်ကပင် စီစဉ်ပေးခဲ့တဲ့ ရခိုင်ကမ်းရိုးတန်းသွား သင်္ဘောတွေ ရပ်နားရာနေရာဖြစ်ပါတယ်။ သင်္ဘောဆိပ်လို့ဆိုပေမဲ့ ဆိပ်ခံတံတားတော့မရှိရှာပါဘူး။ သင်္ဘောရောက်လာလို့ရှိရင် စက်ရှိန်လျှော့ရပ်နားထားစဉ် ကူးတို့လှေတွေ သူ့ထက်ငါ လျင်အောင်လှော်ခတ်ပြီး ခရီးသည်တွေ တက်ကြဆင်းကြရတာပဲ ဖြစ်ပါတယ်။ တစ်ခါတစ်ခါ နောင်တော်ကြီးပင်လယ်မှာ လှိုင်းကြီးလေထန်နေရင် သင်္ဘောဆက်မသွားနိုင်ဘဲ ထုံးကျွိုန်ဆိပ်ကူးတို့တဲကလေးမှာပဲ ခရီးသည်တွေဖြစ်သလိုအိပ်ကြရတာလဲ ရှိတယ်။ ကျွန်းစဉ်ဒေသဆိုတာ ရေလမ်းတစ်ခုကိုသာ အားကိုးအားထားပြုကြရတဲ့ လမ်းပန်းဆက်သွယ်ရေး အလွန့်အလွန်ခက်ခဲတဲ့နေရာပါပဲ။ မြစ်တွေ၊ ချောင်းတွေ ဒီရေရောက်တောတွေကြားမှာ တစ်ကျွန်းတစ်ရွာ တည်နေကြတာပါ။

ဒီကနေ့မှာတော့ ငပသုန်ရွာက ကူးတို့လှေနှစ်စီး ရောက်ရှိလို့နေပါတယ်။ တစ်စီးက တင်မိုး ငါးတွေကို တင်ဆောင်လာတဲ့လှေဖြစ်ပြီး နောက်တစ်စီးကတော့ ကုန်သည်ကြီးလေးယောက် ငါးတွေကိုတင်ဆောင်လာတဲ့လှေဖြစ်ပါတယ်။ ကုန်သည်ကြီးတွေမှာ ကူးတို့လှေခပေးပြီးငှားလာကြရပေမဲ့ တင်မိုးမှာတော့ ခင်မင်တဲ့လူတွေက မေတ္တာရှိလှော်ခတ်ပေးကြတာဖြစ်ပါတယ်။ တင်မိုးက ကုန်သည်လက်သစ်ဆိုတော့ ခရီးစဉ်နဲ့ လုပ်ငန်းသဘောကို ကုန်သည်ကြီးတွေကို မေးမြန်းစုံစမ်းကြည့်ချင်တယ်။ ဒါပေမဲ့ သူတို့တွေဟာ တင်မိုး သူတို့ဆီလှည့်ကြည့်တိုင်း မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်ကြတာတွေ့လိုက်ရတော့ တင်မိုးမှာ ဝမ်းနည်းသလိုလို ခံစားသွားရတယ်။

(၅)

ကုန်သည်အဖြစ်သို့ ရုတ်ခြည်းကူးပြောင်းသွားတဲ့ ကုန်သည်ပေါက်စလေး တင်မိုးကတော့ စစ်တွေရောက်တဲ့အခါ သူ့ကျောင်းနေဖက်သူငယ်ချင်း ကိုဘကြည့် (ပရသဖစက်ဆရာ)အိမ်မှာပဲ တည်းခိုလိုက်တယ်။

နောက်တစ်နေ့ မနက် ၁၀ နာရီအချိန်ခန့် ဈေးဖွင့်ချိန်မှာပဲ အိမ်ရှင် ကိုဘကြည်နဲ့ ကိုတင်မိုးတို့ စစ်တွေမြို့ မြို့မဈေး ငါးခြောက်ဆိုင်တန်းဘက် ရောက်သွားကြတယ်။ တင်မိုးမှာ စစ်တွေမြို့ဆို တစ်ခါမှမရောက်ဖူးတာကြောင့် သူငယ်ချင်းကိုပဲ အားကိုးအားထားပြုရတယ်။ ငါးခြောက်ဈေးတန်းဆိုတော့လဲ ပုစွန်ခြောက်၊ ငါးခြောက်ဆိုင်တွေ အစီအရီပါပဲ။ ကကူရံညှင်းပါးရောင်းတဲ့ဆိုင်တွေမှာလဲ အကြီးအသေးအရွယ်စုံပါပဲ။ ငါးခြောက်ဆိုင်ကြီးတစ်ဆိုင်ရှေ့ အရောက်မှာတော့ တင်မိုးတို့နှစ်ယောက် ရပ်လိုက်ကြတယ်။ တင်မိုး ကုန်သည်လုပ်လာခြင်းမှာ ကြိုးတန်းပေါ် လမ်းလျှောက်သလို ရင်ထဲထိတ်လှုပါတယ်။ တကယ်လို့များ ကိုယ်မှန်း

စာမျက်နှာ ၂၅ သို့ ➤

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နှံကားစပါးတင်းရေ ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း နှံကားစပါး တင်းရေ ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးဆန်းဆန်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း နှံကားစပါး တင်းရေ ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း နှံကားစပါး တင်းရေ ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် လူအများစားသုံးသည့် စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နှံကားစပါး တင်းရေ ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှံကားစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ဆန်ကြမ်းဆိုပေမဲ့ အခြေခံလူတန်းစားတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ နှံကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဦးဆန်းဆန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှံကားစပါးအမျိုးအစား တင်းရေ ၈၆၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း သိရသည်။

အဆိုပါနှံကားစပါးအမျိုးအစားသည် ဒေသတွင်းမြေအနေအထား၊ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ ဈေးကွက်ခိုင်မာခြင်း၊ ပိုးမွှားရောဂါကျရောက်မှုနည်းပါးခြင်း စသည့်အကျိုးကျေးဇူးများရှိခြင်းကြောင့် ဒေသခံတောင်သူများက အဓိကစိုက်ပျိုးသည့် စပါးအမျိုးအစားဖြစ်ကြောင်း၊ တောင်သူတစ်ဦးလျှင် ငါးဧကမှ ၁၅ ဧကထိ စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ငါတို့မြန်ပြည် သာစေမည်

- ဝန်းကျင်စိမ်းလန်း တောင်ပြာတန်းနှင့်
ရှုစမ်းလေရာ လွန်သာယာသော
မြန်မာ့ရေမြေ ကျက်သရေ။

- ဧရာထိုမြစ် စီးခွေရစ်၍
မြစ်ချောင်းသွယ်သွယ် အင်းအိုင်ကြွယ်သော
သာဖွယ်ရေမြေ ကျက်သရေ။

- လွင်ပြင်မြစ်ဝှမ်း ဩဇာလွှမ်း၍
စိုက်စမ်းဖုံဖုံ သီးနှံစုံတို့
ကုံလုံပြည့်နေ ကျက်သရေ။

- တောင်ပေါ်မြေပြန့် အနှံ့နှံ့ကို
ခြေဆန့်ဖွေရာ ပီတိဖြာရ
စားစာပေါ်များ လောက်ငွား၍
တို့များစိတ်တွေ မေတ္တာဝေ။

- သာသနာရောင် ဘာသာရောင်နှင့်
ထွန်းပြောင်ပုထိုး စေတီမျိုးတို့
ဘိုးဘေးစဉ်ဆက် ယဉ်ထက်တိုင်
တိုးတက်စည်ပင် ရွှေသို့နှင်၍
ပြည်ခွင်ငြိမ်းချမ်း မေတ္တာလွှမ်းအောင်
ကြိုးပမ်းလျက်သာ စွမ်းဆောင်ပါမည်
ကမ္ဘာတည်သရွေ့ ခက်ဝေစည်။
မြန်မာပြည်ဟေ့ သက်သေတည်။ ။

**ညွန့်ဝင်း(နတ်တလင်း)**

➤ စာမျက်နှာ ၂၄ မှအဆက်

တဲ့ဈေးမရဘဲ ဈေးနှိမ်ခံရရင်ဆိုတဲ့ သောကစိတ်က နှလုံးသားနေရာမှာ မင်းမူလျက်ရှိနေတယ်။

"ဒီဆိုင်က ကကူရံခြောက်တွေ ယူသလားမသိ"

ဆိုင်ကြီးတစ်ဆိုင်ရှေ့အရောက်မှာ တင်မိုး အရဲစွန့်ပြီးမေးဖြစ်လိုက်တယ်။ ကြောက်သလိုလို၊ ရှက်သလိုလိုနဲ့ ရင်တွေလဲ တဒိန်းဒိန်းခုန်နေတယ်။ ဆိုင်ရှင်ကြီးက မကြားတာလား၊ မကြားချင်ယောင်ဘဲ ဆောင်နေသလားမသိ။ ဟိုပစ္စည်းလှမ်းဆွဲ၊ ဒီပစ္စည်းလှမ်းယူနဲ့ အလုပ်များနေသလိုပါပဲ။

"ဒီမှာ ဦးဦးတို့ဆိုင်မှာ ကကူရံခြောက်တွေ ဝယ်သလားလို့ပါ"

"ဝယ်ပါတယ် ဝယ်ပါတယ်"

"ဒီလိုပါ ဦး၊ ကျွန်တော့်မှာ ကကူရံညှင်းပါးတွေပါလာလို့ပါ။ အဲဒါ ဦးတို့ ယူမလားလို့ပါ"

"ဩော်. . . သားရေ ဒီနေ့မနက်ပဲ ကျွန်းစဉ်ဘက်က ကုန်သည်တွေ လာသွင်းသွားလို့ ဦးတို့မှာ ရထားပြီကွဲ့။ ဒီလူတွေကလဲ ခါတိုင်းလာသွားနေကြတဲ့ ဖောက်သည်တွေပဲလေ"

တင်မိုး ရင်ခုန်သံကြီး ဖြုန်းခနဲမြင့်တက်သွားတယ်။ ဆိုင်ခင်းထားတာကို လိုက်ကြည့်လိုက်တော့လဲ ကကူရံညှင်းပါးခြောက်တွေ အပုံလိုက်၊ အထပ်လိုက်ပဲ။

"တို့ရွာက ကုန်သည်ကြီးတွေ လျှင်လိုက်ကြတာ။ တကယ့် ကုန်သည်ပါးဝနေတဲ့လူတွေပဲ။ ငါ သူတို့ကိုယှဉ်မိတာ မှားပြီထင်ရဲ့"

တင်မိုးအလုပ်မှာ တင်မိုးစိုးရိမ်သလို စိုးရိမ်စရာတကယ်ဖြစ်လာခဲ့ပြီကော။ တင်မိုးတို့နှစ်ယောက် ရှေ့ဆိုင်သို့ ဆက်လက်လျှောက်လိုက်ကြပြန်တယ်။ ဆိုင်ရှင် ကောင်မကလေးက ခပ်ငယ်ငယ်ပဲရှိသေးတယ်။ တင်မိုးမှာ မေးရမှာ ခပ်ရှက်ရှက်ဖြစ်နေတယ်။

"ဟေ့ကောင် သူငယ်ချင်း မင်း ခဏမေးပေးစမ်းပါကွာ၊ ငါ သူ့ကို မမေးရဲတော့ဘူး။ ဟိုဘက်က ဆိုင်ရှင်လိုများ ပြောမလားမသိဘူး။ ငါ ကြောက်နေတယ်ကွာ"

"ညီမလေးတို့ဆိုင်မှာ ကကူရံခြောက် ယူမလားလို့"

ဘကြည်ကပဲ စစ်ကူသွင်းပြီး ဆိုင်ရှင်ကောင်မကလေးကို မေးဖြစ်လိုက်တယ်။

"ဩော်. . . အစ်ကိုတို့ ဒီနေ့မနက်ပဲ ဟိုဘက်က ဒိုင်ကြီးက မျှဝေပေးထားလို့ ရနေပြီရှင့်"

တင်မိုးရင်မှာ ခုန်သထက်ပိုခုန်နေပေပြီ။ နောက်ဆိုင်တွေလဲ တင်မိုးတို့နှစ်ယောက် တစ်ဆိုင်ပြီးတစ်ဆိုင် မေးကြည့်တယ်။ ဇာတ်တိုက်ထားသလိုပဲ တစ်သံတည်း၊ တစ်လေတည်း။

"မောင် ငါးခြောက်တွေကိုစွံအောင် ရောင်းလာခဲ့ရမှာနော်၊ ပိုက်ဆံက ယာယီသုံးနဲ့ပဲ ဆွဲလာရတာ။ ဒီရေမှာ ပြန်ပေးရမှာ"

အိမ်သူဆွေ ချစ်သက်ထားရဲ့ သံစဉ်ချိုချိုလေးက နားထဲဝင်လာတယ်။ တင်မိုးဦးနှောက်ချာချာလည်ခဲ့ပြီပေါ့။ ငါးခြောက်ဆိုင်တန်းဆုံးတဲ့အခါ တင်မိုးတို့ ပထမဝင်ခဲ့တဲ့ဆိုင်ကြီးကိုပဲ ပြန်ဝင်ခဲ့ကြပြန်တယ်။

"ဦးရယ် ကျွန်တော့်ငါးခြောက်တွေကို ယူထားလိုက်ပါဗျာ။ ကျွန်တော်က တစ်ခါမှလဲ ကုန်ကူးဖူးတာမဟုတ်ဘူး။ ခု ဒါဟာ ပထမဆုံးအကြိမ်ပဲ"

ငါးခြောက်ဒိုင်ပိုင်ရှင်ကြီး စဉ်းစားသလို လုပ်လိုက်တယ်။

"ပေးစမ်း မောင်ရင့်ငါးခြောက် ကြည့်ရအောင်"

တင်မိုးပုံစံပြဖို့ယူလာတဲ့ငါးခြောက်တစ်ကောင်ကို လှမ်းပေးလိုက်တယ်။

"မောင်ရင့် ငါးခြောက်က လုပ်တာလဲ မသေသပ်ဘူး၊ ခပ်ညံ့ညံ့ပဲ"

"မဟုတ်ဘူး ဦး မနက်ပိုင်းလာရောင်းတဲ့ ငါးခြောက်နဲ့ ဒီငါးခြောက်ဟာ တစ်နေရာတည်းကထွက်တာ အတူတူလုပ်လာကြတာပါ"

"မဟုတ်ဘူးကွဲ့၊ သူတို့ငါးခြောက်တွေက လှတယ်။ ဒီမှာ တွေ့လား"

ဒိုင်ပိုင်ရှင်က ငါးခြောက်တစ်ကောင်ကို လှမ်းဆွဲပြီး ကိုင်လှုပ်ပြလိုက်တယ်။ တင်မိုးကြည့်လိုက်တော့ ဘာမှအထွေအထူးတိုးပြီးမထူးခြား။ တင်မိုးငါးခြောက်နဲ့ အရည်အသွေးအတူတူပါပဲ။ တစ်နေရာတည်းက အတူလုပ်လာကြတာကိုး။ တင်မိုးရင်ထဲမှာ မီးတောက်နေပြီ။

"ဦးရယ်. . . ကျွန်တော့်ငါးခြောက်တော့ ယူဖြစ်အောင် ယူထားလိုက်ပါဗျာ"

ငါးခြောက်ဒိုင်ပိုင်ရှင်ကြီး တော်တော်လေးလေးနက်နက် စဉ်းစားသွားပုံရတယ်။ သူ့ဆီကတော့ ဘာသံမျှထွက်မလာသေးဘူး။ စာအုပ်ကိုဖွင့်ပြီး ဟိုစာရင်းလိုက်ရှာ၊ ဒီစာရင်းလိုက်ကြည့်နဲ့ အလုပ်ရှုပ်နေပုံပါပဲ။ တင်မိုးငါးခြောက်ရောင်းတုန်း ဘေးဆိုင်တွေကပါ စူးစမ်းမျက်လုံးတွေနဲ့ လှမ်းကြည့်နေကြရာ တင်မိုးမှာ ပိုပြီးရှက်သလိုဖြစ်သွားတော့သည်။

"သားကိုလဲ ကိုယ်ချင်းစာပါတယ်။ သားရောင်းနိုင်ရင်လဲ ရောင်းခဲ့၊ မနက်ပိုင်းက ဈေးတော့ထားပေးလိုက်"

ဒိုင်ပိုင်ရှင်ဆီကထွက်လာတဲ့စကားသံကြောင့် တင်မိုးရင်ထဲ မီးတောက်မီးလျှံကြီးလောင်ကျွမ်းသလို ခံစားသွားရတယ်။ သူငယ်ချင်းဘကြည်နဲ့ အချိန်အတော်ကြာ အကြည့်ချင်းဆုံဖြစ်လိုက်ကြတယ်။ ငါးခြောက်ဒိုင်ပိုင်ရှင်ကြီးပြောလိုက်တဲ့ဈေးမှာ တင်မိုး ရေဆယ်ကောက်ဝယ်တဲ့ဈေးအောက်တောင် ရောက်နေပါတော့တယ်။ သွားပါပြီ။ တင်မိုးရဲ့ စိတ်ရင်ပြင်တစ်ခုလုံး တော်လည်းပွဲတင် ငလျင်မြေလှုပ် လေမုတ်ဝဲရိုက် မုန်တိုင်းတိုက်ခဲ့ချေလေပြီ။

"သား အဲဒီဈေးထားပေးနိုင်ရင်တော့ ယူထားလိုက်မယ်"

"ဟုတ်ကဲ့ ဦး ဟုတ်ကဲ့ ယူထားလိုက်ပါ"

တင်မိုးပါးစပ်ထဲက ဗလုံးဗထွေးနဲ့ ဟုတ်ကဲ့လိုက်ရပါရော့လား။

(၆)

တင်မိုး အိမ်ထောင်ရေးခရီးအစ ပြေးလမ်းပေါ်မှာ တာထွက်မည်မျှ မကြာသေး ခြေခေါက်လဲခဲ့ပြီ။ စီးပွားရေးလုပ်တဲ့နေရာမှာ တစ်ဦးဦး၊ တစ်ယောက်ယောက်ရထားတဲ့ဈေးကွက်ကို နောက်တစ်ယောက် ဝင်လာမှာကို ဘယ်စီးပွားရေးသမားမှ ဝင်ခွင့်ပေးချင်ကြမှာမဟုတ်ပါ။ တကယ်လို့များ တစ်ယောက်ယောက်ဝင်လာရင်တော့ ဒီလူဟာ ပြိုင်ဘက်ဖြစ်သွားခဲ့ပြီလေ။ ပြိုင်ဘက်ဆိုတော့ ကိုယ်နိုင်ရေးအတွက် တစ်နည်းနည်းနဲ့ လုပ်ကြပြီပေါ့။

စီးပွားရေးဈေးကွက်ထဲကို မလိမ့်တစ်ဝင်ရောက်လာတဲ့ တင်မိုးမှာ သဲဖြူကျွန်းရွာ ကုန်သည်ကြီး ဦးဘကျော်တို့နဲ့ ပြိုင်ဘက်ဖြစ်သွားတာကို တင်မိုးတစ်ယောက် သိမှမသိခဲ့တာ။ ဦးဘကျော်တို့ကတော့ ကိုယ့်ကွင်းမို့ ပြိုင်ဘက်ကိုအလဲထိုးရန် နည်းဗျူဟာကျွမ်းပြီးသားပဲ၊ မရှိမဲ့ရှိမဲ့ ကြံဖန်ပြီး လာတိုးတဲ့တင်မိုးကို အနီကတ်နဲ့ ပယ်နယ်တီဂိုးသွင်းပြီး အနိုင်ယူသွားခဲ့ပြီလေ။ တင်မိုးတစ်ယောက် နောက်တစ်ချီပြန်လာဖို့ ဘယ်လွယ်ပါတော့မလဲလေ။

ဦးဘကျော်တို့က ကုန်သည်အဖွဲ့အချင်းချင်း တီးလုံးတိုက်ပြီး ဝယ်ဈေးအောက်လျှော့ပြီး အရှုံးခံရောင်းခဲ့ကြတာလေ။ ဒီတော့ ဝယ်ဈေးမှာ ဦးဘကျော်တို့ထက် ဈေးပိုပေးပြီးဝယ်ယူခဲ့တဲ့ တင်မိုးအတွက်တော့ အခက်တွေ့ပါပကောလား။

"မောင် ငါးခြောက်တွေကို စွံအောင်ရောင်းလာခဲ့ရမှာနော်။ ပိုက်ဆံက ယာယီနဲ့ပဲ ဆွဲထားရတာ၊ ဒီရေမှာ ပြန်ဆပ်ရမှာ"

အိမ်သူသက်ထား ပြောလိုက်တဲ့စကားသံကို တင်မိုးနားထဲမှာ ထပ်ခါထပ်ခါ ကြားနေပါတော့တယ်။

# နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားသောရုရှားနှင့် အိန္ဒိယ

ဝင်းဇင်(သုတေသန)

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဇူလိုင် ၈ ရက်မှ ၉ ရက်ထိ ရုရှားသို့ နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ မိုဒီသည် အနောက်အုပ်စုနှင့် နီးစပ်သောလုံခြုံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဆက်လက်ထိန်းသိမ်းထားရှိစဉ်မှာပင် ရုရှားနှင့်အိန္ဒိယ၏ ကာလရှည်ကြာမိတ်ဖက်ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာစေရန် ရည်မှန်းချက်ဖြင့် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထိုခရီးစဉ်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းအရေးစတင်ဖြစ်ပွားစဉ်ကတည်းက ရုရှားသို့ မိုဒီ၏ ပထမဆုံးသွားရောက်လည်ပတ်မှုပင်ဖြစ်သည်။ မိုဒီသည် ၂၀၁၉ ခုနှစ်တွင်လည်း ရုရှားသို့ အလည်အပတ်ခရီးရောက်ရှိခဲ့ပြီး ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် ခေါင်းဆောင်နှစ်ဦးသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဥဇဘက်ကစ္စတန်၌ ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ထိပ်သီးဆွေးနွေးပွဲ၌လည်း အမြင်ချင်းဖလှယ်ခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးစဉ် သမ္မတပူတင်က မိမိတို့ဆက်ဆံရေးသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဖြစ်ကြောင်း၊ ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ဖြေရှင်းရန် ကြိုးပမ်းမှုအပါအဝင် အရေးကြီးသောပြဿနာများဖြေရှင်းနိုင်ရေး အာရုံစိုက်ဆောင်ရွက်မှုအတွက် ဝန်ကြီးချုပ်မိုဒီကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသွားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီက အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပဋိပက္ခများတွင် အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုများရှိကြောင်း၊ အထူးသဖြင့် ကလေးငယ်များ သေကျေထိခိုက်ဆုံးရှုံးမှုကို မြင်တွေ့ရသည့်အချိန်တွင် များစွာစိတ်မကောင်းဖြစ်ရကြောင်း၊ မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးလိုအပ်ပါကြောင်း၊ စစ်မြေပြင်တွင် အဖြေရှာဖွေရရှိနိုင်မည်မဟုတ်ကြောင်း၊ လက်နက်ခဲယမ်းများဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအောင်မြင်နိုင်မည်မဟုတ်ကြောင်း၊ ဆွေးနွေးမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးရှာဖွေသွားရမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ရုရှားနိုင်ငံ၏ ပံ့ပိုးကူညီမှုကြောင့် အိန္ဒိယပြည်သူများ၏စွမ်းအင်နှင့် ဆက်နွယ်သော အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ရုရှား၏ စွမ်းအင်ရောင်းချမှုသဘောတူညီချက်များသည် ကမ္ဘာ့ဈေးကွက်တည်ငြိမ်မှုကို သွယ်ဝိုက်အထောက်အကူပြုခဲ့ပါကြောင်း၊ အနာဂတ်ကိုမြော်တွေး၍ နှစ်နိုင်ငံဆက်ဆံရေးခိုင်မာအားကောင်းအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားသွားခဲ့သည်။ မိုဒီသည် ရုရှားသို့ရောက်ရှိစဉ် အိန္ဒိယအသိုက်အဝန်းကို တွေ့ဆုံပြီးနောက် ပူတင်၏နေအိမ်၌ အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးချုပ်မိုဒီအနေဖြင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ သမ္မတပူတင်ကို အပြစ်တင်ပြောဆိုခဲ့ခြင်းမရှိသည့်အပြင် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်စီးပွားရေးဆက်ဆံမှုကို ထပ်လောင်းအတည်ပြုသွားခဲ့သည်။ အမှန်တော့ တရုတ်နိုင်ငံအပေါ် ရုရှားနိုင်ငံ၏ မှီခိုအားထားမှု မြင့်တက်လာသဖြင့် မိုဒီ၏ ရုရှားခရီးစဉ်ထွက်ပေါ်လာဖွယ်ရာရှိသည်။ မိုဒီသည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်မှုတတိယသက်တမ်းအစတွင် ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏အရေးပါမှုကို သမ္မတပူတင်ကို အသိပေးသွားရန်ပင်ဖြစ်သည်။

ဝန်ကြီးချုပ်မိုဒီသည် ရုရှားတပ်မတော်တွင်တာဝန်ထမ်းဆောင်နေသည့် အိန္ဒိယနိုင်ငံသားများကို အစောဆုံးထွက်ခွာခွင့်ပြုရန် ဆွေးနွေးခဲ့ကြောင်းနှင့် ရုရှားနိုင်ငံကလည်း ၎င်း၏တပ်မတော်သို့ ဝင်ရောက်ခဲ့သည့် အိန္ဒိယနိုင်ငံသားများကို နုတ်ထွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။ အိန္ဒိယနိုင်ငံသားများသည် ရုရှားတပ်မတော်တွင် အလုပ်ရှာဖွေခဲ့ရာမှ ယူကရိန်းရှိ စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ရလျက်ရှိသည်။ ထိုသို့ တာဝန်ထမ်းဆောင်နေသည့် အိန္ဒိယနိုင်ငံသား ၃၅ ဦးခန့်ရှိပြီး ၁၀ ဦးသည် နယူးဒေလီသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ ကျန်ရှိနေသူများကိုလည်း ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်သည်။




အိန္ဒိယနှင့် ရုရှားတို့သည် စစ်အေးကာလကတည်းက ထူထောင်ထားသည့် နီးကပ်သောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရှိပြီး ရုရှားနိုင်ငံသည် အိန္ဒိယသို့ လက်နက်အများဆုံးတင်ပို့လျက်ရှိသည်။ သို့သော် ယူကရိန်းအရေးကြောင့် အိန္ဒိယနိုင်ငံသည် ကိုယ်ပိုင်လက်နက်ခဲယမ်းများထုတ်လုပ်ခြင်းအပါအဝင် အမေရိကန်၊ အစ္စရေး၊ ပြင်သစ်နှင့် အီတလီတို့ထံမှလည်း လက်နက်ခဲယမ်းများဝယ်ယူလျက်ရှိသည်။

ရုရှားသည် ဥရောပသို့ စွမ်းအင်တင်ပို့မှု လျော့ချခဲ့သည့်အချိန်မှစ၍ အိန္ဒိယနိုင်ငံသို့ ရေနံများတင်ပို့ရောင်းချပေးလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် မေလတွင် ရုရှားမှ ရေနံစိမ်းတင်သွင်းမှု ရှစ်ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင်လကတည်းက အမြင့်ဆုံးပမာဏပင်ဖြစ်သည်။ အမေရိကန်နှင့် မဟာမိတ်များက ရုရှား၏ပြည်ပပို့ကုန်များအပေါ် စီးပွားရေးပိတ်ဆို့မှုများချမှတ်ကတည်းက အိန္ဒိယနှင့် တရုတ်တို့သည် ရုရှားစွမ်းအင်များကို အမာခံဝယ်ယူအားပေးလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏စွမ်းအင် ၄၀ ရာခိုင်နှုန်းခန့်ကို ရုရှားနိုင်ငံမှ တင်သွင်းလျက်ရှိသည်။

အိန္ဒိယ - ရုရှားကုန်သွယ်မှုသည် သိသိသာသာတိုးတက်လာလျက်ရှိရာ ခိုင်မာအားကောင်းသော စွမ်းအင်ဆိုင်ရာပူးပေါင်းမှုများကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုတန်ဖိုးအမေရိကန်ဒေါ်လာ ၆၅ ဘီလီယံထိ ရောက်ရှိခဲ့ကြောင်း၊ ရုရှားနိုင်ငံမှ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၆၀ ဘီလီယံနှင့် အိန္ဒိယမှ ပို့ကုန်တန်ဖိုး လေးဘီလီယံရှိခဲ့ကြောင်း၊ နျူကလီးယားစွမ်းအင်၊ ဆေးဝါးထုတ်လုပ်မှုအပါအဝင် အဓိကကျသော ကဏ္ဍကိုးခုရှိ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Vinay Kwatra က ပြောကြားသွားခဲ့သည်။

ရုရှားနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ဟောင်း ပန်ကက်ဂျ်ဆာရန်က သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် ရုရှားသည် အိန္ဒိယနိုင်ငံခြားရေးမူဝါဒတွင် အမြဲတစေအရေးပါလျက်ရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကထောက်တိုင်များတွင် ကာကွယ်ရေး၊ စွမ်းအင်နှင့် သိပ္ပံနည်းပညာပူးပေါင်းဆောင်ရွက်မှုတို့ ပါဝင်ကြောင်း၊ လွန်ခဲ့သောနှစ်များအတွင်း ရုရှားနိုင်ငံက အိန္ဒိယရှိ နျူကလီးယားစက်ရုံများကို နည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးကူညီပေးခဲ့ကြောင်း ပြောကြားသွားခဲ့သည်။

ဆိုရလျှင် အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် တတိယကြိမ်မြောက်သက်တမ်းအတွက် ရွေးကောက်ခံရပြီးနောက် နိုင်ငံတကာခရီးစဉ်အဖြစ် ရုရှားသို့ ပထမဆုံးသွားရောက်ခဲ့သဖြင့် အနောက်အုပ်စုအတွက် မျက်စိစပါးမွေးစူးခဲ့သည်။ ဝန်ကြီးချုပ်မိုဒီ၏ခရီးစဉ်သည် အိန္ဒိယ၏နိုင်ငံခြားရေးမူဝါဒတွင် ရုရှားနိုင်ငံ၏ အရေးပါမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အိန္ဒိယ- ရုရှားဆက်ဆံရေးကို စစ်အေးတိုက်ပွဲကာလကတည်းကပင် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်ထားရှိသည်။

ရုရှားနိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးလက်နက်တင်သွင်းသူ အိန္ဒိယအတွက် စစ်လက်နက်ပစ္စည်းများဝယ်ယူသည့်အရင်းအမြစ်ဖြစ်သည်။ နှစ်နိုင်ငံသည် ပြည်တွင်းကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စွမ်းအင်ကဏ္ဍတွင် အိန္ဒိယသည် ရုရှားစွမ်းအင်များကို သိသိသာသာတင်သွင်းလျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖိုး တင်သွင်းခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၆ ဒသမ၅ ဘီလီယံဖိုးထိ တိုးမြှင့်တင်သွင်းခဲ့သည်။

ထို့ပြင် အိန္ဒိယနှင့် ရုရှားတို့ကြား နည်းပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နျူကလီးယားစွမ်းအင်နှင့် အာကာသနည်းပညာနယ်ပယ်တို့တွင် အလေးထားလုပ်ဆောင်လာလျက်ရှိသည်။ နှစ်နိုင်ငံသည် အိန္ဒိယနိုင်ငံတောင်ပိုင်း၊ တမီးနာဒူးပြည်နယ်၌ Kudankulam နျူကလီးယားစွမ်းအင်စီမံကိန်းတည်ဆောက်ရာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် ရုရှားနိုင်ငံပိုင်အနုမြူစွမ်းအင်အေဂျင်စီ Rosatom သည် အိန္ဒိယနိုင်ငံတွင် နျူကလီးယားစွမ်းအင်စက်ရုံ ခြောက်ခု တည်ဆောက်ရန် ဆွေးနွေးလျက်ရှိသည်။ ၎င်းစက်ရုံများသည် အိန္ဒိယ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

အိန္ဒိယ-ရုရှားဆက်ဆံရေးသည် ပိုမိုရှုပ်ထွေးလာလျက်ရှိသော ကမ္ဘာ့အခင်းအကျင်းတွင် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာမြောက်ဟန်ချက်ထိန်းညှိလျက်ရှိသည်။ အိန္ဒိယအတွက်မူ ရုရှားနိုင်ငံနှင့် ခိုင်မာအားကောင်းသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရှိခြင်းသည် ဒေသတွင်းလွှမ်းမိုးလာသည့် တရုတ်နိုင်ငံကို ဟန်ချက်ထိန်းညှိနိုင်စွမ်းရှိစေသည်။ အလားတူ ရုရှားနိုင်ငံအနေဖြင့် အိန္ဒိယနှင့် ၎င်း၏ဆက်ဆံရေးကို တန်ဖိုးထားခြင်းသည် တရုတ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုအားထားနေရခြင်းကို ရှောင်ရှားနိုင်သည်။ အမှန်တော့ အနောက်အုပ်စုများ၏ ပိတ်ဆို့မှုများသည် ရုရှားကို တရုတ်နှင့် ပိုမိုနီးကပ်လာစေရန် ဖိအားပေးလျက်ရှိသည်။

ဆိုရလျှင် ဝန်ကြီးချုပ်မိုဒီ၏ရုရှားခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုကို အထောက်အကူပြုခဲ့သည်။ နှစ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ကုန်သွယ်မှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံထိ တိုးတက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အထူးသဖြင့် အိန္ဒိယ၏ အဓိကဆိပ်ကမ်းဖြစ်သည့် ချင်းနိုင်နှင့် ရုရှား၏အရှေ့ဖျားထွက်ပေါက်ဖြစ်သည့် ဗလာဒီဗော့စတော့တို့ကြား ပင်လယ်ရေကြောင်း စင်္ကြံတိုးတက်ရန်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယ-ရုရှားဆက်ဆံရေး၏ စီးပွားရေးနယ်ပယ်သည် သိသိသာသာမြင့်တက်လာလျက်ရှိရာ ရုရှားသည် အရှေ့အလယ်ပိုင်းနိုင်ငံများကို ကျော်ဖြတ်ကာ အိန္ဒိယ၏ အဓိကစွမ်းအင်ပံ့ပိုးသူဖြစ်လာခဲ့သည်။ အိန္ဒိယ-ရုရှားဆက်ဆံရေးသည် မျက်မှောက်ကမ္ဘာကြီးတွင် နိုင်ငံတကာဆက်ဆံရေး၏ တစ်မူထူးခြားသောသာဓကတစ်ရပ်ပင်ဖြစ်ပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများကြားတွင် မတူကွဲပြားမှုများရှိနေသော်လည်း ခိုင်မာသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ကြောင်း ပြသလျက်ရှိသည်။ ကမ္ဘာ့အခင်းအကျင်းပြောင်းလဲမှုဖြစ်ပေါ်နေချိန်တွင် အိန္ဒိယနှင့် ရုရှားတို့အနေဖြင့် ၎င်းတို့၏ မိတ်ဖက်ဆက်ဆံရေးကို လိုက်လျောညီထွေထိန်းသိမ်းထားရှိနိုင်မှုအပေါ် ကျန်ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း လေ့လာစောင့်ကြည့်သွားသင့်ပေသည်။ မည်သို့ပင်ဆိုစေ သမိုင်းကြောင်းဆိုင်ရာနောက်ခံအကြောင်းတရားများကို အခြေခံလျက် အနာဂတ်ကို မျှော်တွေးကာ ခိုင်မာအားကောင်းသော အိန္ဒိယ-ရုရှား ဆက်ဆံရေးထူထောင်ခြင်းသည် ၂၁ ရာစုပထဝီနိုင်ငံရေးအခင်းအကျင်းတစ်ရပ်ကို ပုံဖော်တည်ဆောက်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

**ကိုးကား**


**-India-Russia Relations: A Resilient Partnership in a Shifting Global Landscape (msn.com)**

**-Putin hosts India's Modi to deepen ties, but Ukraine looms over their relationship by The Diplomat**

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်အာလူးများ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါအာလူးများ ဇူလိုင်လ ပထမပတ်မှစတင်ပြီး သိသိသာသာ အရောင်းအဝယ်ကောင်းမွန်လာပြီး လက်ရှိ အာလူးပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရှမ်းပြည်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို အာလူးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဒါပေမယ့် ဒီနှစ်အာလူးတွေ အထွက်နှုန်းနည်းနေပါတယ်။ လက်ရှိ အာလူးပိဿာချိန် ၁၀၀ ကို ငွေကျပ် ၄၅၀၀၀၀ ဈေးပေါက်နေပါတယ်။ အာလူးက လက်ရှိ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ တစ်ရက်ကို အာလူးပိဿာချိန် ၁၅၀၀ ခန့်ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်"ဟု မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ အာလူးပိဿာချိန် ၁၀၀၀ မှ ၁၅၀၀ ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အာလူးများ အရောင်းအဝယ် ကောင်းနေခြင်းကြောင့် အာလူးစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းရှင်များ၊ ကုန်တင်၊ကုန်ချလုပ်သားများ စသည့်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် တောင်ပုလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ကျောင်းကုန်းကျေးရွာအုပ်စု တောင်ပုလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်း အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေ တိုးပွားလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၁ ဒသမ ၆သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ဦးကို ငွေကျပ် ၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ၁၀ ဒသမ ၉သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၈သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၆သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။**အောင်ရဲကျော်**

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**အင်းတော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၈၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးသီးနှံစိုက်ပျိုးရာသီမှာ မျိုးကောင်းတွေစိုက်ပျိုးဖို့၊ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ ဆောင်ရွက်နေပါတယ်။ အရည်အသွေးကောင်းစပါးတွေ ထွက်ရှိဖို့အတွက် အဓိကထား ဆောင်ရွက်နေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် အင်းတော်မြို့နယ်တွင် မိုးစပါးသီးနှံစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစ၍ ပျိုးထောင်စိုက်ပျိုးခဲ့ပြီး စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကာ မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ (၃)၊ ရောမင်း၊လုံးသွယ်မွှေး၊ ဒေသမျိုးများကို စိုက်ပျိုးကြပြီး ဆင်းကေရီ(၃)ကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်း မိုးစပါးစိုက် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲ နည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# ဘားအံမြို့နယ် ကော့ထေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ထောင်ကလပ်ကျေးရွာအုပ်စု ကော့ထေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူကျေးရွာသားများ၏ သဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့သည်။

ကော့ထေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# လဲချားမြို့နယ် နောင်ပန်ကျေးရွာ၌ ကုန်ထုတ်လမ်း သဲဖြူနှင်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**လဲချား ဇူလိုင် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ပန်ကျေးရွာ၌ ကုန်ထုတ်လမ်း သဲဖြူနှင်းခင်းအဆင့်မြင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် ဝန်ထမ်းများက ကုန်ထုတ်လမ်း သဲဖြူနှင်းခင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။


နောင်ပန်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း သဲဖြူနှင်းခင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နေရီခန့်ကုမ္ပဏီက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၄၄၉၆ သန်းအသုံးပြု၍ ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း သဲဖြူနှင်းခင်းခြင်းလုပ်ငန်း ပြီးစီးပါက နောင်ပန်ကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ငါးရှဉ့်၏သဘာဝနှင့် အသုံးဝင်ပုံ

နင်းအိ(ရာမညမြေ)

ငါးရှဉ့်သည် ခန္ဓာကိုယ်ရှည်လျားချောမွေ့နေပြီး ကျဉ်းမြောင်းသော ဦးခေါင်း၊ တိုသောမေးရိုးများ ပါရှိကြသည်။ ငါးရှဉ့်ကို အင်္ဂလိပ်လို **"Swamp eel** သို့မဟုတ် **ricefield eel"** ဟုလည်း လူသိများကြပါသည်။ ငါးရှဉ့်ကို ရုတ်တရက်ကြည့်လိုက်လျှင် ငါးဟု မည်သူမှမထင်ဘဲ ရေမြွေတစ်မျိုးဟု ထင်မှတ်မှားကြသည်။ ငါးရှဉ့်သည် ရေမြွေကဲ့သို့ အကြေးခွံများမပါရှိကြဘဲ ခန္ဓာကိုယ်မှထွက်သည့် အကျိအချွဲများဖြင့် ပြောင်ချောနေတတ်သည့် ငါးမျိုးစိတ်လည်းဖြစ်သည်။ အချို့ငါးရှဉ့်မျိုးစိတ်များမှာ တွင်းတူး၍ နေလေ့ရှိကြသည်။

ငါးရှဉ့်များကို ရေချိုချောင်း၊ မြောင်း၊ အင်းအိုင်၊ စမ်းချောင်း၊ လယ်ကွင်းတို့တွင်အများဆုံး တွေ့ရတတ်သည်။ လယ်ကွင်းများတွင် တွေ့ရလေ့ရှိသော လယ်ငါးရှဉ့်(**Monopterusalbus**)မျိုးစိတ်ကို မြန်မာနိုင်ငံတွင်တွေ့ရှိရပြီး ထိုငါးရှဉ့်မျိုးစိတ်များသည် လယ်ကွင်းထဲတွင် နေထိုင်ကျက်စားကာ လယ်ကွင်းထဲတွင်ရှိသော စပါးဖျက်ခရုများကို ငါးရှဉ့်များက စားခြင်းကြောင့် လယ်ကွင်းအတွင်း ခရုများပြန့်ပွားမှုနှုန်းကို လျော့နည်းစေသည်။ ခရုများသည် ငါးရှဉ့်များအတွက် သဘာဝအစာလည်းဖြစ်နေသည်။ ထို့ကြောင့် အချို့တောင်သူများက ငါးရှဉ့်များကို စပါးခင်းထဲသို့ ထည့်သွင်းခြင်းအားဖြင့် စပါးဖျက်ခရုများကို လျော့နည်းစေနိုင်သည်။

**ငါးရှဉ့်အမျိုးအစား**

ငါးရှဉ့်သည် **Anguilliformes** မျိုးစဉ်တွင်ပါဝင်ပြီး ၎င်းမျိုးစဉ်ထဲ၌ မျိုးစဉ်ကွဲ ရှစ်ခု၊ မျိုးရင်း ၁၉ ခု၊ မျိုးစု ၁၁၁ ခု၊ မျိုးစိတ် ၈၀၀ ခန့်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ငါးရှဉ့်တွင် ငါးရှဉ့်ပနီ(ပါးနီ)နှင့် ငါးရှဉ့်ပမဲ(ပါးမဲ)ဟူ၍လည်းရှိသည်။ ငါးရှဉ့်ပနီသည် အကောင်ငယ်၍ ငါးရှဉ့်ပမဲက ကြီးထွားနှုန်းပိုကောင်းသဖြင့် အကောင်ပိုကြီးသည်။ ငါးရှဉ့်ပနီသည် နီဝါရောင်အဆင်းရှိပြီး စားသုံးရာတွင်နူးညံ့၏။ ငါးရှဉ့်ပမဲထက် ပို၍အရသာရှိပြီး နှစ်ချို့အရွယ်အစားထိ အရောင်မပြောင်းလဲတတ်ချေ။ ကျပ်လုံးအရွယ်ထက်လည်း ပိုမို၍မကြီးထွားတတ်ချေ။ ငါးရှဉ့်ပမဲမှာ ညိုသောအဆင်းရှိပြီး သေးငယ်သော အကြေးခွံသေးသေးလေးများရှိတတ်ကြသည်။ ငါးရှဉ့်ပနီထက် အကောင်အရွယ်အစားကြီးထွားကြသည်။ ငါးရှဉ့်ပနီလောက် အသားမနူးညံ့သော်လည်း ငါးရှဉ့်ပမဲမှာ ဆေးဖက်ဝင်သည်ဟု သိရသည်။ ငါးရှဉ့်များမှာ အပုပ်အစပ်များကို အလွန်ကြိုက်ပြီး အစားကြူးသော ငါးတစ်မျိုးဖြစ်သည်။ အချို့ငါးရှဉ့်မျိုးစိတ်သည် တိရစ္ဆာန်အသေကောင်များကို စားသောက်လေ့ရှိသည်။

**ငါးရှဉ့်၏သဘာဝ**

စင်စစ် ငါးရှဉ့်သည် ရေချိုငါးမျိုးစိတ်ဖြစ်၍ ချောင်း၊ မြောင်း၊ အင်းအိုင်များသည် ငါးရှဉ့်တို့၏ မူလနေရပ်များဖြစ်သည်။ ဆောင်းဦးပေါက်ရာသီရောက်လျှင် ငါးရှဉ့်တို့သည် မြစ်ချောင်းများမှ ပင်လယ်သို့ ဆင်းကြသည်။ ထိုသို့ဆင်းလာရာ၌ ညဘက်တွင် ခရီးပို၍သွားကြသည်။ နေ့အခါတွင် တစ်စုတစ်အုပ်တည်း ရေအောက်ရှိ ရွှံ့ညွန်ထဲတွင် ပုန်းလျှိုး၍နေလေ့ရှိကြသည်။ ညမှောင်စအချိန်သို့ရောက်သည်နှင့် ခရီးဆက်သွားကြပြန်သည်။ ပင်လယ်သို့ရောက်သောအခါ ကမ်းခြေတစ်လျှောက်တွင်သာမက ရေနက်သောနေရာများ၌လည်း ကျက်စားကြသည်။

ငါးရှဉ့်သဘာဝသည် တစ်ကောင်နှင့်တစ်ကောင် လုံးလုံးထွေးထွေး အစုလိုက်အပြုံလိုက် ရှိနေတတ်၍ အစုလိုက်အပြုံလိုက် ဖမ်းဆီးရမိရန်လည်း လွယ်ကူပါသည်။ ငါးရှဉ့်များမှာ ၎င်းတို့၏အစာဖြစ်သော ငါး၊ အခွံမာရေသတ္တဝါ၊ တုပ်ပြားကောင်နှင့် အခြားရေနေအကောင်လေးများကို ညဘက်တွင် ရှာဖွေစားကြသည်။



**ဥဥခြင်းနှင့်သားပေါက်ခြင်း**

ငါးရှဉ့်အမမှာတစ်ကြိမ်ဥလျှင် ဥပေါင်း ၁၀၀၀ ခန့် ဥဥနိုင်ကြပြီး ငါးရှဉ့်အထီးမှာ ငါးရှဉ့်အမ သန္ဓေတည်စအချိန်တွင် အသိုက်ဆောက်ခြင်း၊ အမကို အစာရှာဖွေကျွေးမွေးခြင်းများ ပြုရသည်။ ငါးရှဉ့်အမများမှာ သန္ဓေတည်စအချိန်မှစ၍ အသိုက်တွင်နေလေ့ရှိကြပြီး အကောင်ပေါက်ပြီးပါက အသိုက်ကို စွန့်ခွာတတ်ကြသည်။ ငါးရှဉ့်ဥလေးများကို ငါးရှဉ့်သားလောင်းဖြစ်သည်ထိ ငါးရှဉ့်အထီးက ဆက်လက်စောင့်ရှောက်ရသည်။ ဥမှပေါက်လာသည့် ငါးရှဉ့်သားလောင်းကလေးများသည် သေးငယ်ပြီး ပြားသောပုံသဏ္ဌာန်ရှိကြသည်။ ပထမနှစ်လခန့်တွင် ငါးရှဉ့်သားလောင်းကလေးများသည် သုံးလက်မခန့်ရှိသည်။ ထို့နောက် အနည်းငယ်မျှငယ်သွားကာ အရောင်လည်း အညိုရောင်သို့ပြောင်းသွားသည်။ ထိုအခါမှ ငါးရှဉ့်နှင့် ပုံပန်းသဏ္ဌာန်တူလာတော့သည်။

**လက္ခဏာသွင်ပြင်**

သာမန်ငါးရှဉ့်၌ ကျဉ်းမြောင်းသော ဦးခေါင်း၊ တိုသောမေးရိုးနှင့် ရှည်လျားသောကိုယ်ရှိသည်။ လည်မျိုနားတွင်လည်း ဆူးတောင်နှစ်ခုပါရှိသည်။ ထို ဆူးတောင်နှစ်ခုအပြင် နောက်ကျောအလယ်အမြီးနားတစ်ဝိုက်လောက်ဆီမှ အစာအိမ်အလယ်ပိုင်းလောက်ထိ တစ်ဆက်တည်းဖြစ်နေသော ဆူးတောင်တစ်မျိုးလည်းရှိသေးသည်။ ငါးရှဉ့်သားလောင်းသည် ငါးရှဉ့်ကြီးအဖြစ်သို့ ပြောင်းလဲသွားသည်နှင့်တစ်ပြိုင်နက် ရေချိုရပ်များသို့ စတင်ခရီးထွက်တော့သည်။ ရေချိုဒေသများဖြစ်သည့် ချောင်း၊ မြောင်း၊ အင်းအိုင်များသို့ရောက်လျှင် ငါးရှဉ့်သည် ထပ်မံကြီးထွားလာသည်။ ပင်လယ်မှရေချိုဒေသသို့ ခရီးထွက်ရာတွင် လမ်းခရီး၌ မကျော်ဖြတ်နိုင်သော ရေတံခွန်၊ ချောက်၊ ကျော်ဖြတ်နိုင်သော ရေတံခွန်၊ ချောက် စသည်တို့နှင့်တွေ့လျှင် ငါးရှဉ့်သည် ရေထဲမှထွက်လာကာ မြက်အစိုများရှိရာအရပ်ကိုကျော်ဖြတ်၍ အလိုရှိသော ချောင်း၊ မြောင်းများရှိရာအရပ်သို့ အရောက်သွားလေ့ရှိသည်။ ငါးရှဉ့်တို့သည် အုပ်နှင့်ချီ၍ တစ်နေရာမှ တစ်နေရာသို့ သွားတတ်သဖြင့် အစုလိုက်အုပ်လိုက်ဖမ်းဆီးရမိရန်များစွာလွယ်ကူသည်။ ရိုးရိုးငါးရှဉ့်မှာ အလျားနှစ်ပေမှ သုံးပေထိရှိသည်။ ပင်လယ်ထဲ၌နေသော ငါးရှဉ့်ကြီးများမှာ ခြောက်ပေကျော်ထိ ရှည်လျားသည်။

**ငါးရှဉ့်စားဖွယ်စုံ**

ငါးရှဉ့်သည် ရေသတ္တဝါများထဲတွင် အခြားသတ္တဝါများထက်ပိုပြီး အရသာရှိသဖြင့် မြန်မာတို့သည် ငါးရှဉ့်ကိုကင်၍လည်းကောင်း၊ ချက်၍လည်းကောင်း စားကြသည်။ ထူးခြားချက်မှာ ငါးရှဉ့်သွေးကို အရက်ထဲထည့်သောက်လျှင်အမျိုးသားများအတွက် အင်အားတိုးပွားစေသည်ဟု တရုတ်လူမျိုးများက ယူဆကြသည်။ ထိုမျှမက ငါးရှဉ့်အသားသည် သည်းခြေကိုနိုင်ပြီး ဝမ်းမီးတောက်စေ၏။ လူကြိုက်များသည့် ငါးရှဉ့်ဟင်းလျာများမှာ ငါးရှဉ့်ခြောက်စပ်၊ ငါးရှဉ့်ချဉ်စပ်၊ ငါးရှဉ့်မြေအိုး၊ ငါးရှဉ့်ပင်စိမ်းချက်၊ ငါးရှဉ့်ဖက်ကဖောင်း၊ ငါးရှဉ့်ဆူရှီ၊ ငါးရှဉ့်တန်ပူရာကြော်တို့ဖြစ်ကြသည်။ ငါးရှဉ့်မှာ အရသာထူးခြားလှပြီး စီးပွားရေးအရ အရေးပါသောငါးတစ်မျိုးဖြစ်သည်။

**ငါးရှဉ့်စားခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများ**

ငါးရှဉ့်သည် ပရိုတင်းဓာတ်ပါဝင်မှုများပြီး သတ္တုဓာတ်၊ ဗီတာမင်ဓာတ်များလည်း ပါဝင်သည်။ အထူးသဖြင့် ငါးရှဉ့်စားလျှင် သွေးအားကောင်းသည်။

**ပရိုတင်းဓာတ်ကြွယ်ဝခြင်း**

ငါးရှဉ့်သည် မျက်လုံးကျန်းမာရေးနှင့် အာရုံကြောအားကောင်းမွန်ပြီး ပရိုတင်းဓာတ်ကြွယ်ဝကာ ဟော်မုန်းနှင့် ဦးနှောက်သွေးဖိအားများကို ထိန်းညှိပေးသည်။ ငါးရှဉ့်စားပေးလျှင် ဦးနှောက်ထဲတွင် သွေးခဲခြင်းကို လျော့ပါးစေသည်။

**ကယ်လိုရီပါဝင်မှုများခြင်း**

ငါးရှဉ့်တွင် ကယ်လိုရီပါဝင်မှုမှာ များသည်။ ငါးရှဉ့်ဟင်းလျာသည် လူတို့တစ်ရက်တာ ခန္ဓာကိုယ်လှုပ်ရှားရန်လိုအပ်သော ကယ်လိုရီပမာဏများပါဝင်သည်။ ထို့ကြောင့် ငါးရှဉ့်ကို ထမင်းဖြူနှင့် စားသုံးလျှင် ကာဗိုဟိုက်ဒရိတ်ဓာတ်များ အများကြီးပါဝင်သောကြောင့် ကိုယ်အလေးချိန်ကို တက်စေသည်။

**သံဓာတ်ကြွယ်ဝခြင်း**

ငါးရှဉ့်သည် ခန္ဓာကိုယ်ထဲတွင် သံဓာတ်များအောင်ကူညီပေးသည်။ သံဓာတ်လုံလောက်မှုမရှိလျှင် လူ့ခန္ဓာကိုယ်ထဲ၌ သွေးနီဥများနည်းပါးသည့်အပြင် ခေါင်းမူး၊ ခေါင်းကိုက်၊ သွေးအားနည်းခြင်းရောဂါများ ခံစားရနိုင်သည်။ ငါးရှဉ့်သည် ဟင်းနုနယ်ရွက်၊ ကြက်အသည်းနှင့် ပြည်ကြီးငါးကဲ့သို့ သံဓာတ်ကြွယ်ဝသည်။

**Phosphorus ဓာတ်ကြွယ်ဝခြင်း**

အရိုးများပွပြီး အရိုးပါးရောဂါဖြစ်မည်ကို စိုးရိမ်နေသူများအတွက် ငါးရှဉ့်ကို များများစားပေးသင့်သည်။ ငါးရှဉ့်တွင် နွားနို့၊ ဒိန်ချဉ်တို့ကဲ့သို့ အရိုးကို သန်မာစေသော **Phosphorus** ဓာတ်ပါဝင်သည်။

**ငါးရှဉ့်၏ ကျန်းမာရေးဘေးထွက်ဆိုးကျိုး**

တန်ဆေးလွန်ဘေးဆိုသကဲ့သို့ ငါးရှဉ့်ကို အလွန်အကျွံစားခြင်းသည်လည်းမကောင်းပေ။ သွေးထဲတွင် မကောင်းသော ကိုလက်စထရော မြင့်နေသူများ ငါးရှဉ့်ကိုမစားသင့်ပေ။ အထူးသဖြင့် ကိုလက်စထရော မြင့်တက်မှုကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါရှိသူများလည်း မစားသင့်ပေ။ ငါးရှဉ့်သည် အဆီဓာတ်လည်း ပါဝင်မှုမြင့်မားသောကြောင့် ချင့်ချိန်၍ စားသုံးသင့်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ငါးရှဉ့်သည် အခြားငါးများထက် အရသာလေးလေးပင်ပင်ရှိသောကြောင့် လူကြိုက်များသည်။ ထို့ပြင် ငါးရှဉ့်၏သဘာဝမှာလည်း ထူးခြားသည်။ ငါးရှဉ့်သည် ကျန်းမာရေးအတွက်လည်း ကောင်းကျိုး ပြုသည့်အပြင် မွေးမြူရေးတွင်လည်း အောင်မြင်နေသော ဈေးကွက်ဝင်ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**


- **မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၃)**
- **ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၂)**
- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**


# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ရေဦး ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၅၈၄၉ ဧက၊ မိုးပဲတီစိမ်း ၁၇၆၉၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ဧက ၂၁၉၀၊ မိုးပဲတီစိမ်း ၁၂၉၆၄ ဧက စုစုပေါင်း ၁၅၁၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မိုးကြိုပဲတီစိမ်းနဲ့မိုးပဲတီစိမ်း ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိတယ်”ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးကြိုပဲတီစိမ်းနှင့် မိုးပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)

# ၂၀၂၄ ခုနှစ် ပြင်သစ်အိုလံပစ်ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရသည့် အမျိုးသားနှင့် အမျိုးသမီးဘောလုံးအသင်းများ




အိုလံပစ်အားကစားပွဲတော်ကို ၁၉၈၆ ခုနှစ် ဂရိနိုင်ငံ အေသင်မြို့မှာ ပထမဆုံးကျင်းပခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပခဲ့တာဖြစ်ပြီး နောက်ဆုံးကျင်းပခဲ့တာကတော့ ၂၀၂၁ ခုနှစ် ဂျပန်နိုင်ငံ တိုကျိုမြို့မှာဖြစ်ပါတယ်။ အခုပြိုင်ပွဲကိုတော့ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့တာဖြစ်ပြီး ဇူလိုင် ၂၆ ရက်ကနေ ဩဂုတ် ၁၁ ရက်ထိ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ပြင်သစ်မှာကျင်းပမဲ့ အိုလံပစ်အားကစားပြိုင်ပွဲတွေထဲက ပရိသတ် စိတ်ဝင်စားမှုများတဲ့ ဘောလုံးအားကစားမှာ အမျိုးသားနဲ့ အမျိုးသမီး ပြိုင်ပွဲနှစ်ရပ် ပါဝင်နေတာကိုတွေ့ရမှာပါ။ အမျိုးသားပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှာ အုပ်စုပွဲစဉ်တွေ စတင်မှာဖြစ်သလို ဩဂုတ် ၉ ရက်မှာ ဗိုလ်လုပွဲ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၂၅ ရက်မှာ စတင်မှာဖြစ်ပြီး ဩဂုတ် ၁၀ ရက်မှာ ဗိုလ်လုပွဲကျင်းပသွားမှာပါ။

**အမျိုးသားအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရအသင်းများ**

အမျိုးသားအိုလံပစ်ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ကိုတော့ အာရှဇုန်၊ ဥရောပဇုန်၊ အာဖရိကဇုန်၊ တောင်အမေရိကဇုန်၊ မြောက်အမေရိကဇုန်၊ သမုဒ္ဒရာပိုင်းဇုန်တွေထဲက အသင်း ၁၅ သင်းကို ပါဝင်ခွင့်ပြုခဲ့တာဖြစ်ပြီး အိမ်ရှင်နိုင်ငံတစ်သင်းနဲ့ဆို အသင်း ၁၆ သင်း ယှဉ်ပြိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။

**အာရှဇုန်**

အာရှဇုန်မှာတော့ အိုလံပစ်ပြိုင်ပွဲအတွက် ဝင်ခွင့်နေရာလေးနေရာရရှိထားပေမဲ့ သုံးနေရာသာ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး ကျန်တစ်နေရာကတော့ အာဖရိကဇုန်ကအသင်းတစ်သင်းနဲ့ Play-off ယှဉ်ပြိုင်ကစားရတာဖြစ်ပါတယ်။ အာရှဇုန်မှာ တိုက်ရိုက်ဝင်ခွင့်ရခဲ့တဲ့ အသင်းတွေကတော့ ၂၀၂၄ ခုနှစ် ဧပြီ ၁၅ ရက်ကနေ မေ ၃ ရက်နေ့ထိကျင်းပခဲ့တဲ့ ယူ-၂၃ အာရှဖလား ပြိုင်ပွဲမှာ ပထမ၊ ဒုတိယနဲ့ တတိယရတဲ့ အသင်းသုံးသင်းက ရရှိခဲ့တာကို တွေ့ရမှာပါ။ ၂၀၂၄ ခုနှစ် ယူ-၂၃အာရှဖလားပြိုင်ပွဲကို ကာတာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်ကိုတော့ ဂျပန်နဲ့ အီရတ်၊ အင်ဒိုနီးရှားနဲ့ ဥဇဘတ်ကစ္စတန်အသင်းတို့ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ဂျပန်နဲ့ ဥဇဘက်ကစ္စတန်အသင်းက ဗိုလ်လုပွဲရောက်ရှိခဲ့ပြီး ဂျပန်အသင်းက တစ်ဂိုး၊ဂိုးမရှိနဲ့ အနိုင်ရခဲ့လို့ ဆုဖလားဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ တတိယနေရာလုပွဲစဉ်ကိုတော့ အီရတ်နဲ့ အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ခဲ့ရပြီး အီရတ်အသင်းက အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အာရှဇုန်မှာ ဂျပန်၊ ဥဇဘက်ကစ္စတန်၊ အီရတ်အသင်းတို့ အိုလံပစ်ပြိုင်ပွဲ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။

**ဥရောပဇုန်**

ဥရောပဇုန်ကတော့ အိုလံပစ်ပြိုင်ပွဲဝင်ခွင့် သုံးနေရာရရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ယူ-၂၁ ယူရိုပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယရတဲ့အသင်းတွေက ယှဉ်ပြိုင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ ၂၀၂၃ ခုနှစ် ယူ-၂၁ ယူရိုပြိုင်ပွဲကိုတော့ ဇွန် ၂၁ ရက်ကနေ ဇူလိုင် ၈ ရက်ထိ ဂျော်ဂျီယာနဲ့ ရိုမေးနီးယားနိုင်ငံတို့မှာ ပူးတွဲကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကို အစ္စရေးနဲ့ အင်္ဂလန်၊ စပိန်နဲ့ယူကရိန်းအသင်းတို့ တက်ရောက်ခဲ့ပြီး အင်္ဂလန်နဲ့ စပိန်အသင်းက ဗိုလ်လုပွဲရောက်ခဲ့တာဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာ အင်္ဂလန်အသင်းက တစ်ဂိုး၊ ဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ အိုလံပစ်ပြိုင်ပွဲမှာ ဗြိတိန်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်လို့ အင်္ဂလန်အသင်းဟာ မြောက်အိုင်ယာလန်၊ ဝေးလ်၊ စကော့တလန်အသင်းတို့ရဲ့ သဘောတူညီမှုမရခဲ့တာကြောင့် ပါဝင်ခွင့်မရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ဆီမီးတက်ရောက်ခဲ့တဲ့ အစ္စရေးနဲ့ ယူကရိန်းအသင်းတို့ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး စပိန်၊ အစ္စရေး၊ ယူကရိန်းအသင်းတို့ အိုလံပစ်ပြိုင်ပွဲကစားခွင့်ရခဲ့တာဖြစ်ပါတယ်။

**အာဖရိကဇုန်**

အာဖရိကဇုန်ကလဲ အိုလံပစ်ဝင်ခွင့်သုံးနေရာ တိုက်ရိုက်ဝင်ခွင့်နဲ့ ကျန်တစ်နေရာကတော့ အာရှဇုန်ကတစ်သင်းနဲ့ play-off ကစားရမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် ယူ-၂၁ အာဖရိကဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်ကို မော်ရိုကိုနဲ့မာလီ၊ အီဂျစ်နဲ့ဂီနီအသင်းတို့ တက်ရောက်ခဲ့ပြီး အီဂျစ်နဲ့ မော်ရိုကိုအသင်းတို့ ဗိုလ်လုပွဲကစားခဲ့ရတာဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာ မော်ရိုကိုအသင်းက အီဂျစ်အသင်းကို နှစ်ဂိုး၊တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ဆုဖလားရရှိခဲ့ကာ တတိယနေရာလုပွဲမှာ မာလီအသင်းက ဂီနီအသင်းကို အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မော်ရိုကို၊ အီဂျစ်၊ မာလီအသင်းတို့ အိုလံပစ်ဝင်ခွင့်ရခဲ့ပြီး ဂီနီအသင်းကတော့ အာရှဇုန်က အင်ဒိုနီးရှား အသင်းနဲ့ play-off ကစားခဲ့ရတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဂီနီ အသင်းက တစ်ဂိုး၊ဂိုးမရှိနဲ့အနိုင်ရခဲ့လို့ အာဖရိကဇုန်က အသင်းလေးသင်းထိ အိုလံပစ်ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။

**တောင်အမေရိကဇုန်**

တောင်အမေရိကဇုန်ကတော့ ဝင်ခွင့်နှစ်နေရာရရှိထားပြီး၂၀၂၄ ခုနှစ် အိုလံပစ်ပြိုင်ပွဲ ခြေစစ်ပွဲကို အသင်း ၁၀ သင်းက အုပ်စုနှစ်ခုခွဲပြီး ယှဉ်ပြိုင်ခဲ့ရတာကိုတွေ့ရမှာပါ။ အုပ်စုတစ်ခုမှာ ပထမနဲ့ဒုတိယနေရာကအသင်းတွေက နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးအုပ်စု အဆင့်မှာတော့ အသင်းလေးသင်း ပတ်လည်ကစားခဲ့ရပြီး အုပ်စုပထမနဲ့ ဒုတိယနေရာရခဲ့တဲ့ ပါရာဂွေးနဲ့ အာဂျင်တီးနားအသင်းတို့က အိုလံပစ် ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။

**မြောက်အမေရိကဇုန်**

မြောက်အမေရိကဇုန်ကလဲ အိုလံပစ်ဝင်ခွင့် နှစ်နေရာသာ ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာ ၂၀၂၂ ခုနှစ် ယူ-၂၁ ကွန်ကာကပ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲ တက်ရောက်ခဲ့တဲ့အသင်းနှစ်သင်းက အိုလံပစ်ပြိုင်ပွဲကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပြိုင်ပွဲကိုတော့ ၂၀၂၂ ခုနှစ် ဇွန် ၁၈ ရက်ကနေ ဇူလိုင် ၃ ရက်ထိ ဟွန်ဒူးရပ်စ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့တာဖြစ်ပြီး ဗိုလ်လုပွဲကို အမေရိကန်နဲ့ ဒိုမီနီကန်အသင်းတို့ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ အမေရိကန်အသင်းက ဒိုမီနီကန်အသင်းကို ခြောက်ဂိုး၊ဂိုးမရှိနဲ့အနိုင်ရခဲ့ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့တာကိုတွေ့ရမှာပါ။

**သမုဒ္ဒရာပိုင်းဇုန်**

သမုဒ္ဒရာပိုင်းဇုန်မှာ အိုလံပစ်ဝင်ခွင့်တစ်နေရာရရှိခဲ့ပြီး အိုလံပစ် ပြိုင်ပွဲဝင်ခွင့်အတွက် ခြေစစ်ပွဲကို နယူးဇီလန်နိုင်ငံက ၂၀၂၃ ခုနှစ် ဩဂုတ် ၂၇ ကနေ စက်တင်ဘာ ၉ ရက်ထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ပြိုင်ပွဲဝင်အသင်းရှစ်သင်းကို အုပ်စုနှစ်ခုခွဲ ကစားခဲ့ရပြီး အုပ်စုပထမနဲ့ ဒုတိယနေရာရတဲ့ အသင်းတွေနဲ့ ဆီမီးဖိုင်နယ်အဆင့်ယှဉ်ပြိုင်ရတာကိုတွေ့ရမှာပါ။ ဆီမီးဖိုင်နယ်အဆင့်မှာ နယူးဇီလန်နဲ့ဖီဂျီအသင်းတို့ အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲကစားခဲ့ရာမှာ နယူးဇီလန်အသင်းက ဖီဂျီအသင်းကို ကိုးဂိုး၊ ဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့တာ ဖြစ်ပါတယ်။

အမျိုးသားအိုလံပစ်ပြိုင်ပွဲမှာတော့ အာရှဇုန်က ဂျပန်၊ ဥဇဘက်ကစ္စတန်နဲ့အီရတ်အသင်း၊ ဥရောပဇုန်က စပိန်၊ အစ္စရေးနဲ့ ယူကရိန်းအသင်း၊ အာဖရိကဇုန်က မော်ရိုကို၊ အီဂျစ်၊ မာလီနဲ့ဂီနီအသင်း၊ တောင်အမေရိကဇုန်က ပါရာဂွေးနဲ့အာဂျင်တီးနား၊ မြောက်အမေရိကဇုန်က အမေရိကန်နဲ့ ဒိုမီနီကန်အသင်း၊ သမုဒ္ဒရာပိုင်းဇုန်က နယူးဇီလန်အသင်း၊ အိမ်ရှင်ပြင်သစ်အသင်းအပါအဝင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းနဲ့ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဲဒီ ၁၆ သင်းကို အုပ်စုလေးခုခွဲပြီး အုပ်စုတစ်ခုကို အသင်းလေးသင်းနဲ့ ဇူလိုင် ၂၄ ရက်မှာ အုပ်စုပွဲစဉ်တွေ စတင်ကစားမှာဖြစ်ပါတယ်။

**အမျိုးသမီးအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရအသင်းများ**

အမျိုးသမီးပြိုင်ပွဲမှာတော့ အသက်ကန့်သတ်ချက်မရှိတော့ဘဲ အာရှဇုန်က နှစ်သင်း၊ ဥရောပဇုန်ကနှစ်သင်း၊ အာဖရိကဇုန်ကနှစ်သင်း၊ တောင်အမေရိကဇုန်ကနှစ်သင်း၊ မြောက်အမေရိကဇုန်က နှစ်သင်း၊ သမုဒ္ဒရာပိုင်းဇုန်က တစ်သင်း၊ အိမ်ရှင်နိုင်ငံတစ်သင်း စုစုပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။

အာရှဇုန်မှာတော့ ၂၀၂၄ ခုနှစ် အိုလံပစ်ခြေစစ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်ကနေ ၂၈ ရက်ထိ ကျင်းပခဲ့တာဖြစ်ပြီး ပထမအဆင့်၊ ဒုတိယ အဆင့်၊ တတိယအဆင့်ဆိုပြီး အဆင့်ဆင့်ကစားခဲ့ရတာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကို တက်ရောက်ခဲ့တာကတော့ ဥဇဘက်ကစ္စတန်နဲ့ ဩစတြေးလျ၊ မြောက်ကိုရီးယားနဲ့ ဂျပန်အသင်းတို့ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားခဲ့ရာမှာ ဩစတြေးလျအသင်းနဲ့ ဂျပန်အသင်း ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ ဥရောပဇုန်ကတော့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်ကနေ ၂၈ ရက်ထိကျင်းပခဲ့တဲ့ ဥရောပနေးရှင်း လိဂ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့အသင်းတွေက အိုလံပစ်ယှဉ်ပြိုင် ခွင့်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဗိုလ်လုပွဲကို စပိန်အမျိုးသမီးအသင်းနဲ့ ပြင်သစ်အမျိုးသမီးအသင်းတို့ တက်ရောက်ခဲ့ပြီး စပိန်အသင်းက ချန်ပီယံဆု ဆွတ်ခူးခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ် မှာ ပြင်သစ်အမျိုးသမီးအသင်းဟာ အိမ်ရှင်ဖြစ်တာကြောင့် ဝင်ခွင့်တစ်နေရာကို တတိယလုပွဲမှာ နယ်သာလန်ကို အနိုင်ရခဲ့တဲ့ ဂျာမနီအမျိုးသမီးအသင်းက ရရှိခဲ့တာဖြစ်ပါတယ်။

အာဖရိကဇုန်ကလဲ ၂၀၂၄ ခုနှစ် အိုလံပစ်ခြေစစ်ပွဲစဉ်ကို ဧပြီ ၅ ရက်နေ ဧပြီ ၉ ရက်ထိ နောက်ဆုံးအဆင့် ကျင်းပခဲ့တာဖြစ်ပါတယ်။ ခြေစစ်ပွဲကိုတော့ ပထမဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထ အဆင့်ဆိုပြီး အဆင့်လေးဆင့်ထိကစားခဲ့ရပြီး နောက်ဆုံးအဆင့်မှာ အနိုင်ရခဲ့တာကတော့ ဇမ်ဘီယာအမျိုးသမီးအသင်းနဲ့ နိုင်ဂျီးရီးယားအမျိုးသမီး အသင်းတို့ဖြစ်ပါတယ်။ တောင်အမေရိကဇုန်ကတော့ ၂၀၂၂ ခုနှစ် အမျိုးသမီး ကိုပါအမေရိက ဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့နှစ်သင်းက အိုလံပစ်ယှဉ်ပြိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ပြိုင်ဝင်အသင်း ၁၀ သင်းကို အုပ်စုနှစ်ခုခွဲ ကစားခဲ့တာဖြစ်ပြီး အုပ်စုပထမနဲ့ ဒုတိယနေရာ အသင်းတွေက ဆီမီးဖိုင်နယ်ကစားခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ ဆီမီးဖိုင်နယ်မှာ ကိုလံဘီယာ နဲ့အာဂျင်တီးနား၊ ဘရာဇီးနဲ့ပါရာဂွေးအသင်းတို့ တွေ့ဆုံခဲ့ပြီး ကိုလံဘီယာအသင်းနဲ့ ဘရာဇီးအသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာတော့ ဘရာဇီးအမျိုးသမီးအသင်းက တစ်ဂိုး၊ ဂိုးမရှိနဲ့ အနိုင်ရ ခဲ့တာကိုတွေ့ရမှာပါ။

မြောက်အမေရိကဇုန်မှာတော့ ၂၀၂၂ ခုနှစ် အမျိုးသမီးကွန်ကာကပ် ဖလားပြိုင်ပွဲကို မက္ကဆီကိုနိုင်ငံမှာ ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်နေ ဇူလိုင် ၁၈ ရက်ထိ ကျင်းပခဲ့တာဖြစ်ပါတယ်။ ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့အသင်းက တိုက်ရိုက်ဝင်ခွင့်ရခဲ့ပြီး ဒုတိယနဲ့တတိယနေရာက အသင်းနှစ်သင်းက Play-off ကစားပြီးမှ အနိုင်ရတဲ့အသင်းက အိုလံပစ်ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပြိုင်ပွဲကိုတော့ ပြိုင်ပွဲဝင်အသင်းရှစ်သင်းကို အုပ်စု နှစ်ခုခွဲ ယှဉ်ပြိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပြိုင်ပွဲမှာ အမေရိကန်နဲ့ ကနေဒါအသင်းတို့ ဗိုလ်လုပွဲရောက်ခဲ့ပြီး အမေရိကန်အမျိုးသမီးအသင်း ဆုဖလားရခဲ့တာ ဖြစ်ပါတယ်။ ဒုတိယရခဲ့တဲ့ ကနေဒါအသင်းနဲ့ တတိယ နေရာက ဂျမေကာအသင်းတို့ကတော့ Play-off ကစားခဲ့ရပြီး ကနေဒါ အသင်းကအနိုင်ရခဲ့လို့ ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ သမုဒ္ဒရာပိုင်းဇုန် ကတော့ ဝင်ခွင့်တစ်နေရာအတွက် ပြိုင်ပွဲဝင်အသင်းရှစ်သင်းကို ဖေဖော်ဝါရီ ၇ ရက်ကနေ ၁၉ ရက်ထိ ခြေစစ်ပွဲကစားခဲ့ရပြီး နယူးဇီလန်နဲ့ ဆော်လမွန်ကျွန်းစုအသင်းတို့ နောက်ဆုံးအဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နယူးဇီလန်အသင်းက ဆော်လမွန်ကျွန်းစုအသင်းကို ၁၁ ဂိုး၊ တစ်ဂိုးနဲ့ အနိုင်ရခဲ့လို့ အိုလံပစ်ယှဉ်ပြိုင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။

၂၀၂၄ ခုနှစ် အမျိုးသမီးအိုလံပစ်ပြိုင်ပွဲမှာတော့ အာရှဇုန်က ဂျပန်နဲ့ဩစတြေးလျ ၊ ဥရောပဇုန်က စပိန်နဲ့ဂျာမနီ၊ အာဖရိကဇုန်က ဇမ်ဘီယာနဲ့ နိုင်ဂျီးရီးယား၊ တောင်အမေရိကဇုန်က ဘရာဇီးနဲ့ကိုလံဘီယာ၊ မြောက်အမေရိကဇုန်က အမေရိကန်နဲ့ကနေဒါ၊ သမုဒ္ဒရာပိုင်းဇုန်က နယူးဇီလန်အသင်း၊ အိမ်ရှင် ပြင်သစ်အသင်းတို့အပါအဝင် ပြိုင်ပွဲဝင် အသင်း ၁၂ သင်းကို အုပ်စုသုံးခုခွဲပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်မှာ အဖွင့်ပွဲစဉ်တွေ ယှဉ်ပြိုင်သွားမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# စထရမ်ဘိုလီကျွန်းပေါ်တွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားနေသဖြင့် လာရောက်လည်ပတ်သည့် ခရီးသွားများ သတိပြုသွားလာကြရန် အီတလီအစိုးရအာဏာပိုင်များက တိုက်တွန်း



**ရောမ ဇူလိုင် ၁၉**

အီတလီနိုင်ငံတောင်ပိုင်းရှိ စထရမ်ဘိုလီကျွန်းပေါ်တွင် မီးတောင်ပေါက်ကွဲမှု ဆက်လက်ဖြစ်ပွားနေသဖြင့် ကျွန်းပေါ်သို့လာရောက်လည်ပတ်သည့် ခရီးသွားများ သတိပြုသွားလာကြရန် အီတလီအစိုးရအာဏာပိုင်များက တိုက်တွန်းထားကြောင်း ယနေ့သတင်းများအရ သိရသည်။

စစ္စလီမီးတောင်ကျွန်းများထဲတွင် တစ်ကျွန်းအပါအဝင်ဖြစ်သော စထရမ်ဘိုလီ မီးတောင်သည် ယခုလအစောပိုင်းက ပေါက်ကွဲမှုအသေးစားများစတင်ဖြစ်ပွားခဲ့ကာ ဇူလိုင် ၁၁ ရက်တွင် ရုတ်တရက်ပြင်းထန်စွာပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အီတလီအစိုးရအာဏာပိုင်များက အန္တရာယ်ရှိမှုကို အနီရောင်အဆင့်သို့ မြှင့်တင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဒီမှာနေလာတာ ၃၉ နှစ်ရှိပြီ။ ဒီမီးတောင်တွေရဲ့အကြောင်းကိုလဲ တော်တော်သိနေပါပြီ။ ဒီလိုအဖြစ်အပျက်မျိုး မကြာခဏကြုံဖူးပါတယ်။ ဒါပေမဲ့ မကြာသေးခင်က မီးတောင်က နည်းနည်းတော့ ပြောင်းလဲသွားတယ်။ ဒါကို ကျွန်တော်တို့သတိထားမိပါတယ်"ဟု စထရမ်ဘိုလီကျွန်း အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကို အနီးကပ်ကြည့်ရှုရန် ရွေးချယ်ထားသည့် ခရီးသွားများအနေဖြင့် အချို့သောအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပြီး ကြောက်ရွံ့တတ်သူများအနေဖြင့် အဆိုပါခရီးစဉ်မျိုးကို မရွေးချယ်သင့်ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : AZH**

# တောင်ကိုရီးယားနိုင်ငံတွင် မိုးသက်လေပြင်းကျရောက်လျက်ရှိပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေ

**ဆိုးလ် ဇူလိုင် ၁၉**

တောင်ကိုရီးယားနိုင်ငံတွင် မိုးသက်လေပြင်းကျရောက်လျက်ရှိပြီး ဆိုးလ်မြို့အပါအဝင် ဒေသတချို့၌ ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း တောင်ကိုရီးယားအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးရွာသွန်းနှုန်းမှာလည်း ၃၀၀ မီလီမီတာထိ ရောက်ရှိနေသည့်အတွက် လမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှလေကြောင်းခရီးစဉ် ၂၄ ခုကို ယာယီဆိုင်းငံ့ထားကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆိုးလ်မြို့နဲ့ အနီးတစ်ဝိုက်ဒေသတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုအခြေအနေကိုလဲ အချိန်ပြည့် စောင့်ကြည့်နေပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားဖို့လဲ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့အတွက် တပ်ဖွဲ့ဝင်တချို့လဲ ရောက်ရှိနေပြီဖြစ်ပါတယ်"ဟု တောင်ကိုရီးယား တပ်မတော်မှ အရာရှိတစ်ဦးဖြစ်သူ လီချန်ဟောင်က ပြောကြားခဲ့သည်။



ဆိုးလ်မြို့တွင် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရပြီး အန္တရာယ်ရှိသည့် အခြေအနေကြောင့် ရေလွှမ်းနေသောလမ်းများကို ဖြတ်သန်းသွားလာခြင်းမပြုရန်လည်း သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ပြင် ရေလွှမ်းမှုကြောင့် ဆိုးလ်မြို့ရှိ မီးရထားခရီးစဉ်တချို့ကိုလည်း ယာယီရပ်ဆိုင်းထားသည့်အတွက် လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲရှိနေကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ကနေဒါနိုင်ငံ ပရင်စီတန်မြို့တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် ပြင်ဆင်ထားရန် ညွှန်ကြား

**အော့တဝါ ဇူလိုင် ၁၉**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ပရင်စီတန်မြို့တောင်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသည့် တောမီးသည် လူနေအိမ်များသို့ ကူးစက်လာနိုင်သောကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီ မိနစ် ၃၀ ခန့်မှ စတင်၍ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အပူချိန်မြင့်တက်နေခြင်းကြောင့် တောမီးလောင်ကျွမ်းမှုမှာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းလည်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်ဧရိယာမှာ ၂၅ ဧကထိ ရှိနေပြီး လူနေအိမ်များသို့ အချိန်မရွေး ကူးစက်လာနိုင်သည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုဟာ မြောက်ဘက်ပိုင်းဧရိယာတွေဆီကို ဦးတည်ပြီး လောင်ကျွမ်းနေတယ်။ ပရင်စီတန်မြို့ထဲကိုလဲ ကူးစက်လောင်ကျွမ်းလာနိုင်တဲ့အတွက် တောမီးကို အမြန်ဆုံးထိန်းချုပ်ပေးနိုင်ဖို့ ကြိုးစားနေပါတယ်။ မိုးလေဝသအခြေအနေကြောင့်လဲ တောမီးဟာ ထိန်းချုပ်ရခက်တဲ့ အခြေအနေမျိုးဖြစ်နေတာပါ။ တောမီးကူးစက်လာနိုင်တဲ့ ဧရိယာတွေမှာနေထိုင်တဲ့ ဒေသခံတွေအနေနဲ့တော့ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါလိမ့်မယ်"ဟု ဗြိတိသျှ ကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

တောမီးကူးစက်လာနိုင်သည့် နေရာသုံးနေရာထိရှိနေပြီး အဆိုပါနေရာသုံးနေရာအတွင်း နေထိုင်သောဒေသခံများကို ကြိုတင်ပြင်ဆင်မှုပြုလုပ်ထားရန် ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးနေပြီး တောမီးငြိမ်းသတ်နေသည့် မီးသတ်ဝန်ထမ်းများကိုလည်း တာဝန်ရှိသူများက ရဟတ်ယာဉ်ပေါ်မှ ညွှန်ကြားမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တရုတ်နိုင်ငံရှိ မြစ်ဝါမြစ်၏ မြစ်လက်တက်ဖြစ်သည့် ဝီဟီမြစ်တွင် မြစ်ရေလျှံတက်မှု ဖြစ်ပွားနေ

**ပေကျင်း ဇူလိုင် ၁၉**

တရုတ်နိုင်ငံ၏ အဓိကမြစ်တစ်စင်းဖြစ်သည့် မြစ်ဝါမြစ်၏ အကြီးဆုံးသော မြစ်လက်တက်ဖြစ်သည့် ဝီဟီမြစ်တွင် မြစ်ရေလျှံတက်မှုဖြစ်ပွားနေကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိသည်။

မြစ်ဝါမြစ်၏ မြစ်လက်တက်ဖြစ်သည့် ဝီဟီမြစ်၌ မြစ်ရေလျှံတက်မှု စတင်နေသည့်အတွက် အဆိုပါ မြစ်လက်တက်အနီးရှိ ဒေသများကို ရေဘေးအန္တရာယ်စောင့်ကြည့်သွားရန်လည်း သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ယခုနှစ်အတွင်း ပထမဦးဆုံးသော မြစ်ရေလျှံတက်မှုဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၎င်းမြစ်နှင့်နီးကပ်သည့် ဒေသများတွင် ဆိုးရွားသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

ဝီဟီမြစ်တွင် မြစ်ရေပမာဏမြင့်တက်နေမှုမှာ တစ်စက္ကန့်လျှင် ၃၀၀၀ ကုဗမီတာထိ ရှိနေပြီး လင်တန်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ စီးဆင်းနေသည့်အပိုင်းတွင်မူ မြစ်ရေမြင့်တက်မှုမှာ တစ်စက္ကန့်လျှင် ၃၁၂၀ ကုဗမီတာထိရှိနေကြောင်းလည်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

တရုတ် ရေထုအရင်းအမြစ်ဝန်ကြီးဌာနအနေဖြင့်လည်း မြစ်ရေပမာဏမြင့်တက်မှု အခြေအနေကို အချိန်ပြည့်စောင့်ကြည့်လျက်ရှိပြီး အချိန်နှင့်တစ်ပြေးညီ ရေဘေးအန္တရာယ်သတိပေးချက်များ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

မြစ်ဝါမြစ်၏ မြစ်လက်တက်တွင် မြစ်ရေလျှံတက်မှု စတင်နေပြီဖြစ်သည့်အတွက် မြစ်ဝါမြစ်တွင်လည်း မြစ်ရေလျှံတက်မှုဖြစ်ပေါ်လာနိုင်ခြင်းကြောင့် မြစ်ဝါမြစ်တွင် မြစ်ရေလျှံတက်မှု သတိပေးချက်အဆင့်(၄)အဖြစ် သတ်မှတ်ကြောင်း တရုတ် ရေထုအရင်းအမြစ်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ် ရေကြီးရေလျှံမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားပါးမှု တိုက်ဖျက်ရေးအဖွဲ့အစည်းကလည်း ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်မှုအခြေအနေကို အချိန်ပြည့်စောင့်ကြည့်နေပြီး ကယ်ဆယ်ရေးဝန်ထမ်းတချို့ကိုလည်း ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်သည့် ဒေသများသို့ စေလွှတ်ထားကြောင်း ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ချီလီနိုင်ငံမြောက်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်တချို့ ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့

**ဆန်တီယာဂို ဇူလိုင် ၁၉**

ချီလီနိုင်ငံ မြောက်ပိုင်းတွင် ဇူလိုင် ၁၈ ရက် ညနေပိုင်းက ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်တချို့ပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ကြောင်း ချီလီအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ချီလီနိုင်ငံမြောက်ပိုင်း သဲကန္တာရအစွန်းရှိ ခရီးသွားအချက်အချာဒေသတစ်ခုဖြစ်သော ဆန်ပီဒရိုဒီအက်တာကာမာမြို့ အရှေ့တောင်ဘက် ၄၅ ကီလိုမီတာအကွာ မြေအောက်အနက် ၇၂ မိုင်တွင် ဗဟိုပြု၍ ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့သော်လည်း မြေအောက်အလွန်နက်သော နေရာတွင် လှုပ်ခတ်ခြင်းဖြစ်၍ မြေပြင်ပေါ်တွင် ထိခိုက်ပျက်စီးမှု နည်းနိုင်ကြောင်း ငလျင်ဗေဒဆိုင်ရာအာဏာပိုင်များက ပြောကြားထားသည်။

"ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနဲ့ သိသိသာသာပျက်စီးမှုတွေ မဖြစ်ပေါ်ခဲ့ပါဘူး။ ငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ဖွယ်လဲမရှိပါဘူး"ဟု ချီလီနိုင်ငံသမ္မတ ဂါဘရီရယ်ဘောရစ်က ပြောကြားသွားခဲ့သည်။

ငလျင်လှုပ်ခတ်မှုသည် တာရာပါကာ၊ အန်တိုဖာဂါစတာ၊ အန်တာကာမာ၊ ကိုကွင်းဘို၊ အယ်ရီကာနှင့် ပါရီနာကိုတာ ပြည်နယ်ခြောက်ခုတွင် သိသိသာသာ ခံစားခဲ့ရကြောင်း၊ နောက်ဆက်တွဲငလျင်များလည်း ထပ်မံလှုပ်ခတ်ခဲ့ကြောင်း ချီလီနိုင်ငံအရေးပေါ်ဝန်ဆောင်မှုဌာနက ထုတ်ပြန်ခဲ့သည်။

တိုကိုပီလာမြို့နှင့် ကယ်လာမာမြို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းပိုင်းတစ်နေရာတွင် ကျောက်တုံးများ ပြိုကျခဲ့သဖြင့် အဝေးပြေးလမ်း ပိတ်ဆို့မှုလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**







## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ပိုးတန်း**ရပ်ကွက်၊ အကွက်အမှတ် (**၇/က**)၊ အကွက်အမည် **မြောက်တံခါး**ကွင်း၊ ဦးပိုင်အမှတ် (**၁၂**)၊ ဧရိယာ(**၀.၁၂၀**)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၁၃
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂/ယ၊၃/က၊၃/ခ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၄/ခ၊၁၁/က
(ဃ) မြောက်လားသော် - ကားလမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးအေးကြီး** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **တကောင်း**ရပ်ကွက်၊ အကွက်အမှတ် (**၉/၂၃**)၊ အကွက်အမည် **ပန်းတော**ကွင်း၊ ဦးပိုင်အမှတ် (**၂၀-ခ**)၊ ဧရိယာ(**၀.၁၄၂**)ဧကနှင့် ဦးပိုင်အမှတ် (**၂၀-င**)၊ ဧရိယာ(**၀.၀၃၀**)ဧက၊ စုစုပေါင်း ဧရိယာ(**၀.၁၇၂**)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၂၀-ဃ)
(ခ) အနောက်လားသော်- ဦးပိုင်အမှတ်(၂၁-ခ)
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ချောင်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသောင်းစန်းထွန်း** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## အိတ်ပိတ်တင်ဒါ (Close Tenders) ခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက် လလ/၆၃ (၂၃+၂၄)၊ လလ/၆၁(၁+၂)၁၄၃လမ်း၊ ၅၂လမ်း × ၅၃ လမ်းကြားရှိ Grade Royal Group International Co.,Ltd တွင် အောက်ဖော်ပြပါ ပလတ်စတစ်များ၊ စက္ကူအပျက်များ၊ Closure ပုလင်းဖုံး(ဒန်ဖုံး/ကော်ဖုံးပျက်များ)၊ Flavour ပုံးခွံများ၊ ပုလင်းကွဲ(အဖြူရောင်)၊ ကော်ခြင်းပျက်များ၊ ပလင်းပိုင်အောက်ခံ ကြိတ်ပြား၊ Emp-tyDrum (ကော်ပုံးများ)၊ သံတိုသံစများ စသည့်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ် (လပြတ်)ဖြင့် လစဉ်လတိုင်း ရောင်းချမည်ဖြစ်ပါ၍ တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရန်။

ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့်ရက်အား (၃)ရက်ကြိုတင်အကြောင်းကြားပါမည်။

* တင်ဒါလျှောက်လွှာအား စက်ရုံတွင် အခမဲ့ ထုတ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉-၄၀၂၆၁၀၈၂၈၊ ၀၂-၅၁၅၂၄၄၁

## “ကြော်ငြာစာ”

မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်၊ အရှေ့စောင်းတန်း၊ ဆိုင်ခန်းအမှတ်(၃၅)၊ ဒေါ်တင်စောယုလှိုင် (၉/မရတ(နိုင်)၁၁၇၀၃၉) အမည်ပေါက်သော ဆိုင်ခန်းမှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ စာအုပ်အသစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ရုံးအဖွဲ့မှူး**
**မဟာမုနိဂေါပကအဖွဲ့ရုံး၊ မန္တလေးမြို့။**

## စာအုပ်စာပေ လူ့မိတ်ဆွေ

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စဉ့်ကိုင်မြို့နယ်၊ မိုးကောင်းအုပ်စု၊ ချောင်းပတ်ကျေးရွာနေ ဦးကျော်လွင် ၏သမီး **မခင်ငြိမ်းစုကျော် (၉/စကတ(နိုင်)၀၉၇၅၂၀)** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ (၁၉-၇-၂၀၂၄)ရက်နေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဦးကျော်လွင် (၉/စကတ(နိုင်)၀၂၉၀၈၉)**

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ အ. ထ. က(ပလိပ်)၊ Grade-4တွင် ပညာသင်ကြားနေသော မောင်ညီညီနိုင် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းနောင်ထွန်း ဖြစ်ပါကြောင်း။

**ဦးထွန်းနောင်ထွန်း**
**(၅/မနမ(နိုင်)၀၈၂၈၁၅)**

❖ လက်ရှိ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေး နှင့် လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်း အောင်လုပ်ဆောင်နေသော အဖျက်လုပ်ငန်း များကို ကာကွယ်လျက်ရှိသည့် တပ်မတော်သား များ၊ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်း များ၏ ရှေ့တန်းကျကျ ရဲဝံ့စွန့်စားစွာတာဝန် ထမ်းဆောင်မှုများသည် သမိုင်းဝင်လုပ်ရပ် များဖြစ်. . .

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအစည်းအဝေး (၁/၂၀၂၄)တွင် ရှင်းလင်း တင်ပြမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေ ခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည် ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး တို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုး ဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များ ဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက် ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင် ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုး မှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက် ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေ ရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတိမှတ်

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိ သော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်နှင့် **စာမျက်နှာ ၂၀ ကော်လံ ၁** ❖






## ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံကို တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနားဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော် အလံကို တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

## ထူးခြားသည့် နေ့အပူချိန်များ (၁၉-၇-၂၀၂၄)

| | |
|---|---|
| **ကျောက်ဆည်** | **ရေဦး** |
| ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **တံတားဦး** | **ညောင်ဦး** |
| ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | ၃၆ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| **ချောက်** | **စစ်ကိုင်း** |
| ၃၇ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| **မန္တလေး** | **ရွှေဘို** |
| ၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၇၃၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉